
# ခင်ကာဗု မလေးရှား

# တရားပန်းပွင့်များ

သာမဏေကျော်



သာသနာနှစ် ၂၅၄၂   မြန်မာနှစ် ၁၃၆၀   ခရစ်နှစ် ၁၉၉၉




# စင်ကာပူ မလေးရှား

# ဓမ္မ ခရီးစဉ်များ

**သာမဏေကျော်**

သာသနာနှစ်–၂၅၄၂။ မြန်မာနှစ်–၁၃၆၁။ ခရစ်နှစ်–၁၉၉၉။

စာမူခွင့်ပြုချက် ၅၀၉/၉၉(၈)

မျက်နှာဖုံးခွင့်ပြုချက် ၄၃၅/၉၉(၈)

ပထမအကြိမ် ၁၉၉၉-ခုနှစ်၊ စက်တင်ဘာလ

အုပ်ရေ ၂၀၀၀

တန်ဖိုး ဓမ္မဒါန

မျက်နှာဖုံးဒီဇိုင်း ကိုကြည်စိုး

ထုတ်ဝေသူ ဦးအောင်ကြီး၊ ရွှေပုရပိုက်စာပေ
၅၊ တင့်ဆန်းလမ်း၊ ဥတ္တလစ်၊
ဗဟန်း၊ ရန်ကုန်မြို့။

ပုံနှိပ်သူ(အတွင်း+အဖုံး) ဦးသက်ဝင်း(၀၄၄၄၄)
ဝင်းဝင်းမြတ်အော့ဖ်ဆက်
၈၈၊ ကမ္ဘာအေးစေတီလမ်း၊
ဗဟန်း၊ ရန်ကုန်မြို့။

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | ပြောပြလိုသော သူ့စာနှင့် သူ့အကြောင်း | |
| ၂။ | စက်ဘုပ္ပမှ ဝိပဿနာအောင်လံ | ၁ |
| ၃။ | သနားပေမယ့် ဝမ်းသာမိသည် | ၈ |
| ၄။ | ဇကေရီနှင့် ကိန္နရီ | ၁၄ |
| ၅။ | တရားကယ်ခံရသူ | ၂၁ |
| ၆။ | ပန်းတိုင် | ၂၉ |
| ၇။ | အလိမ်မခံရပါစေနှင့် | ၃၃ |
| ၈။ | ပြည်ပနှင့် မြန်မာ့သာသနာ | ၄၁ |
| ၉။ | ပီနန်ကျွန်း၏ အလှ | ၄၈ |
| ၁၀။ | ပီနန်ကျွန်းမှ ဗုဒ္ဓယဉ်ကျေးမှုသင်တန်း | ၅၅ |
| ၁၁။ | အေးမြလှပါဘိ | ၆၁ |
| ၁၂။ | မလေးရှားမှ ထေရဝါဒဗုဒ္ဓသာသနာ | ၆၈ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၁၃။ | အချိန်ကို မေ့နေကြသူများ | ၇၆ |
| ၁၄။ | ကျောက်တုံးနှင့် တူ | ၈၃ |
| ၁၅။ | ဝမ်းသာစရာ ကရုဏာ | ၉၀ |
| ၁၆။ | နတ်သမီးတွေ များနေမည်။ | ၉၇ |
| ၁၇။ | အမှိုက်ထဲက ရွှေ | ၁၀၄ |
| ၁၈။ | ဟိမဝန္တာ သွားလိုသော ဒေါက်တာ | ၁၁၁ |
| ၁၉။ | စုံတွဲ | ၁၁၉ |
| ၂၀။ | ကြိုးစားတော်မူကြပါလျှင် | ၁၂၅ |
| ၂၁။ | ဗုဒ္ဓဘာသာ ပညာရှိ | ၁၃၂ |
| ၂၂။ | ဆရာသမားတို့၏ နည်း | ၁၃၉ |
| ၂၃။ | တရားနှင့် နေသူ | ၁၄၆ |

# ပြောပြလိုသော သူနှင့် သူ့စာအကြောင်း

ဟိုနား ဒီနား လမ်းဘေး ဝဲယာမှာ သဏ္ဌာန်မျိုးစုံနဲ့ ကြော်ငြာမျိုးစုံကို တွေ့ရတော့ "ခေတ်သစ် ဈေးကွက်စီးပွားရေး စနစ်ရဲ့ မူဟန်တစ်ခုပေပဲ"လို့ မှတ်ချက်ပြုမိရပါတယ်။

ကြော်ငြာများဟာ စီးပွားရေးနယ်ပယ်မှာသာမက ပညာရေး နယ်ပယ်စတဲ့ နေရာ တော်တော်များများထိအောင် ဝင်ရောက် လာတာကို တွေ့ရပြန်တော့လည်း "စီးပွားရေးနဲ့ မကင်းစကောင်း တဲ့ အရာများပေပဲရယ်"လို့ ဖြေသိမ့်တွေး တွေးခဲ့မိပါတယ်။

နောက်များမှာ . . . .

ဘာသာရေးနယ်ထိတိုင် ဝင်ရောက်နေရာယူလာတာကို တွေ့ ရတော့ "ဩော်. . ကြော်ငြာဆိုတာ ကျော်အောင် ညာနေတဲ့ အရာတွေပါလား"လို့ ထင်မြင်ခဲ့မိတဲ့အထိပါပဲ။

ဒီလိုဆိုတော့ "ကြော်ငြာတွေကို မကောင်း မြင်နေသူ တစ်ယောက်ရယ်"လို့ မှတ်ထင်ကောင်းက မှတ်ထင်မှာပါ။

(ခ)

ပြောချင်တာက. . . ဘာသာရေးနယ်ပယ်မှာ အလုပ်ထက် အပြော များနေသူတွေ, ဆိုင်းဘုတ်ကြီးကြီး စိုက်ထူနေသူတွေ, ကျော်အောင် ညာနေတဲ့သူတွေကို တွေ့တွေ့နေရတော့ မချင့်မရဲ ဖြစ်ရသလို တော်ပါလျက် မကျော်ချင်တဲ့သူတွေ, အလုပ်များပြီး အပြော ပါးလျားလှသူတွေကို တွေ့ရပြန်တော့လည်း "သြော်. . တော်ကြပါပေရဲ့"လို့ အားကျချီးကျူးဖြစ်ခဲ့မိရပါတယ် ဆိုတာကို ပါ။

စာရေးသူ အားကျချီးကျူးရတဲ့သူတွေအထဲမှာ သာမဏေ ကျော်ဟာ တစ်ပါး အပါအဝင်ပါ၊ နေ့တဓူဝ စာပေတွေကို ပို့ချ ရင်း, ပြည်ပနိုင်ငံအသီးသီးက ယောဂီများစွာကိုလည်း တရားပြ ရင်း တစ်ဖက်မှာလည်း ဘာသာရေး အသိဉာဏ် အဆင့်အတန်း အမျိုးမျိုး ရှိလေတဲ့ ပုဂ္ဂိုလ်အမျိုးမျိုးနဲ့ ဆီလျော်မယ့် စာပေ အမျိုး မျိုးကိုလည်း မအားလပ်တဲ့ကြားက ကြိုးစားရေးသားနေခြင်းဟာ သာမန်ဖွဲ့လုံ့လရှိသူတို့ အနေနဲ့တော့ ဖြစ်နိုင်မယ် မဟုတ်ပါဘူး။

ဓမ္မစာပန်းခင်းမှာ အရောင်စုံပြီး ရနံ့သင်းတဲ့ ဓမ္မပန်းလေး တွေ မပြတ် ဖူးပွင့်စေခဲ့တဲ့ သာမဏေကျော်ဟာ ခုလည်း စင်္ကာပူ နဲ့ မလေးရှားနိုင်ငံများကို ဓမ္မဒူတခရီး ကြွရောက်ပြီး မြတ်ဗုဒ္ဓ အဆုံးအမ ဒေသနာများကို ဖြန့်ချိခဲ့ရာမှာ တွေ့ကြုံရတဲ့ အတွေ့ အကြုံကလေးများကို အရိုးခံအတိုင်း ရှင်းရှင်းလင်းလင်း ရေး သားတင်ပြထားတာကို ဖတ်ရပြန်ပါတယ်။

(၈)

ဝင့်ဝါမှု မရှိတဲ့ သာမဏေကျော်ရဲ့ နိဝါတတရားကို တွေ့ရသလို စာဖတ်သူအပေါ် ထားတဲ့ သာမဏေကျော်ရဲ့ စေတနာ၊ ဆရာသမားများအပေါ် ရှိသေကိုင်းညွတ်လှတဲ့ သာမဏေကျော်ရဲ့ ဂါရဝတရားနဲ့ နက်ရှိုင်းလှတဲ့ ကျေးဇူးစကားများကိုလည်း အတုယူဖွယ်ရာ တွေ့မြင်ကြရမှာပါ။

အထူးသဖြင့်တော့. . .

ထေရဝါဒ ဗုဒ္ဓသာသနာအပေါ် ထားရှိလေတဲ့ သာမဏေကျော်ရဲ့ အမြင့်မြတ်ဆုံး စေတနာ၊ ဆန္ဒဟာ ဒီစာအုပ်ရဲ့ အလှပဆုံး အနှစ်သာရပဲ ဖြစ်မှာပါ။

ဂါရဝဖြင့်

**ဉာဏ်ဦးမောင်**



# စက်ာပူမှ ဝိပဿနာအောင်လံ

မြန်မာနှင့် စက်ာပူ မတူတာတို့ များစွာ ရှိပါ၏၊ ယခု (၁၇. ၁၁. ၉၇)သည် မြန်မာနိုင်ငံ၌ ဆောင်းရာသီ ဝင်စပြုသည့် အချိန် ဖြစ်၏၊ စက်ာပူ၌ကား မိုးရာသီ ဝင်စပြုနေချိန် ဖြစ်၏၊ မိုးစရွာလာသဖြင့် အင်ဒိုနီးရှားမှ လာသည့် မီးခိုးအန္တရာယ်လည်း ကင်းစင်သွားလေပြီ၊ မိုး၏ ကျေးဇူးကြောင့် စက်ာပူနိုင်ငံသူ, နိုင်ငံသားတို့ မီးခိုးအန္တရာယ် ကင်းစွာဖြင့် သွားလာလှုပ်ရှားနေနိုင်ကြလေပြီ၊ စက်ာပူအချိန်သည်လည်း မြန်မာနိုင်ငံအချိန်နှင့် မတူပါချေ၊ စက်ာပူအချိန်ထက် မြန်မာနိုင်ငံအချိန်သည် တစ်နာရီ မိနစ်(၃၀) စောလေ၏၊ စက်ာပူသည် မြန်မာနိုင်ငံထက် သာသည့် အရာတို့ ရှိသကဲ့သို့ မြန်မာနိုင်ငံသည် စက်ာပူထက် သာသည့် အရာတို့လည်း ရှိကြပါ၏၊ အထင်ရှားဆုံးအရာတို့ကို ထုတ်ပြရလျှင် ဗုဒ္ဓသာသနာနှင့် ပတ်သက်သည့် အရာတို့ ဖြစ်ကြပါ၏။

မြန်မာနိုင်ငံ၌ စာသင်တိုက်ကြီး,ငယ် အသွယ်သွယ်နှင့်. ကမ္မဋ္ဌာန်းဌာနတို့အပြင် စေတီ, ပုထိုးများစွာ ရှိကြပါ၏၊ မြို့တိုင်း, မြို့တိုင်းနှင့် ရွာပေါင်းများစွာတို့၌ တွေ့နိုင်ကြပါ၏၊ ထေရဝါဒ ရဟန်း, သံဃာတို့လည်း များလှပါ၏၊ ဗုဒ္ဓစာပေတွေကို သင်ယူနေကြသည့် ပြည်တွင်း, ပြည်ပသံဃာတော်များ, ဗုဒ္ဓစာပေတွေကို ပို့ချပေးနေကြသည့် သံဃာတော်များ၊ ထို့အတူ သင်ယူ, ပို့ချနေကြသည့် သီလရှင်များ, တရားရိပ်သာတို့၌ တရားရှုမှတ်နေကြသည့် ပြည်တွင်း, ပြည်ပ ရဟန်းယောဂီ, ကိုရင်ယောဂီ, သီလရှင် ယောဂီ, အမျိုးသားယောဂီ, အမျိုးသမီးယောဂီများသည် မြန်မာ နိုင်ငံ၌ များသော်လည်း စက်ာပူ၌ တွေ့ဖို့ ခဲယဉ်းလှပါသည်။

စက်ာပူ၌ မြန်မာဘုန်းကြီးကျောင်း (၃)ကျောင်း ရှိပါ၏၊ ဝိပဿနာ ကမ္မဋ္ဌာန်းဌာန၊ ဗုဒ္ဓဓမ္မမဏ္ဍလအဖွဲ့နှင့် မြန်မာကျောင်း တို့ ဖြစ်ကြပါ၏၊ ဝိပဿနာကမ္မဋ္ဌာန်းဌာနနှင့် ဗုဒ္ဓဓမ္မမဏ္ဍလ အဖွဲ့တို့၌ ဦးဆောင်နေကြသည့် အရှင်ပညာသာမိနှင့် အရှင် ရာဇိန္ဒသည် ပဏ္ဍိတာရာမ ရွှေတောင်ကုန်း သာသနာ့ရိပ်သာ ဆရာတော်၏ တပည့်များ ဖြစ်ကြသည့်အလျောက် မဟာစည် ဆရာတော်ကြီး၏ ဩဝါဒနှင့်အညီ သတိပဋ္ဌာန်တရားတော်များကို ဟောကြားပြသပေးနေကြသည့် အရှင်မြတ်များ ဖြစ်ကြပါ၏၊ အရှင်ပညာသာမိ မရှိခိုက် အရှင်ဉာနုဗ္ဘောတာဘိဝံသက တာဝန်

ယူဆောင်ရှက်ပါ၏၊ အရှင်ရာဇိန္ဒ၌ အကူအညီပေးသည့် အရှင် ဝိမလာစာရာဘိဝံသလည်း ရှိပါ၏၊ မြန်မာကျောင်း၌ကား မြန်မာ ရဟန်းတော် (၃)ပါးသာ ရှိလေ၏၊ ဤမြန်မာဘုန်းကြီးကျောင်း(၃) ကျောင်းအပြင် သီရိလင်္ကာ, ထိုင်းစသော ထေရဝါဒဘုန်းကြီး ကျောင်းတို့လည်း ရှိကြပါသေး၏။

စာရေးသူသည် ကျေးဇူးရှင် ရွှေတောင်ကုန်း သာသနဒ္ဓ ရိပ်သာဆရာတော်၏ အစီအစဉ်အရ မလေးရှားနိုင်ငံ, ကိုတာ တင်ဂီမြို့ရှိ သင်္ဃသုခါရာမကျောင်းဆိုင်ရာ ဒကာ, ဒကာမတို့အား တစ်လ တရားအကူအညီ ပေးဖို့ရန် သွားရမည်ဖြစ်ရာ မလေးရှား သို့ မသွားခင် စက်ာပူနိုင်ငံရှိ ဝိပဿနာကမ္မဋ္ဌာန်းဌာန၌ လော လောဆယ် တာဝန်ယူ ဆောင်ရွက်နေသည့် အရှင်ဉာဏဓဇောတာ ဘိဝံသထံ ရောက်ရှိခဲ့ပါသည်၊ ဤဝိပဿနာကမ္မဋ္ဌာန်းဌာန စတင် ခဲ့သည်မှာ (၂)နှစ်ကျော်မျှသာ ရှိပါသေးသည်၊ ဤဌာနကို ပဏ္ဍိတာရာမ ရွှေတောင်ကုန်း သာသနဒ္ဓရိပ်သာဆရာတော် ဖွင့် လှစ်ပေးခဲ့ပါသည်၊ ဤဝိပဿနာကမ္မဋ္ဌာန်းဌာန၏ အဖွဲ့ဥက္ကဋ္ဌမှာ မစ္စတာဒေးဗစ်ချောင်နှင့် မစ္စတာဂန်းတို့ ဖြစ်ကြပါ၏၊ အဖွဲ့ အတွင်းရေးမှူးမှာ မစ္စတာတန် ဖြစ်ပါ၏၊ စာရေးသူ ဤဌာနသို့ ရောက်ခိုက် အတွင်းရေးမှူး မစ္စတာတန်သည် ရန်ကုန် ပဏ္ဍိတာ ရာမ ရွှေတောင်ကုန်း သာသနဒ္ဓရိပ်သာ၌ ရက်ရှည်တရားအား ထုတ်နေပါသည်။

ဝိပဿနာတရား အားထုတ်လိုကြသည့် စင်္ကာပူနှင့် မလေးရှားနိုင်ငံရှိ ဗုဒ္ဓသာသနာဝင်တို့အဖို့ ဤဝိပဿနာကမ္မဋ္ဌာန်းဌာနနှင့် ဗုဒ္ဓဓမ္မမဏ္ဍလအဖွဲ့ဌာနသည် ခိုကိုးရာ ဖြစ်နေပါ၏၊ အားထားစရာ ဖြစ်နေပါ၏၊ တစ်ပတ်တွင် သောကြာ, စနေ, တနင်္ဂနွေနေ့တို့၌ တရားထိုင်လာကြ၏၊ တရားကိုလည်း နာယူကြပါ၏၊ တစ်နှစ်လျှင် (၃)ကြိမ်လောက် (၁၀)ရက် တရားစခန်း ရှိ၏၊ စင်္ကာပူနှင့် မလေးရှားနိုင်ငံတို့မှ ဗုဒ္ဓဘာသာဝင်တို့ ထောက်ပံ့နေကြသကဲ့သို့ မြန်မာနိုင်ငံမှ စင်္ကာပူသို့ ရောက်နေကြသည့် မြန်မာဗုဒ္ဓဘာသာဝင်တို့လည်း ထောက်ပံ့ကြပါ၏၊ ဤကမ္မဋ္ဌာန်းဌာန (၂)ခုကို စိတ်ဝင်စားကြသူတို့ ပို၍ ပို၍ များလာကြပါ၏၊ တရားလာရောက် အားထုတ်ကြသူတို့လည်း တိုး၍ တိုး၍ လာနေကြပါ၏၊ ဤနည်းအတိုင်းသာ ဆရာ, ဒကာတို့ လက်တွဲညီညီဖြင့် ဆက်လက် အားထုတ်သွားကြပါလျှင် စင်္ကာပူမှ ထေရဝါဒဗုဒ္ဓသာသနာသည် ပို၍ ပို၍ အားကောင်းလာနိုင်လိမ့်မည်ဟု မျှော်လင့်ရပါ၏။

ဤဝိပဿနာကမ္မဋ္ဌာန်းဌာန၌ ချိတ်ဆွဲထားသည့် ဓာတ်ပုံကြီး (၄)ပုံကို ဖူးတွေ့ရပါ၏၊ ထိုဓာတ်ပုံတို့မှာ ၁။မဟာစည်ဆရာတော်၊ ၂။ရွှေတောင်ကုန်း သာသနာ့ရိပ်သာဆရာတော်၊ ၃။သဒ္ဓမ္မရံသီသာသနာ့ရိပ်သာဆရာတော်၊ ၄။အရှင်ပညာသာမိတို့၏ ပုံများဖြစ်ကြပါ၏၊ အရှင်ပညာသာမိသည် ပဏ္ဍိတာရာမ ရွှေတောင်ကုန်း

သာသနာ့ရိပ်သာ၏ နာယကဆရာတော်တစ်ပါး ဖြစ်ပါ၏၊ အရှင်ပညာသာမိ၏ ပုံတော်နှင့် ကြော်ငြာထားသော အင်္ဂလိပ် စာတန်းတစ်ခုကိုလည်း ဖတ်ရှုရပါ၏။

ထိုကြော်ငြာစာတန်းမှာ -

"ဝိပဿနာကမ္မဋ္ဌာန်းကို လွန်ခဲ့သော နှစ်ပေါင်း (၂၅၀၀) ကျော်ကာလက မြတ်စွာဘုရား ဟောကြားတော်မူခဲ့ပါသည်၊ ဝိပဿနာကမ္မဋ္ဌာန်းသည် သတိပဋ္ဌာန်အပေါ် အခြေခံထားပါသည်၊ စိတ်ထားနှင့် အသိဉာဏ် မြင့်မားဖို့နှင့် နောက်ဆုံး၌ ဆင်းရဲအားလုံးငြိမ်းရာ နိဗ္ဗာန်ကို ရရှိဖို့ ဝိပဿနာကမ္မဋ္ဌာန်းကို မြတ်စွာဘုရား ဟောထားပါသည်။"

"အကျွန်ုပ်တို့၏ ကမ္မဋ္ဌာန်းဆရာဖြစ်သော အရှင်ပညာသာမိသည် မြန်မာနိုင်ငံမှ အတွေ့အကြုံရှိသော ဝိပဿနာကမ္မဋ္ဌာန်းဆရာတော်တစ်ပါး ဖြစ်ပါသည်၊ ယခု (၁၉၉၇)ခုနှစ်သည် ဆရာတော် ဦးပညာသာမိ၏ ဝါ (၃၀)မြောက်နှစ် ဖြစ်ပါသည်၊ ဆရာတော် ဦးပညာသာမိသည် ရွှေတောင်ကုန်း သာသနာ့ရိပ်သာ ဆရာတော်ထံတွင် ကမ္မဋ္ဌာန်းနည်းကို နှစ်ပေါင်းများစွာ ကြိုးကြိုးစားစား လေ့လာဆည်းပူးပြီးနောက် အမေရိက, အင်္ဂလန်, ပြင်သစ်, ဂျာမနီ, ဩစတြေးလျ, နယူးဇီလန်, ကနေဒါ, မလေးရှား, အင်ဒိုနီးရှား, စင်္ကာပူ, သီရိလင်္ကာ, နီပေါ, ထိုင်းနိုင်ငံတို့၌ အင်္ဂလိပ်လို တရားဟော, တရားပြပေးနေသော ဆရာတော် ဖြစ်ပါသည်။"

"စက်ာပူမှ ဣ်ဝိပဿနာကမ္မဋ္ဌာန်းဌာနကို တည်ထောင်ခဲ့သည်မှာ သတိပဋ္ဌာန် (ဝိပဿနာ) အားထုတ်နည်းကို မြှင့်တင်ရန်ဖြစ်ပါသည်။"-တဲ့။

ဆရာတော် ဦးပညာသာမိသည် ပြည်ပ၌ အင်္ဂလိပ်လို တရားပြ, တရားဟောနေသည်မှာ (၁၀)နှစ်ကျော်ရှိနေပြီ ဖြစ်သောကြောင့် ပရိယတ်, ပဋိပတ်စွယ်စုံဖြင့် သတိပဋ္ဌာန်(ဝိပဿနာ) အောင်လံကို လွှင့်ထူနေပါသည်။

ဆရာတော် ဦးပညာသာမိလို အင်္ဂလိပ်လို ဟောကြားကာ ဝိပဿနာအောင်လံ လွှင့်ထူပေးနိုင်သည့် မြန်မာရဟန်းတော်တို့ ပြည်ပမှာ များစွာ ရှိလာလျှင် ဝိပဿနာအောင်လံသည် ကမ္ဘာတစ်ဝှန်း၌ တလူလူ လွင့်တက်နေမည်မှာ သေချာပါသည်။

ဂျလန်, ဟာဂျီ ဆလန်း 5C, 5D ၌ ရှိသည့် ဣ်ဝိပဿနာကမ္မဋ္ဌာန်းဌာန တည်ရာရပ်ကွက်ကို အရှင်ဉာနုဇ္ဇောတာဘိဝံသက "ရန်ကုန်က ဝင်ဒါမီယာ"ဟု တင်စားပြောဆိုနေလေ၏၊ တိုက်အဆောက်အဦးတို့ ခန့်ငြား, ထည်ဝါ, အစီအစဉ်ကျသလို လမ်းတို့ကလည်း သန့်ရှင်းညီညာဖြောင့်ဖြူးနေကြပါ၏၊ လေယာဉ်ကွင်းနှင့်လည်း မဝေးလှသဖြင့် လေယာဉ် အတက်, အဆင်းတို့ကလည်း တစ်စင်းပြီး တစ်စင်း မပြတ်သလောက် ရှိနေပါ၏၊ စက်ာပူနိုင်ငံ၏ အဆင့်အတန်းကို ကမ္ဘာ့တစ်ဝှန်းရှိ နေချင့်ဖွယ်ရာနိုင်ငံတို့တွင် တတိယအဆင့်၌ ရှိသည်ဟု ပြောဆိုနေကြပါသတဲ့။

ရုပ်ဝတ္ထုတို့၏ တိုးတက်ဖွံ့ဖြိုးလာမှုတို့သည် ငြိမ်းချမ်းသောဘဝ တည်ဆောက်ရေး၌ အပြည့်အဝ အကူအညီ မပေးနိုင်ကြကြောင်းကို သိရှိလာကြသူတို့သည် သတိပဋ္ဌာန် (ဝိပဿနာ) ဘက်သို့ ဦးလှည့်လာနေကြပေပြီ၊ သတိပဋ္ဌာန်နယ်မြေကို ခြေချလာကြလေပြီ၊ သတိပဋ္ဌာန်နယ်မြေကို ခြေချသူတို့က ငြိမ်းချမ်းသာယာသောနယ်မြေဖြစ်ကြောင်းကို သိရှိနားလည်လာကြလေပြီ။

# သနားပေမယ့် ဝမ်းသာမိသည်

စက်ာပူနိုင်ငံတွင် အလွန်ပင် မြင်တွေ့ရန် ခဲယဉ်းလှသော မြင်ကွင်း ဖြစ်၏၊ ထိုမြင်ကွင်းကား သံဃာတော် (၁၁)ပါး ဆွမ်းခံကြွလာသည့် မြင်ကွင်း ဖြစ်ပါ၏၊ ထိုသံဃာတော် (၁၁)ပါးမှာ-ရန်ကုန်မှ ရွှေတောင်ကုန်း သာသနာ့ရိပ်သာ ဆရာတော်၊ အရှင်ဉာဏပုဏ္ဏိက (နီပေါဆရာတော်)၊ အရှင်အဂ္ဂဓမ္မ (မလေးရှားမှ မြန်မာရဟန်းတော်)၊ အရှင်ပညာသာမိ (စက်ာပူမှ မြန်မာဆရာတော်)၊ အရှင်ရာဇိန္ဒ (စက်ာပူမှ မြန်မာဆရာတော်)၊ သီရိလင်္ကာ ရဟန်းတော် (၂)ပါး၊ ထိုင်းရဟန်းတော် (၃)ပါး၊ စက်ာပူရဟန်းတော် (၁)ပါးတို့ ဖြစ်ကြပါ၏၊ ထိုသံဃာတော် (၁၁)ပါးကား စက်ာပူမှ Vipassana Meditation Centre ဖွင့်ပွဲကို ကြွရောက်လာကြသည့် သံဃာတော်များ ဖြစ်ပါ၏၊ ၁၉၉၆-ခု၊ မတ်လက ဖွင့်ခဲ့ပါ၏။

ထိုဖွင့်ပွဲတွင် ရွှေတောင်ကုန်းသာသနာ့ရိပ်သာဆရာတော်က ဤဝိပဿနာကမ္မဋ္ဌာန်းဌာနသစ်ကို "နိဗ္ဗာန်ဆိပ်ကမ်းသာလေး"ဟု

အမည်ပေးသွား၏၊ လောဘ, ဒေါသ, မာန်မာန, ဣဿာ, မစ္ဆရိယစသော ကိုယ်တွင်းမီးတွေကို ငြိမ်းသတ်လိုသူတို့ ဒီနိဗ္ဗာန် ဆိပ်ကမ်းသာလေးသို့ လာရောက်ပြီး ငြိမ်းသတ်နိုင်ကြပြီ ဖြစ် ကြောင်းကို မိန့်ကြားတော်မူသွားပါ၏။

ထိုဖွင့်ပွဲသို့ လာရောက်ကြသည့် ပရိသတ် (၁၀၀)ခန့်က သံဃာတော် (၁၁)ပါးကို ဆွမ်းလောင်းလှူကြသည့် မြင်ကွင်း သည် ရှားရှားပါးပါး မြင်ကွင်းဖြစ်၍ အလွန်ပင် စိတ်ကြည်နူးဖွယ် ကောင်းလှပါ၏။

ထိုဖွင့်ပွဲတွင် Vipassana Meditation Centre အဖွဲ့၏ ဥက္ကဋ္ဌဖြစ်သူ မစ္စတာဒေးဗစ်ချောင်က ဤဝိပဿနာကမ္မဋ္ဌာန်းဌာန ဖြစ်ပေါ်လာရခြင်း၏အကြောင်းကို ဤသို့ ပြောပြသွားပါ၏။

"လွန်ခဲ့တဲ့ ၅-နှစ်လောက်က ရွှေတောင်ကုန်း သာသနာ့ ရိပ်သာဆရာတော် မလေးရှားမှာ တရားစခန်းဖွင့်လို့ ဆရာတော် ကို ကျွန်တော် သွားရောက် ဖူးမြော်တဲ့အခါ ဆရာတော်က ကျွန်တော့်ကို "မဟာသာရ"လို့ ခေါ်ပါတယ်၊ "မဟာသာရ"လို့ ခေါ်ရတာကတော့ ကျွန်တော်ဟာ ရန်ကုန်မှာ ဆရာတော့်ထံမှာ ရဟန်းဝတ်ပြီး တရားအားထုတ်ခဲ့ပါတယ်၊ ကျွန်တော်ရဲ့ ဘွဲ့ကို "မဟာသာရ"လို့ ပေးထားပါတယ်၊ ဒါကြောင့် ကျွန်တော့်ကို ရဟန်းဘွဲ့နဲ့ပဲ ခေါ်ပါတယ်၊ အဲဒီလို ခေါ်ပြီး "စက်ာပူမှာ ကမ္မဋ္ဌာန်း

ဌာနတစ်ခု ဖြစ်ပေါ်ဖို့ အချိန်တန်နေပြီ၊ မဟာသာရ ဖြစ်မြောက် အောင် ကြိုးစားပါ”လို့ အမိန့်ရှိခဲ့ပါတယ်၊ “ဖြစ်ပေါ်လာဖို့ရာ ခဲ ယဉ်းပေမယ့် တပည့်တော် အစွမ်းကုန် ကြိုးစားပါမယ်ဘုရား”လို့ လျှောက်ပြီး ကြိုးစားခဲ့ရာ ယခုမှ ဖြစ်ပေါ်လာပါတယ်”-တဲ့။

ဤဝိပဿနာကမ္မဋ္ဌာန်းဌာနအတွက် နေရာနှင့် အဆောက် အဦးကို စင်္ကာပူမှ ဒကာ, ဒကာမအဖွဲ့က ငှားရပါ၏၊ ငှားခကား တစ်လလျှင် စင်္ကာပူဒေါ်လာ (၄)ထောင် ပေးရ၏၊ မြန်မာငွေနှင့် တွက်လျှင် (၇)သိန်းလောက် တစ်လ ငှားခ ဖြစ်သတဲ့၊ နေရာနှင့် အခန်းအတွက် တစ်လကုန်ကျစရိတ်ကို လှူဒါန်းကြသဖြင့် စင်္ကာပူ ဒကာ, ဒကာမတို့၏ သဒ္ဓါတရားကို လေးစားမိပါ၏၊ တရား လို လားကြသော သူတို့၏ ဆန္ဒကား ကြီးမားလှပါတံ၊ စင်္ကာပူ ဒကာ, ဒကာမတွေကို သနားလည်း သနားသွားမိပါ၏၊ စင်္ကာပူရောက် မြန်မာဒကာ, ဒကာမတို့ ဆွမ်းအတွက် တာဝန်ယူထားကြသည် မှာလည်း အားရစရာကောင်းလှပါ၏၊ နေ့စဉ် နေ့ဆွမ်းလာပို့သူ တွေ ရှိနေပါ၏။

တစ်ပတ်တွင် သောကြာ, စနေ, တနင်္ဂနွေတို့၌ ဝိပဿနာ ကမ္မဋ္ဌာန်းဌာနသို့ လာရောက်အားထုတ်ကြသည့် ဦးရေမှာ (၂၅) (၃၀)လောက် ရှိ၏ဟုဆိုရာ စင်္ကာပူလူဦးရေ (၃)သန်းနှင့်စာလျှင် နည်းနေသည်ဟု ဆိုရမည်ပင်၊ “Time is money = အချိန်ဟာ

ဒေါ်လာ”ဟု ဆိုကာ ဒေါ်လာနောက်သို့သာ အချိန် ရှိသမျှ လိုက်နေကြလေရာ တရားဓမ္မနောက်သို့ လိုက်လာသူတို့ သိပ်ပြီး မများလှသေးသော်လည်း လိုက်စားလာသူတို့ထဲမှ ဤဝိပဿနာ ကမ္မဋ္ဌာန်းအဖွဲ့၏ ဒုတိယဥက္ကဋ္ဌဖြစ်သော မစ္စတာဂန်း ပြောကြား သည့် စကားလေးတို့မှာ အားရစရာ ကောင်းလှပါ၏။

* သင်ဟာ အလုပ်များတဲ့ သူတစ်ယောက် ဖြစ်နေရင် သတိပဋ္ဌာန်တရားအားထုတ်မှုက သင့် စိတ်တင်းကျပ်မှုတွေကို ဖယ်ရှားပစ်ဖို့ သင့်ကို ကူညီပေးနိုင်ပါတယ်၊ သင့်ရဲ့ ကိုယ်ရော စိတ်ပါ တင်းကျပ်မှုတွေ ပြေလျော့သွားအောင် ကူညီပေးနိုင်ပါ တယ်။

* သင်ဟာ စိတ်ပူပန်မှုရှိတဲ့ သူတစ်ယောက် ဖြစ်နေရင် သတိပဋ္ဌာန်တရားအားထုတ်မှုက သင့်စိတ် ငြိမ်သက်သွားအောင် လုပ်ပေးနိုင်ပါတယ်၊ စိတ်ရဲ့ ငြိမ်းချမ်းမှုကိုလည်း သင် တွေ့သွား အောင် ကူညီပေးနိုင်ပါတယ်။

* သင်ဟာ မဆုံးနိုင်တဲ့ ပြဿနာတွေကို ရင်ဆိုင်နေရတဲ့ သူတစ်ယောက် ဖြစ်နေရင် သတိပဋ္ဌာန်တရားအားထုတ်မှုက သင့် မှာ သတ္တိတွေ, အင်အားတွေ တိုးပွားလာအောင် အကူအညီပေး နိုင်ပါတယ်၊ ရင်ဆိုင်နေရတဲ့ ပြဿနာတွေကိုလည်း ကျော်လွှား နိုင်အောင် အကူအညီပေးနိုင်ပါတယ်။

* သင်ဟာ ဘဝရဲ့ မသေချာမှုကို နားလည်မှု မရှိလို့ ဖြစ်ပေါ်လာတဲ့ စိတ်ယောက်ယက်ခတ်မှု, နှလုံးကွဲမှု ရှိသူ ဖြစ်နေရင် သတိပဋ္ဌာန်တရား အားထုတ်မှုက လောကီအခြေအနေတွေရဲ့ တဒင်္ဂသဘာဝကို နားလည်အောင် သင့်ကို ကူညီပေးနိုင်ပါတယ်။

* သင်ဟာ သင့်ရဲ့ ဘဝမှာ ဖြတ်သန်းရမယ့် လမ်းခွဲတွေကို ရင်ဆိုင်နေရတဲ့ လူငယ်တစ်ယောက် ဖြစ်နေရင်, သင်ဟာ ဘယ်လမ်းဘက် လှည့်ရမယ်ဆိုတာကို မသိဖြစ်နေရင် သတိပဋ္ဌာန်တရားအားထုတ်မှုက သင် ရွေးချယ်ထားတဲ့ ပန်းတိုင်ကို ရောက်အောင် လမ်းမှန်ကို ညွှန်ကြားပေးနိုင်ပါတယ်။

* သင်ဟာ ပညာရှိတစ်ယောက် ဖြစ်နေရင် သတိပဋ္ဌာန်တရားအားထုတ်မှုက သင့်ကို အမြင့်မြတ်ဆုံး ဉာဏ်ပညာဆီသို့ ပို့ဆောင်ပါလိမ့်မယ်၊ နောက်ပြီး သင်ဟာ အရာဝတ္ထုတွေကို ဖြစ်ပေါ်နေတဲ့အတိုင်း မြင်လာပါလိမ့်မယ်၊ မဖြစ်ခင်က အနေနဲ့ မြင်မှာ မဟုတ်ပါဘူး။

* သတိပဋ္ဌာန်တရားအားထုတ်တာဟာ လွယ်တဲ့ အလုပ်တော့ မဟုတ်ပါဘူး၊ ဒါပေမယ့် လူတိုင်း အားထုတ်လို့တော့ ဖြစ်နိုင်ပါတယ်၊ သူများ မလုပ်နိုင်တဲ့ အရာကို လုပ်နိုင်သူဟာ သူများ မရနိုင်တဲ့ အရာတွေကို ရနိုင်ပါတယ်၊ တရားအားထုတ်ရခြင်းရဲ့ အကျိုးတွေကတော့ အထက်ဖော်ပြပါ အကျိုးတွေပါပဲ။

မစ္စတာဂန်း သိမြင်သော ဤအသိအမြင်မျိုးကို အခြား အား ထုတ်သူတို့လည်း ရချင် ရပါလိမ့်မည်၊ ဤအသိအမြင်မျိုးကို စက်ာပူနိုင်ငံသူ, နိုင်ငံသားတို့ များများ ရလာလေလျှင် ရုပ်ပိုင်း ဆိုင်ရာ တိုးတက်မှုသာမက စိတ်ပိုင်းဆိုင်ရာ တိုးတက်မှုကိုလည်း ရရှိလာမှာ သေချာပါသည်၊ တရားလိုလားကြသော စက်ာပူနိုင်ငံ သူ, နိုင်ငံသားတို့ ကြိုးစားကြပါလျှင် တစ်စ တစ်စ တိုးပွားလာ ကာ သတိပဋ္ဌာန်တရား အားထုတ်သူဦးရေ များပြားလာမည်မှာ မလွဲပါပေ၊ ယခုလည်း ဤဝိပဿနာ ကမ္မဋ္ဌာန်းဌာနအကြောင်းကို ဖုန်းဖြင့် စုံစမ်းမေးမြန်းသူတို့ နေ့တိုင်းလောက် ရှိလာနေပေသည်၊ လူသိများလာနေပေပြီ။

တစ်လ, တစ်လတွင် ကုန်ကျသည့် ကြေးငွေတို့ကို သိရသည့် အခါ စက်ာပူနိုင်ငံသား ဒကာ, ဒကာမတွေကို အားနာမိပါသည်၊ သနားမိပါသည်၊ သို့သော် သူတို့ ရရှိထားသည့် တရားအသိနှင့် တရားအပေါ် စိတ်ဝင်စားမှုတို့ကို သိရှိရသည့်အခါ၌ကား အားရ မိပါသည်၊ ကျေနပ်မိသည်၊ ဝမ်းသာမိပါသည်၊ ဤအခြေအနေ ထက် တရားအသိဉာဏ်တွေ, တရားအပေါ် စိတ်ဝင်စားမှုတွေ တိုးပွားနိုင်ပါစေဟုလည်း ဆန္ဒပြုနေမိပါသည်။

# ကေရီနှင့် ကိန္နရီ

စက်ာပူနိုင်ငံ, ဝိပဿနာကမ္မဋ္ဌာန်းဌာနသို့ နေ့ဆွမ်း လာပို့ကြသည့် မြန်မာဒကာ, ဒကာမတို့ထဲတွင် ပဏ္ဍိတာရာမ ရွှေတောင်ကုန်း သာသနာ့ရိပ်သာ ဗုဒ္ဓယဉ်ကျေးမှုအခြေပြုသင်တန်းတို့သို့ သီလရှင်ဝတ်ကာ တက်ရောက်သင်ယူသွားသည့် ကလေးမလေး တစ်ယောက် ပါလာသည်၊ သူမ၏ နာမည်က ကိန္နရီကိုဆန်း-တဲ့၊ သူမ၏ အဖေနာမည်က ဉုးကိုဆန်း-တဲ့၊ သူမကို နာမည်အလွယ်ခေါ်က - ကိန္နရီ၊ သူမနာမည်လေးက ခပ်ဆန်းဆန်း, ခပ်လှလှ။

ဆွမ်းစားပြီးသည့်အခါ "ကိန္နရီ. . . လာစမ်း၊ ကိန္နရီကို မေးစရာ ရှိလို့"ဟု ပြောပြီး ခေါ်လိုက်ရာ "မေးစရာရှိတာ မေးပါဘုရား"ဟု လျှောက်ထားသဖြင့် "ကိန္နရီရဲ့ အစ်မ-ဧကရီက **ဦးဇင်း**ဆီ စာရေးပေးလို့ **ဦးဇင်း**က ဧကရီဆီ ရေးပေးတဲ့စာ ရောက်လား"-ဟု မေးလိုက်ပါသည်။

"ဧကရီက အရှင်ဘုရား ရေးသားပေးလိုက်တဲ့ အားပေးစကားလေးတွေကို သိပ်ပြီး သဘောကျတာ၊ အစ်မ ဧကရီတင်မက

ပါဘူး၊ တပည့်တော်လည်း သိပ်သဘောကျပါတယ်၊ လဂွမ်းအိမ်နဲ့ မင်းထောရာမ၊ ဒီမောင်လေးနှစ်ယောက်ကလည်း သဘောကျကြ တယ်၊ အမေ-ဒေါ်တင်တင်ထွေးနဲ့ အဖေ-ဦးကိုဆန်းတို့ ဆိုတာက တော့ မပြောပါနဲ့တော့။"

"ကိန္နရီတို့ ဘယ်စကားလေးကို သဘောကျတာလဲ။"

"အရှင်ဘုရား ရေးပေးလိုက်တဲ့ ကဗျာလေးတွေကိုပေါ့၊ အရှင်ဘုရား ရေးပေးလိုက်တဲ့ ကဗျာက (၃)ပုဒ်တောင်ပဲ၊ အရှင် ဘုရားကိုယ်တိုင် ရေးစပ်ထားတာလား"။

"ဟုတ်တာပေါ့၊ ဘာကဗျာလေးတွေလဲ"။

"ကဗျာလေး (၃)ပုဒ်ရဲ့ နာမည်က ကျောက်ခဲ၊ ဘောလုံး၊ ပန်းတိုင်-တဲ့၊ ကျောက်ခဲနဲ့ ဘောလုံးဆိုတဲ့ ကဗျာလေး (၂)ပုဒ်ကို တော့ အလွတ်ရပါတယ်၊ ကေရီကတော့ (၃)ပုဒ်လုံး ရပါတယ်"။

"ရွတ်ပြစမ်းပါ။"

## ကျောက်ခဲ

ကျောက်ခဲလေးတွေ
တောင်မြင့်မှ တောင်ခြေ
ဆင်းသက်ခဲ့ပေ၊
ဟိုတိုက်ကာ ဒီပွတ်လို့
ချောမွတ်ခဲ့ချေ၊

ဘဝရဲ့ ခရီးရှည်
　　လျှောက်လေသူများ
　　　　တိုက်ခိုက်တာ တွေ့ဖန်များရင်
　　　　　ချောမွတ်လို့သွား။ ။

"ကိန္နရီက တကယ် ရသားပဲ။"

"အရှင်ဘုရားဆီ ဧကရီ စာရေးပေးတုန်းက တပည့်တော်နဲ့ တိုင်ပင်ပြီး ရေးလိုက်တာပါပဲ၊ တပည့်တော်တို့ မြန်မာနိုင်ငံက စက်ဘူရောက်ခါစ ကျောင်းတက်တော့ အင်္ဂလိပ်စာ မလိုက်နိုင်လို့ အခက်တွေ့နေပါတယ်၊ အတန်းဖော်တွေကလည်း တပည့်တော်တို့ကို အထင်သေးကြပါတယ်၊ အထင်သေးစကား ပြောကြပါတယ်၊ အထင်သေးတဲ့ အမူအရာတွေ ပြကြပါတယ်၊ တပည့်တော်တို့ စိတ်ဓာတ်ကျကြ, စိတ်အားငယ်ကြပါတယ်၊ ဒါနဲ့ ဘယ်လို လုပ်ရမှန်း မသိလို့ အရှင်ဘုရားဆီ ဧကရီက စာရေးလိုက်တာပါ၊ လွန်ခဲ့တဲ့ (၂)နှစ်ကျော်လောက်ကပေါ့ ဘုရား၊ ဧကရီက ရေးပေးလိုက်ပေမယ့် အရှင်ဘုရားက အလုပ်မအားလို့ ချက်ချင်း စာ မပြန်နိုင်ဘူး၊ ဧကရီကတော့ ပြန်စာ မျှော်ရှာပါတယ်။"

"အခုတော့ ကျောင်းစာတွေ လိုက်နိုင်ကြပြီလား၊ အခက်အခဲ ရှိသေးလား။"

"အခုတော့ O. K. နေပါပြီ ဘုရား၊ ကျောက်ခဲလေးတွေ ချောမွတ်သင့်သလောက် ချောမွတ်နေကြပြီပေါ့ဘုရား၊ "ဘော့လုံး"ဆိုတဲ့ ကဗျာလေးကလည်း ကောင်းတယ်ဘုရား"။

"ကိန္နရီ စိတ်ဝင်စားလို့ ရွတ်ပြချင်ရင်လည်း ရွတ်ပြအုံးပေါ့။"

## ဘော့လုံး

မဟာဂန္ဓာရုံဆရာတော်ဘုရား
မိန့်ကြားခဲ့တဲ့စကားတစ်ခွန်း
"ငါ့ဘဝဟာလေ ဘော့လုံးလိုပေ"တဲ့။
ဘော့လုံးဟာ ပုတ်လေ မြင့်လေ
ငါ့ဘဝဟာလည်း နှိမ်လေ မြင့်လေ-တဲ့။ ။

"တပည့်တော်တို့ အရှင်ဘုရား ရေးပေးလိုက်တဲ့ စာလေးကို ဖတ်တဲ့အတွက် စိတ်အားရှိလို့ ပြန်ပြန်ပြီး ဖတ်မိပါတယ်ဘုရား၊ မဟာဂန္ဓာရုံဆရာတော်ရဲ့ ဘဝလို တပည့်တော်တို့ရဲ့ ဘဝဟာလည်း ဘော့လုံးလိုပါပဲ၊ အခု ဘော့လုံးလေးတွေ မြင့်သင့်သလောက် မြင့်နေပါပြီဘုရား"- တဲ့။

ကေရီတို့ မောင်နှမ(၄)ယောက်သည် ပဏ္ဍိတာရာမ ရွှေတောင်ကုန်း သာသနာ့ရိပ်သာဆရာတော် ဦးစီးပြီး ဖွင့်လှစ် သင်

ကြားပေးသော ဗုဒ္ဓယဉ်ကျေးမှု အခြေပြုသင်တန်း (၄)တန်း (အငယ်၊ အလတ်၊ အကြီး၊ အထူးတန်း)တို့ကို ကိုရင်, သီလရှင် ဝတ်ပြီး တက်ရောက်သင်ယူခဲ့ကြသည့် ကလေးများ ဖြစ်ကြပါသည်၊ ဗုဒ္ဓသာသနာတော်ကို ရိုသေကိုင်းရှိုင်းသော မွန်မိဘနှစ်ပါးမှ မွေးဖွားလာကြသည့်ပြင် ဗုဒ္ဓယဉ်ကျေးမှု အခြေပြုသင်တန်းတို့၏ ကျေးဇူးကြောင့်လည်း ထိုမောင်နှမ(၄)ယောက်၏ နှလုံးသားဝယ် ဗုဒ္ဓယဉ်ကျေးမှုတွေ အမြစ်တွယ်နေကြပါသည်။

ဧကရီသည် ပဏ္ဍိတာရာမ ရွှေတောင်ကုန်း သာသနာ့ရိပ်သာတွင် ဗုဒ္ဓယဉ်ကျေးမှုအခြေပြုသင်တန်း တက်ခဲ့ရုံမက သတိပဋ္ဌာန်တရားကိုလည်း ရှုမှတ်ခဲ့သူလေး ဖြစ်ပါသည်၊ ယခုအခါ စင်္ကာပူ၌ (မြန်မာလို သတ်မှတ်ပြရလျှင်) ဆယ်တန်း ရောက်နေပါပြီ၊ စာရေးသူတို့ သင်ပြပေးသည့် ဗုဒ္ဓယဉ်ကျေးမှု အခြေပြုသင်တန်း၌ တက်ရောက်ကြသည့် ကလေးတို့ကို စင်္ကာပူ၌ တွေ့ရသည့်အခါ သူတို့ ဝမ်းသာကြသလို စာရေးသူလည်း ကျေနပ်မိပါသည်၊ စင်္ကာပူရောက်စက အခက်အခဲတွေ တွေ့နေရသော သူတို့လေးတို့အား အားပေးစကား ရေးသားပေးလိုက်သော စာလေးတို့ကြောင့် သူတို့မှာ စိတ်အားတက်ရပါသည်ဟု သိရသဖြင့်လည်း ကျေနပ်မိပါ၏။

"ပန်းတိုင်-ဆိုတဲ့ ကဗျာကိုတော့ တပည့်တော် မရ, တရဖြစ်နေပါတယ်ဘုရား၊ အရှင်ဘုရား ရရင် ရွတ်ပြပေးပါဘုရား။"

## ပန်းတိုင်

ဘဝလောကခံ
မုန်တိုင်းထန်လည်း
အားမာန်မလျှော့
စိတ်မပျော့နှင့်၊
လောကလူဝယ်
စိတ်အားကြွယ်လျက်
ရှေ့ဝယ်တက်လမ်း
ဆက်လက်လှမ်းက
ဘဝပန်းတိုင်
သက်ဆုံးပိုင်လိမ့်။ ။

"ကိန္နရီတို့မောင်နှမတွေ ကိုယ့်ရည်မှန်းချက်ပန်းတိုင် ရောက်အောင် ဆက်လက်ကြိုးစားကြပေါ့။"

"တစ်ချိန်မှာ ပန်းတိုင်ကို ရောက်ကို ရောက်ရမှာပေါ့ဘုရား၊ ပန်းတိုင်ဟာ အရင်ကနဲ့ စာရင် နီးလာပါပြီဘုရား။"

"အေး. . အေး. . ကြိုးစားကြ၊ ကြိုးစားကြ"

"မှန်လှပါဘုရား"။

ကိန္နရီကား ဦးသုံးကြိမ်ချကာ ပြန်သွားပါသည်၊ "ဘဝမှာ အခက်အခဲတွေ ဘယ်လောက်တွေ့တွေ့ ကြိုးစားရင် မည်သူမဆို အောင်မြင်နိုင်ပါတကား"ဟု အတွေးပေါ်လာမိပါသည်၊ ဧကရီနှင့် ကိန္နရီသည် အသက်(၂၀)ဝန်းကျင်မျှသာ ရှိသေးသော်လည်း သူတို့၏ဖွဲ့ကြောင့် ဘဝတွင် အောင်ပွဲဆင်နေရလေပြီ၊ ဖွဲ့ရှင်သူတို့ လေးတွေ၏ အောင်ပွဲအလီလီ ဆက်လက် ဆင်နွှဲနေမည့် အရေး ကိုလည်း မျှော်တွေးမြင်ယောင်နေမိပါ၏။

❀ ❀ ❀ ❀ ❀

# တရားကယ်ခံရသူ

"အရှင်ဘုရား. . . အရှင်ဘုရားနဲ့ စကားပြောချင်လို့"-တဲ့။

စက်ာပူမှ ဝိပဿနာကမ္မဋ္ဌာန်းဌာနတွင် ဖုန်းသည် မကြာခဏ လာ၏၊ ကပ္ပိယကာရကမောင်ကျော်မင်းသည် ဖုန်းလာလျှင် စကားပြောရ၏၊ ဖုန်းပြောလာသူက မြန်မာလို ပြောလာလျှင် သူက မြန်မာလို ပြန်ပြော၏၊ အင်္ဂလိပ်လို ပြောလာလျှင် အင်္ဂလိပ်လို ပြော၏၊ တရုတ်နှစ်သစ်ကူးခါ နီးပြီမို့ တရုတ်နှစ်သစ်ကူးတွင် တရားလာထိုင်ဖို့ စုံစမ်းသူတို့လည်း ပါဝင်၏၊ ယခုလည်း မောင်ကျော်မင်းက ဖုန်းကို ကိုင်ကာ စာရေးသူထံ လာပေးပါသည်။

"ငါ့ကို ဘယ်သူက စကားပြောချင်ရတာလဲ၊ သူတို့စက်ာပူမှာ ငါ့ကို စကားပြောရလောက်အောင် သိတဲ့သူမှ မရှိတာ၊ ဘယ်သူများပါလိမ့်"ဟူသော အတွေးဖြင့် မောင်ကျော်မင်းပေးသော ဖုန်းကို ကိုင်ကာ နားထောင်လိုက်ပါသည်။

"အရှင်ဘုရား. . . တပည့်တော် အိမ်မှာပဲ တရားရှုမှတ်နေပါတယ်၊ တရားထိုင်မှတ်တဲ့အခါ ခန္ဓာကိုယ်က ဘေးကို စောင်းပြီး ကျကျသွားပါတယ်၊ အဲဒါ ဘယ်လို လုပ်ရပါမလဲဘုရား။"

"ခန္ဓာကိုယ်က ကိုယ်က ကျချင်တဲ့ ဆန္ဒရှိလို့ ကျတာလား၊ သို့မဟုတ် တရားမှတ်ရင်း သူ့အလိုလို ကျသွားတာလား။"

"သူ့အလိုလို ကျတာပါဘုရား။"

"လဲကျရင် ကျတာကို "ကျတယ်၊ ကျတယ်"လို့ မှတ်ရမှာပေါ့၊ ပြန်ပြီး ခန္ဓာကိုယ်ကို မတ်ချင်ရင်လည်း မတ်ချင်တာ, မတ်တာတွေကို မှတ်ရမှာပေါ့၊ ဖြစ်နေတာကို ဖြစ်ခိုက်မှာ ဖြစ်တဲ့အတိုင်း မှတ်ရတယ်။"

"မှန်ပါဘုရား၊ ကျေးဇူးတင်ပါတယ်ဘုရား"-တဲ့။

ဖုန်းသံကို နားထောင်ရသည့်အခါ ဖုန်းသံက တိုးနေသည်၊ ဂရုစိုက်ပြီး နားထောင်ရသည်၊ အသံကား ကြားဖူးသော အသံဖြစ်နေသည်၊ တစ်ခါမက အခါများစွာ ကြားဖူးသော အသံ ဖြစ်သည်၊ "ဘယ်သူ့အသံပါလိမ့်"ဟု နားထောင်ရင်း, ဖြေရင်း စဉ်းစားသည်၊ စဉ်းစား မရ၊ ပြီးမှ စဉ်းစားရလာသည်။

"သြော်. . . ပဏ္ဍိတာရာမ ဆယ်မိုင်ကုန်း တောစခန်းရိပ်သာမှာ တရားအားထုတ်သွားတဲ့ ဒေါ်မာမာဝေပဲ။"

စာရေးသူ ဆယ်မိုင်ကုန်း တောစခန်းရိပ်သာမှာ နေခဲ့စဉ်က ဒေါ်မာမာဝေသည် တရားအားထုတ်ခဲ့ပါသည်၊ သူမသည် ခရစ်ယာန် ဘာသာဝင်တစ်ဦး ဖြစ်ခဲ့ပါသည်၊ သူမ၏ ခင်ပွန်းကား ဗုဒ္ဓဘာသာဝင် ဖြစ်သည်၊ သူမ၏ ခင်ပွန်းက သူမကို ဗုဒ္ဓဘာသာဝင် ဖြစ်စေချင်သည်မှာ ကြာခဲ့ပါပြီ၊ သူမ အားထုတ်လိုက်သော သတိပဋ္ဌာန်တရားက ဗုဒ္ဓဘာသာအပေါ် ကြည်ညိုမှု သဒ္ဓါတရားတို့ကို သူမ၏ ရင်မှာ ပေါက်ဖွားစေခဲ့ပါသည်၊ ထို့ကြောင့် သူမသည် ဗုဒ္ဓဘာသာဝင် ဖြစ်လာခဲ့ပါသည်၊ သူမ၏ သား, သမီးတို့ကိုလည်း ပဏ္ဍိတာရာမ ဗုဒ္ဓယဉ်ကျေးမှု အခြေပြုသင်တန်းတွင် ကိုရင်, သီလရှင် ဝတ်ကာ တက်ရောက်သင်ယူစေခဲ့ပါသည်၊ သူမ၏ ခင်ပွန်းသည် စက်ာပူနိုင်ငံ၌ အလုပ်လုပ်နေသဖြင့် သူမလည်း စက်ာပူသို့ လိုက်လာကာ အလုပ် လုပ်နေပါသည်၊ နောက်တစ်ရက်, နှစ်ရက် ကြာသွားသောအခါ စာရေးသူထံ ဖုန်းဆက်ပြန်ပါသည်။

"တပည့်တော် အိမ်မှာပဲ တရားဝင်နေပါတယ်၊ တပည့်တော် အလုပ်ခွင်မှာ အလုပ်ပိုင်ရှင်သူဌေးနဲ့ စကားပြောတာ အဆင်မပြေ ဖြစ်ခဲ့ပါတယ်၊ အခု တပည့်တော်အလုပ်က ထွက်လိုက်ပါတယ်၊ တပည့်တော် ရှုးမတတ်ဖြစ်လောက်အောင်ပဲ ခံစားရပါတယ်။"

ဒေါ်မာမာဝေသည် စိတ်ထက်သန်သူတစ်ဦး ဖြစ်ပုံရပါ၏၊ စကားပြောလျှင်လည်း ဒိုးဒိုးဒေါက်ဒေါက်နှင့် သွက်လက်လှ၏၊

ဒေါ်မာမာဝေမှာ ပြောချင်သော စကားတို့က များနေပုံရပါ၏၊ သူမ၏ ရင်တွင်း၌ ခံစားမှုတို့ကို စာရေးသူထံ အားပါတရ ဖွင့်လို နေပုံရပါ၏၊ သူမက ဆက်ပြောပါသည်။

“တပည့်တော် ပဏ္ဍိတာရာမ တောစခန်းရိပ်သာမှာ လှူဒါန်းဖို့ ကြိုးစားနေပါတယ်၊ ငွေစုဆောင်းနေပါတယ်၊ အခုတော့ တပည့်တော်ဆန္ဒ ပြည့်ဝနိုင်မှာ မဟုတ်တော့ပါဘူး၊ ဒါပေမယ့် တပည့်တော် မလျှော့ပါဘူး၊ နောင်တစ်ချိန်မှာ တပည့်တော်ဆန္ဒ ပြည့်ကို ပြည့်ဝလာရမှာပါ။”

သူ့စကားကို ကြားရတော့ သနားလည်း သနားမိပါသည်၊ သူမ၏ သဒ္ဓါတရားကို လေးစားမိသလို သူမ၏ ဇွဲ, သတ္တိကိုလည်း အားရမိပါ၏။

“တပည့်တော်က ခရစ်ယာန်က ပြောင်းလာတာဆိုတော့ ဗုဒ္ဓဘာသာရေး ဗဟုသုတ မရှိပါဘူး၊ ကိုယ့်အိမ်မှာ တရားစခန်း လုပ်လို့ရမယ် မထင်မိခဲ့ပါဘူး၊ အခုတော့ အိမ်မှာပဲ တရားစခန်း လုပ်ကာ တရားမှတ်နေပါတယ်၊ အခုတော့ နားလည်သဘောပေါက်လာပါတယ်ဘုရား၊ ဒီသတိပဋ္ဌာန်တရား ရှုမှတ်တဲ့ အလုပ်ဟာ နေရာမရွေး, အချိန်မရွေး လုပ်လို့ ရတာပဲဘုရား၊ ဒီလို ပြင်းထန်တဲ့ လောကဓံနဲ့ တွေ့ရတဲ့အခါ တရားရှုမှတ်တဲ့ အလုပ်ဟာ အင်မတန်မှ အားကိုးစရာ ဖြစ်လှပါတယ်ဘုရား၊ စိတ်သက်သာရာ, စိတ်ချမ်းသာရာ ရစေပါတယ်ဘုရား။”

"ဘုရားတောင်မှ လောကဓံဒဏ်ကို ခံတော်မူရသေးတယ်၊ တစ်နေ့တော့ ဘုရားရှင် ဆွမ်းကို မဘုဉ်းပေးရတာတောင် ရှိတယ်၊ ဒီအချက်လေးကို တပည့်တော်ရဲ့ စိတ်ထဲမှာ စွဲနေအောင် မှတ်မိနေပါတယ်ဘုရား။"

"ဒကာမကြီး. . အဆိုးထဲက အကောင်း၊ အရှုံးထဲက အမြတ်၊ အမှိုက်ထဲက ရွှေ ဖြစ်အောင် လုပ်ယူနိုင်ဖို့ အရေးကြီးတယ်၊ အခု ဒကာမကြီးက အဆိုးထဲက အကောင်းဖြစ်အောင် လုပ်နေတာပဲ၊ အရှုံးထဲက အမြတ်ရအောင် လုပ်နေတာပဲ၊ အမှိုက်ထဲက ရွှေထုတ်ယူနေတာပါပဲ၊ လောကလူတွေဟာ ကောင်းတဲ့လောကဓံနဲ့ တွေ့တဲ့အခါ သာယာသဘောကျပြီး တပြုံးပြုံးဖြစ်နေတတ်ကြပါတယ်၊ မကောင်းလောကဓံနဲ့ တွေ့တဲ့အခါ စိတ်ဓာတ်ကျ၊ စိတ်အားငယ်ပြီး နေတတ်ကြပါတယ်၊ လောကဓံအကောင်းနဲ့ အဆိုးကြားမှာ စိတ်ဓာတ် အတက်၊ အကျ မရှိဘဲ တည်တည်ငြိမ်ငြိမ် ရှိအောင် ကြိုးစားရပါတယ်၊ တရားရှုမှတ်တာဟာ လောကဓံကို ခံနိုင်ရည် အား အများကြီး ပေးပါတယ်၊ ကောင်းပါတယ်၊ ဆက်ကြိုးစားပါ။"

"မှန်ပါ ၊ ကျေးဇူးကြီးလှပါတယ်ဘုရား။"

"ဒကာမကြီး. . . ဒီနေရာမှာ ရွှေတောင်ကုန်း သာသနာ့ရိပ်သာ ဆရာတော်ကြီးရဲ့ ဆုံးမစကားနဲ့ ပြောရရင်တော့-

"ခန္ဓာကိုယ်မှာ ခုခံအား နည်းရင် ရောဂါတွေက လွယ်လွယ်နဲ့ ဝင်တတ်တယ်၊ စိတ်မှာလည်း ခုခံအား နည်းရင် ကိလေသာ ရောဂါတွေ လွယ်လွယ်ကူကူနဲ့ ဝင်တတ်တယ်"-တဲ့။

"ဒကာမကြီး. . . အခု တရားရှုမှတ်နေတာဟာ စိတ်မှာ အင်အားတွေ ဖြည့်ပေးနေတာပဲ၊ စိတ်မှာ ခုခံအားတွေ ကောင်းရင် ကောင်းသလောက် လောကဓံကို ခံနိုင်ရည်အား ရှိလာတာပေါ့။"

"တပည့်တော် တရားစခန်းက ထွက်တဲ့အခါ အရှင်ဘုရား မြန်မာနိုင်ငံကို ပြန်မကြွခင် လာခဲ့ပါအုံးမယ်၊ အရှင်ဘုရား ဇန်နဝါရီလကုန်မှ ပြန်ကြွမှာ မဟုတ်လားဘုရား။"

"ဟုတ်ပါတယ်၊ လာခဲ့ပေါ့။"

ဖုန်းကို ချလိုက်ပါပြီ၊ မြတ်စွာဘုရားစကားတစ်ခွန်း စာရေးသူ စိတ်ထဲမှာ ပေါ်လာပါသည်။

"ဓမ္မော ဟဝေ ရက္ခတိ ဓမ္မစာရိံ =

တရားက တရားကျင့်သူကို တကယ်ပဲ စောင့်ရှောက်တယ်။

ဓမ္မော သုစိဏ္ဏော သုခ မာဝဟာတိ=

ကောင်းစွာကျင့်ထားတဲ့ တရားက ချမ်းသာကို ဆောင်ပေးတယ်။"-တဲ့။

တရားကျင့်သူ ဒေါ်မာမာဝေကို တရားက စောင့်ရှောက်နေပါစေ၊ ကောင်းစွာ ကျင့်ထားတဲ့ တရားက ဒေါ်မာမာဝေအား ချမ်းသာကို ဆောင်ပေးနေပါလေစေ။

# ပန်းတိုင်

"ပင်လယ်ကို ကျော်ဖြတ်နေတဲ့ မာလိန်မှူးတွေမှာ အခါ ခပ်သိမ်း ငြိမ်ငြိမ်သက်သက် အေးအေးချမ်းချမ်းနဲ့ ကျော်လွန်ရ လိမ့်မယ်လို့ မျှော်လင့်လို့ မရဘူး၊ မကြာမကြာပဲ သာမန် လှိုင်းလေ, ပြင်းထန်တဲ့ လှိုင်းလေ, သင်္ဘောကိုတောင် အန္တရာယ်ဖြစ်စေနိုင် တဲ့ လှိုင်းလေတွေကို တွေ့ကြုံကြရတယ်၊ ဒါပေမယ့် အဲဒီလို တွေ့ ကြုံရာမှာ ကျွမ်းကျင်တဲ့ မာလိန်မှူးတွေဟာ သူတို့ရဲ့ လုံ့လစွမ်း, ဉာဏ်စွမ်းတွေနဲ့ အဲဒီလှိုင်းလေးတွေကို ခုခံပြီး သူတို့လိုရာ ဆိပ် ကမ်းကို ရောက်နိုင်ကြတယ်။"

"အဲဒီလိုပါပဲ၊ ဘဝပင်လယ်ခရီးကို ကျော်ဖြတ်နေကြရတဲ့ ဘဝမာလိန်မှူးတွေမှာလည်း အခါခပ်သိမ်း ငြိမ်ငြိမ်သက်သက် အေးအေးချမ်းချမ်းနဲ့ ကျော်လွန်ရလိမ့်မယ်လို့ မျှော်လင့်လို့ မရဘူး၊ မကြာမကြာပဲ သာမန် လောကဓံလှိုင်းလေ, ပြင်းထန်တဲ့ လောကဓံ လှိုင်းလေ, အသက်ကိုတောင် အန္တရာယ်ဖြစ်စေနိုင်တဲ့ လောကဓံ လှိုင်းလေတွေကို တွေ့ကြုံကြရတယ်၊ ဒါပေမယ့် အဲဒီလို တွေ့ကြုံ

ရာမှာ ကျွမ်းကျင်တဲ့ ဘ၀မာလိန်မှူးတွေဟာ သူတို့ရဲ့ လုံ့လစွမ်း, ဉာဏ်စွမ်းတွေနဲ့ အဲဒီလောကဓံလှိုင်းလေတွေကို ခုခံပြီး သူတို့လိုရာ ဘ၀ဆိပ်ကမ်းသာကို ရောက်နိုင်ကြတယ်"။

"မွှေးမွှေး" ဆိုတဲ့ စင်္ကာပူရောက် မိန်းခလေးက "ငါးမိနစ်စာလောက် တရားစကားလေး မိန့်ကြားပေးပါဘုရား"ဟု လိုလိုချင်ချင် လေးလေးစားစား ဖုန်းဖြင့် လျှောက်ထားလာသဖြင့် ချက်ချင်း ဘာပြောရမည်ကို မသိ ဖြစ်နေပါ၏၊ "နောက် နာရီဝက်လောက် ကြာမှ အမိန့်ရှိပါဘုရား"ဟု ထပ်မံ လျှောက်ထားသောကြောင့် စဉ်းစားချိန်ရသဖြင့် အထက်ပါစကားလေးကို အစချီကာ အားပေးတရားစကား ပြောကြားရပါ၏။

"မွှေးမွှေး"ဆိုသော ထိုမိန်းကလေးသည် အသက် (၃၀) လောက် ရှိပါ၏၊ ဖြူဖြူပိန်ပိန် သွယ်သွယ်ဖြင့် အရပ်အမောင်းလည်း ကောင်းပါ၏၊ ရုပ်ရည်လည်း သန့်ပါ၏၊ အသံကလည်း ညင်ညင်သာသာ ပျော့ပျော့ပြောင်းပြောင်း ရှိပါ၏၊ တရုတ်သွေးပါသော အသားအရေ ဖြစ်ပါ၏၊ သူမ၏ မိသားစု၌ သူမသည် ဦးစီးဦးဆောင်အဖြစ် ဆောင်ရွက်၏၊ သူမသည် ရန်ကုန် မင်္ဂလာဈေး၌ ဈေးရောင်းခဲ့၏၊ သူမ၏ မိသားစု၌ ဦးစီးဦးဆောင်အဖြစ်ဆောင်ရွက်ခဲ့သူ ဖြစ်သည့်အလျောက် သွက်လက်ချက်ချာမှု ရှိပါ၏၊ ယခုမူ စင်္ကာပူနိုင်ငံသို့ ရောက်ကာ အလုပ်ဌာနတစ်ခု၌ အလုပ်

လုပ်နေပါ၏၊ နံနက်(၉)နာရီမှ ညနေ(၆)နာရီထိ မနားတမ်း အလုပ်လုပ်ရ၏၊ သူမ၏ လုပ်ငန်းခွင်၌ တွေ့ကြုံရသော အခက်အခဲတို့ကို သူမက ပြောပြ၏၊ ဘယ်လောက်ပဲ အခက်အခဲတွေ ကြုံကြုံ၊ သူမ ရည်မှန်းချက် မပြည့်ဝမချင်း ကြိုးစားမယ်-တဲ့။

သူမသည် ဗုဒ္ဓဘာသာဝင် မိန်းကလေးတစ်ဦး ဖြစ်၏၊ ဗုဒ္ဓ၏ အဆုံးအမတို့ကိုလည်း လိုက်နာကျင့်သုံးနေသူ ဖြစ်၏၊ အသက် ငယ်ရွယ်စဉ်ကပင် ရန်ကုန် မဟာစည်သာသနာ့ရိပ်သာ၌ တရားအားထုတ်ခဲ့၏၊ မိုးကုတ်ရိပ်သာ, ရွှေတောင်ကုန်း သာသနာ့ရိပ်သာတို့၌လည်း (၁၀)ရက်စီလောက် တရားအားထုတ်ခဲ့ဖူး၏၊ ငါးပါးသီလကို အတတ်နိုင်ဆုံး လုံခြုံအောင် စောင့်ထိန်း၏၊ သူမသည် ဓာရဏပရိတ်, မေတ္တာသုတ်ပရိတ်တို့ကိုလည်း နေ့စဉ် ရွတ်ဖတ်လေ၏၊ နေ့စဉ် ဘုရားရှိခိုးလေ၏။

"တပည့်တော်က လုပ်ငန်းခွင်မှာ အလုပ်လုပ်တဲ့အခါ အလုပ်ပိုင်ရှင်ကိုလည်း ဝင်ငွေကောင်း ရစေချင်ပါတယ်၊ ဝယ်ယူစားသုံးသူတွေကိုလည်း ကောင်းကောင်းမွန်မွန် ဝယ်ယူစားသုံးစေချင်ပါတယ်၊ ဒါကြောင့် ပစ္စည်းတွေ အလေအလွင့် မရှိရအောင်လည်း ဆောင်ရွက်တယ်၊ ကိုယ့်လုပ်ငန်းလိုလည်း သဘောထားပါတယ်၊ ဝယ်ယူစားသုံးသူတွေ ကောင်းကောင်းမွန်မွန် စားသုံးရအောင်လည်း ပစ္စည်းကို ကောင်းအောင် စေတနာထားပြီး လုပ်ပေးပါတယ်။"

"တပည့်တော်ရဲ့ အဲဒီ မှန်ကန်တဲ့ စေတနာတွေကြောင့် တပည့်တော်ရဲ့ လုပ်ငန်းခွင်မှာ အခက်အခဲ, ပြဿနာ မရှိဘဲ အဆင်ပြေ, အေးဆေးစွာဖြင့် ဆောင်ရွက်နိုင်ပါရစေလို့ တပည့်တော် ဆုတောင်းပါတယ်"ဟုလည်း သူမက ပြောပြပါ၏။

မမွှေးမွှေး၏ စေတနာလေးတို့ကား မှန်မြတ်လှပါ၏၊ လေးစားစရာ ကောင်းလှပါ၏၊ ထို့ကြောင့် ပညာရှိသူတော်ကောင်းတို့ ပြုလုပ်လေ့ရှိသော အလေ့အကျင့်တစ်ခုကို မမွှေးမွှေးအား ပြောပြမိပါ၏။

"သစ္စာဆိုလို့ ရလောက်အောင် ကောင်းမှုတစ်ခု ဖြစ်စေ, နှစ်ခု ဖြစ်စေ, ထို့ထက် များပြီး ဖြစ်စေ နေ့စဉ် ပြုရတယ်"-တဲ့။

"ဥပမာ-မမွှေးမွှေးမှာ ငါးပါးသီလ စောင့်ထိန်းတယ်၊ ဓာရဏာ ပရိတ်နဲ့ မေတ္တသုတ်ပရိတ် ရွတ်တယ်၊ ဘုရားရှိခိုးတယ်၊ တရားအားထုတ်ခဲ့ဖူးတယ်၊ သူတစ်ပါးအပေါ် စေတနာကောင်းထားတယ်၊ မကောင်းတဲ့ စိတ်ထား မထားဘူး၊ ဒီလိုစတဲ့ ကောင်းတဲ့ အလုပ်တွေကို မမွှေးမွှေး လုပ်နေတာပဲ။

အဲဒီအလုပ်တွေ ကို သစ္စာဆိုလို့ ရတယ်။"

"ငါဟာ ဟောဒီ, ဟောဒီလို ကောင်းတဲ့ အလုပ်တွေကို လုပ်နေပါတယ်၊ အဲဒီစကားဟာ မှန်ကန်တဲ့စကား ဖြစ်ပါတယ်၊ အဲဒီ

မှန်ကန်တဲ့ သစ္စာစကားကြောင့် ငါ့လုပ်ငန်းမှာ အခက်အခဲ မရှိဘဲ အဆင်ပြေ ချောမွေ့ပါစေ၊”-လို့ သစ္စာဆိုပြီး ဆုတောင်းလို့ ရတယ်။

“ဤသစ္စာစကား၏ အစွမ်းကြောင့်လည်းကောင်း ဤ ကောင်းမှုတို့၏ အစွမ်းသတ္တိကြောင့်လည်းကောင်း ငါရဲ့ ရည်ရွယ် ချက် အောင်မြင် အထ,မြောက်ပါစေ”-လို့ ဒီလိုလည်း ကောင်းမှု အစွမ်းကိုပါ ထည့်ပြီး ဆိုလေ့ရှိကြတယ်။”

“အဲဒီလို သစ္စာဆို, ဆုတောင်းပြီး အလုပ်လုပ်လို့ ကိုယ့် ရည်ရွယ်ချက် အောင်မြင်, အောင်မြင်လာတာကို တွေ့ရလိမ့်မယ်၊ အဲဒီအခါ ကိုယ့်ရဲ့ ကောင်းတဲ့ ကာယကံ, ဝစီကံ, မနောကံတွေ ဟာ ကိုယ့်ဘဝ အောင်မြင်ရေးအတွက် များစွာ အားကိုးစရာ ဖြစ် တာကို သဘောပေါက်လာလိမ့်မယ်၊ အဲဒီအခါ ကိုယ့်ရဲ့ ကာယကံ, ဝစီကံ, မနောကံတွေကိုလည်း ပို, ပိုပြီး ကောင်းအောင် ကြိုးစား လိုတဲ့ ဆန္ဒတွေ ဖြစ်ပေါ်လာလိမ့်မယ်၊ အဲဒီ ပိုကောင်းတဲ့ ကံတွေ ကို သစ္စာပြု, ဆုတောင်းပြီး အလုပ်လုပ်ရင် ပိုပြီး အောင်မြင်လာ လိမ့်မယ်။”

“မမွှေးမွှေး. . . သစ္စာမှာ တည်သူတွေမှာ မရနိုင်, မရောက် နိုင်တဲ့အရာဆိုတာ မရှိဘူး”-တဲ့။

စက်ာပူရောက် မမွှေးမွှေးကို စာရေးသူ စက်ာပူမှ Vipa-ssana Meditation Center ၌ တွေ့ဆုံရသဖြင့် အထက်ပါ

အားပေးစကားလေးတို့ ပြောကြားပေးသည်ကို မမွှေးမွှေးက အားရဝမ်းသာ ကျေနပ်သွားသဖြင့် ဖုန်းဆက်ပြီး ငါးမိနစ်လောက် တရားစကား ထပ်မံ မိန့်ကြားပေးရန် တောင်းပန်လျှောက်ထား လာပါသည်၊ ထို့ကြောင့် ဤဆောင်းပါးအစ၌ ဖော်ပြခဲ့သော စကားလေးတို့ကို ပြောကြားကာ ဤကဗျာလေးဖြင့် အားပေး ခဲ့ပါသည်။

## "ပန်းတိုင်"

ဘဝလောကခံ
မုန်တိုင်းထန်လည်း
အားမာန်မလျှော့
စိတ်မပျော့နှင့်၊
လောကလူဝယ်
စိတ်အားကြွယ်လျက်
ရှေ့ဝယ်တက်လမ်း
ဆက်လက်လှမ်းက
ဘဝပန်းတိုင်
သက်ဆုံးပိုင်လိမ့်။ ။

# အလိမ်မခံရပါစေနှင့်

စင်္ကာပူနိုင်ငံရှိ *Vipasssana Meditation Centre* သို့ ရောက်ခိုက် စာရေးသူ၏ အရင်းနှီးဆုံး သီတင်းသုံးဖော်တို့တွင် တစ်ပါးအပါအဝင် ဖြစ်သော အရှင်ဉာဏဓမ္မောတာဘိဝံသကို လာရောက်ကန်တော့ကြသည့် စင်္ကာပူနိုင်ငံသား ဒကာ, ဒကာမတို့ကို တွေ့ရပါသည်၊ သူတို့က စာရေးသူကို တွေ့လိုပါသည်ဟု ဆိုသဖြင့် စာရေးသူလည်း သူတို့နှင့် တွေ့ပါသည်၊ သူတို့ထဲတွင် ဒကာမတစ်ဦးက စာရေးသူ မျှော်လင့်မထားမိခဲ့သော မေးခွန်းတစ်ခုကို မေးလာပါသည်၊ နောက်မှ သိရပါသည်၊ ထိုဒကာမသည် မလေးရှားနိုင်ငံမှ စင်္ကာပူနိုင်ငံသို့ လာရောက်ပြီး အလုပ်လုပ်နေသူတစ်ဦး ဖြစ်ကြောင်း သိရပါသည်၊ သူမသည် ကျောင်းဆရာမ ဖြစ်၏၊ နာမည်မှာ- လူစီ-တဲ့၊ စာဖတ်များသူတစ်ဦးလည်း ဖြစ်ပါသတဲ့။

သူမ၏ မေးခွန်းမှာ

"ဝမ်းဗိုက်၏ ဖောင်းမှု, ပိန်မှုကို ရှုမှတ်ရတယ်လို့ ဘုရားဟော ပါဠိတော်တွေထဲမှာ မပါပါဘူး၊ ဒါကြောင့် ဖောင်း, ပိန် ရှုမှတ်တဲ့ တရားအလုပ်ကို စိတ်ဝင်စားမှု မရှိကြဘူး၊ ဒါကြောင့် ဒီရိပ်သာမှာ ဒီနည်းကို လာအားထုတ်သူတွေ များပြားလာမှာ မဟုတ်ပါဘူး၊ ဖောင်း, ပိန် မှတ်တာဟာ ဘုရားဟောထဲမှာ ပါပါသလား၊ ဘုရားဟောထဲမှာ ဓာတ်ကြီး ၄-ပါးကို ရှုရမယ်လို့တော့ ပါပါတယ်"-တဲ့။

ထိုမေးခွန်းကို မေးစဉ် မေးခွန်းရှင်ဖြစ်သူ၏ မျက်နှာကို အကဲခတ်ကြည့်လိုက်ပါသည်၊ သူမမျက်နှာမှာ ခပ်တင်းတင်း ဖြစ်နေပါသည်၊ ဤမေးခွန်းနှင့်စပ်၍ မကျေမနပ် ဖြစ်နေပုံရပါသည်၊ မဟာစည်နယ်ပယ်မှ ဒကာ, ဒကာမတွေထဲမှာ ဤမေးခွန်းမျိုးကို မေးလာလိမ့်မည်ဟု မထင်မိ၊ ထို့ကြောင့် အံ့ဩသွားမိပါသည်၊ ဤမေးခွန်းကို ဖြေရှင်းပေးဖို့ လိုလာပြီဟု စိတ်ထဲမှာ ခံစားလိုက်ရပါသည်။

"ဒကာမကြီး . . . လေ (ဝါယောဓာတ်) (၆)မျိုးကို ကြားဖူးသလား။"

သူမ အပါအဝင် ထိုဒကာ, ဒကာမပရိသတ်တို့ ကြားဖူးကြဟန်မတူ၊ စာရေးသူ မေးလိုက်သော မေးခွန်းကို စိတ်ဝင်စားသည့် အရိပ်အယောင်တို့ ပရိသတ်မျက်နှာတို့တွင် ပေါ်လွင်လာပါသည်၊

ပရိသတ်ထဲမှ တစ်ဦးက စာရေးသူ ပြောပြမည့်အချိန်ကိုတောင် စောင့်နိုင်ဟန် မတူ၊ ထိုသူက မေးလာပါသည်။

'အရှင်ဘုရား. . . အဲဒီလေ (၆)မျိုးက ဘာတွေပါလဲဘုရား၊ အမိန့်ရှိပါဘုရား'။

'ကဲ. . နားထောင်၊ ၁။ အထက်ကို ဆန်တက်တဲ့ လေ-တဲ့။

ဤနံပါတ်တစ် လေအမျိုးအစားကို ရှင်းပြဖို့ လိုမလားဟူသော အတွေးဖြင့် မေးခွန်းရှင်၏ မျက်နှာကို အကဲခတ်ကြည့်လိုက်သည့်အခါ "နားလည်ပါသည်"ဟူသော အဖြေကို ပေးသည့် အခြေအနေကို တွေ့ရပါသည်၊ ထို့ကြောင့် နံပါတ်နှစ် လေအမျိုးအစားကို ဆက်ပြောပါသည်။

၂။ အောက်ကို စုန်ဆင်းတဲ့ လေ။

သူတို့မျက်နှာဟာ O. K. အနေအထား ရှိနေပါသည်၊ ထို့ကြောင့် ဆက်ပြောပါသည်။

၃။ အူထဲမှာ ရှိနေတဲ့ လေ။

၄။ အူအပြင် ဝမ်းဗိုက်ထဲမှာ တည်ရှိနေတဲ့ လေ။

၅။ အင်္ဂါကြီး, ငယ်တွေမှာ လျှောက်သွားနေတဲ့ လေ။

၆။ ရှူရှိုက်လေ။

"အဲဒီ လေ(၆)မျိုးကို, ဘယ်အစိတ်အပိုင်းမဆို ထင်ရှားရာကို ရှုနိုင်ပါတယ်။ မရှုမှတ်ကောင်းတဲ့ လေရယ်လို့ မရှိပါဘူး၊ "ဖောင်းတယ်, ပိန်တယ်"လို့ ရှုမှတ်တာဟာ ရှူရှိုက်လေရဲ့ တွန်းကန်မှုကြောင့် တောင့်တင်းလှုပ်ရှားတဲ့ ဝါယောဓာတ်ကို ရှုမှတ်တာပါပဲ၊ သတိပဋ္ဌာန်ပါဠိတော်လာ ဓာတုမနသိကာရပိုင်းအရ ဓာတ်(၄)ပါးထဲက ဝါယောဓာတ်ကို ရှုမှတ်တာပါပဲ၊ ဝမ်းဗိုက်မှာ ထင်ရှားတဲ့ ရှူရှိုက်လေ (အဿာသပဿာသ ဝါယောဓာတ်)ကို ရှုတယ်လို့လည်း ဆိုနိုင်ပါတယ်၊ ဝမ်းဗိုက်ထဲမှာ ရှိတဲ့လေ (ကုစ္ဆိသယဝါယောဓာတ်)ကို ရှုတယ်လို့လည်း ဆိုနိုင်ပါတယ်၊ ဣရိယာပထပိုင်း, သမ္ပဇညပိုင်းအရ ကိုယ်အမူအရာရုပ်ကို ရှုတယ်လို့လည်း ဆိုနိုင်ပါတယ်။"

ဤဖြေရှင်းချက်တို့ကို ပြောပြီးသည့်အခါ မေးခွန်းရှင်၏ မျက်နှာသည် တင်းနေရာမှ ပြေလျော့၍ သွားလေပြီ၊ သို့သော် သူမ၏ မေးခွန်းထဲတွင် ဆက်လက်ပြောပြဖို့ လိုအပ်သော စကားလေးတို့ ပါဝင်နေသေးသည်၊ ထို့ကြောင့် ဤသို့ ဆက်ပြောလိုက်ပါသည်။

"ယခုခေတ်အခါ လကမ္ဘာမှာ အာကာသယာဉ်နဲ့ လူတွေရောက်နေကြတယ်ဆိုတာကို ကိုယ်တိုင် လကမ္ဘာကို မရောက်ရလို့ မယုံဘဲနေလို့ မရဘူး၊ ရောက်တဲ့သူတွေက တကယ် ရောက်နေကြတယ်၊ ဒီစက်ဘပူနိုင်ငံကို လာတဲ့လေယာဉ်ကို စီးပြီးလာရင်

စက်ဘပူကို ရောက်နိုင်တာကို မယုံလို့ သူ စီးမလာရင် ဒီစက်ဘပူ နိုင်ငံကို မရောက်နိုင်ရုံဘဲ ရှိမယ်၊ သူ မယုံတာနဲ့ ဒီစက်ဘပူ လေယာဉ်လိုင်းကို စီးသူတွေ စက်ဘပူကို မရောက်ဘူးဆိုတာတော့ မဖြစ်နိုင်ပါဘူး၊ စက်ဘပူလေယာဉ်လိုင်းတွေကို စီးပြီး ကမ္ဘာအရပ် ရပ်က လူတွေ စက်ဘပူကို ရောက်နေကြတယ် မဟုတ်လား။"

"ဒီလိုပါပဲ၊ ဒီဝမ်းဗိုက်ရဲ့ ဖောင်းမှု, ပိန်မှုကို ရှုမှတ်လို့ ရုပ်, နာမ်ကို ခွဲခြားသိတဲ့ ဉာဏ်, အကြောင်း, အကျိုး ဆက်စပ်မှုကို သိတဲ့ဉာဏ်, အနိစ္စ, ဒုက္ခ, အနတ္တကို သိတဲ့ဉာဏ်နဲ့ အသိဉာဏ်ထူး တွေကို ရသွားတဲ့သူတွေဟာ မြန်မာနိုင်ငံအတွင်းမှာရော ပြည်ပ နိုင်ငံတွေမှာပါ များစွာပဲ ရှိပါတယ်၊ မယုံလို့ မလုပ်ရင်တော့ လကမ္ဘာကို လူရောက်တာကို မယုံတဲ့သူနဲ့ စက်ဘပူလေယာဉ်လိုင်း ကို စီးရင် စက်ဘပူ ရောက်တာကို မယုံတဲ့သူတွေလို ဖြစ်နေမှာ ပေါ့။"

မေးခွန်းရှင်သည် ဤဖြေရှင်းချက်တို့ဖြင့်ပင် ကျေနပ်အားရ သွားလေပြီ၊ အခြား, အခြား နားထောင်နေသူတို့လည်း သဘော ကျသွားကြလေသည်။

သို့သော် မေးခွန်းရှင် အပါအဝင် ပရိသတ်တို့ သတိပြုသင့် သော အချက်လေးတစ်ခုကိုလည်း ပြောပြဖို့ လိုအပ်သောကြောင့် ပြောပြလိုက်ပါသည်။

"မဟာစည်ဆရာတော်ကြီးကိုယ်တိုင်ပဲ ဒီသတိပဋ္ဌာန် ရှုမှတ်နည်းကို စပြီး ကြားရတဲ့အခါမှာရော အားထုတ်နေတဲ့အခါမှာရော "ဟုတ်မှ ဟုတ်ပါ့မလား"လို့ စဉ်းစားခဲ့တယ်၊ ယုံမှားခဲ့တယ်၊ ယုံမှားတာကိုပဲ ဉာဏ်လို့ အောက်မေ့ခဲ့တယ်၊ ယုံမှားမှု ဝိစိကိစ္ဆာဟာ နှစ်ဦးနှစ်ဘက်ကို မျှမျှတတ ဆင်ခြင်တဲ့ဉာဏ်လိုလို ဟန်ဆောင်ပြီး လိမ်တတ်တယ်၊ ယုံမှားတာဟာ လူလိမ်နဲ့ တူတယ်။"

ယုံမှားမှု၏ လူလိမ်နှင့် တူပုံကို မဟာစည်ဆရာတော်ကြီးက အောက်ပါပုံပြင်လေးဖြင့် ဤသို့ ပြောပြထားကြောင်းကိုလည်း ထည့်ပြောလိုက်ပါသေးသည်။

တစ်ခါက ဘုရင်တစ်ပါးက လိမ်တတ်တယ်ဆိုတဲ့ လူတစ်ယောက်ကို ခေါ်ပြီးတော့ "ဟေ့. . . မင်း လိမ်တတ်တယ်ဆိုတာ ဟုတ်သလား"လို့ မေးသတဲ့၊ "ဟုတ်ပါတယ် ဘုရား"လို့ လျှောက်တော့ "အေး . . . ဟုတ်လို့ရှိရင် ငါ့ကို လိမ်စမ်းကွာ"လို့ ဆိုသတဲ့၊ ဒီတော့ လူလိမ်က "အရှင်မင်းကြီးလို ဘုန်းကြီးတဲ့ ပုဂ္ဂိုလ်တွေကို လိမ်ဖို့ကတော့ မလွယ်ပါဘူးဘုရား၊ အရှင်မင်းကြီးလို ဘုန်းကြီးတဲ့ ပုဂ္ဂိုလ်တွေကိုတော့ ရိုးရိုးအဝတ်အစားနဲ့ လိမ်လို့ မဖြစ်ပါဘူး၊ အရှင်မင်းကြီး ဝတ်တဲ့ အဝတ်မျိုး တစ်စုံလောက် ဝတ်ပြီးမှ လိမ်လို့ ဖြစ်နိုင်ပါတယ်ဘုရား"လို့ ပြောသတဲ့၊ "အေး. . ဒါဖြင့် ကောင်းပြီ၊ ငါ ဝတ်တဲ့ အဝတ်မျိုး တစ်စုံ ပေးလိုက်"လို့ ဆို

ပြီးတော့ ဘုရင် ဝတ်တဲ့ အဝတ်ကောင်းမျိုး တစ်စုံကို ပေးလိုက်ပါသတဲ့။

အဲဒီလို ပေးလိုက်တော့ လူလိမ်က "ယခုချက်ခြင်းတော့ မလိမ်နိုင်သေးပါ၊ ဘယ်နေ့ ဘယ်ရက်မှာ လာပြီး လိမ်ပါ့မယ်"လို့ ရက်ချိန်းပေးသွားသေးသတဲ့၊ အဲဒီရက်ချိန်းပေးတဲ့ နေ့ကျတော့ ရှင်ဘုရင်က အသင့် စောင့်နေတယ်၊ "အင်း ... ဟိုအကောင် ဟာ ဒီကနေ့တော့ ငါ့ကို လာလိမ်မှာပဲ၊ ဘယ်လိုများ လိမ်မှာပါ လိမ့်"လို့ စဉ်းစားနေသတဲ့၊ အချိန်ကုန်လို့လည်း အဲဒီလူက မလာ ဘူး၊ ဒါကြောင့် နောက်တစ်ရက်မှာ အဲဒီလူကို ဆင့်ခေါ်ပြီးတော့ "ဟေ့ အကောင်... မင်းဟာ ဒီနေ့ ဒီရက် ငါ့ကို လာပြီး လိမ် မယ်ဆိုပြီးတော့ ဘာကြောင့် လာ မလိမ်တာလဲ"လို့ မေးတယ်။

"လိမ်ပြီးပါပြီကော အရှင်မင်းကြီး"

"ဟ-အကောင် ... နင် ဘယ့်နှယ် လိမ်တာတုံး"

"ဟိုတစ်နေ့က ကျွန်တော်မျိုးက လိမ်လို့ အရှင်မင်းကြီးဆီ က ဝတ်စုံတစ်စုံတောင် ရပြီးပါပြီကော"လို့ လျှောက်တော့မှ "အင်း... အဟုတ်သားပဲ"လို့ ဆိုကာ အဲဒီတော့မှ အလိမ်ခံရ မှန်း သိသတဲ့။

အဲဒါလိုပါပဲ၊ ဝိစိကိစ္ဆာက လိမ်တယ်ဆိုပေမယ့် လိမ်မှန်း မသိဘူး၊ သူ့ကို ဉာဏ်မှတ်နေတတ်တယ်၊ ဝိစိကိစ္ဆာက ဉာဏ်

ယောင်ဆောင်ပြီး အမျိုးမျိုး ဝေဖန်နေပါရော၊ အဲဒါနဲ့ ယုံကြည်မှု သဒ္ဓါတရားတွေ ပျက်ကုန်တတ်တယ်၊ အဲဒါ အရေးကြီးပါတယ်၊ ဘုန်းကြီးလည်း မှတ်ရင်း မှတ်ရင်းနဲ့ နောက်ပိုင်းကျတော့ သဘောပေါက်လာပါတယ်"-တဲ့။

မေးခွန်းရှင်အပါအဝင် ပရိသတ်အားလုံးသည် ကျေးဇူးများစွာတင်ကာ သာဓုအနုမောဒနာပြုသွားကြပါလေ၏၊ ဒကာမကြီး "လူစီ"လည်း ကိုတာတင်ဂီ တရားစခန်းသို့ လာရောက်တာ တစ်ပတ် တရားအားထုတ်သွားပါလေ၏၊ တရားသဘောလေးတွေ ကိုယ်တွေ့ကြုံသွားပါလေ၏။

# ပြည်ပနှင့် မြန်မာ့သာသနာ

မြန်မာဟင်းနှင့် ခွဲခွာခဲ့ရသည်မှာ နှစ်လကြာခဲ့လေပြီ၊ ဒီနေ့ (၂၀. ၁. ၉၈)တွင် မြန်မာထမင်း, မြန်မာဟင်းနှင့် ပြန်လည် ဆုံဆည်းရပေပြီ၊ အချိန်ကြာမြင့်စွာ အလွန်အမင်း ရင်းနှီးရသော သူတစ်ဦးနှင့် ပြန်လည်ဆုံဆည်းရသည့်နှယ် ရှိနေပါ၏၊ စင်္ကာပူနိုင်ငံ Vipassana Meditation Centre သို့ ပြန်ရောက်လာရာ ဤရိပ်သာမှ ကပ္ပိယကာရက- မောင်ကျော်မင်း, ဦးဝင်းမောင်, မောင်သုခတို့ ချက်ကပ်သော အရဏ်ဆွမ်းနှင့် စင်္ကာပူရောက် မြန်မာဒကာ, ဒကာမတို့ လာပို့သော နေ့ဆွမ်းကို စားရသောကြောင့် ဖြစ်ပါ၏၊ မလေးရှားနိုင်ငံတွင် ကိုတာတင်ဂီမြို့ရှိ သန္တိသုခါရာမရိပ်သာ၌ တစ်လ, ပီနန်ကျွန်းရှိ M. B. M. C. ဌာန၌ တစ်လ သတိပဋ္ဌာန်ယောဂီတို့အား တရားအကူအညီ ပေးခဲ့ရာ မလေးရှားမှ တရုတ်ဒကာ, ဒကာမတို့ ဆက်ကပ်သော တရုတ်အစားအစာကိုသာ စားခဲ့ရပါသည်၊ မလေးရှားတရုတ်တို့၏ ထမင်းကမူ မြန်မာထမင်းနှင့် တူပါ၏။

တရုတ်ဟင်းတို့သည်ကား ဆား မပါသဖြင့် ပေါ့ရွတ်နေ၏၊ ချိုချိုရဲရဲလည်း ရှိလှ၏၊ ကျေးဇူးရှင် ရွှေတောင်ကုန်း သာသနာ့ ရိပ်သာဆရာတော် ပီနန်တရားစခန်း ကြွခဲ့စဉ်က ဆရာတော် မိန့်ကြားခဲ့သော စကားလေးကို တစ်ဆင့်ကြားခဲ့ရပါ၏၊ ဆရာ တော် မိန့်တော်မူသည့် စကားလေးကား- "ဆား မရှိတဲ့ တိုင်းပြည် ကို ရောက်နေရသလိုပဲ"တဲ့၊ မြန်မာဟင်းမှာကဲ့သို့ ဆီလည်း မတွေ့ ရပါ၊ ဆီနှင့် ဆားကို တရုတ်တို့က ကျန်းမာရေးအရ ရှောင်ကြ ဟန် တူပါ၏၊ အချဉ်နှင့်အစပ်ကိုလည်း မြန်မာတို့လောက် မစား ကြ၊ သစ်သီးဝလံကိုကား မြန်မာတို့ထက် ပို၍ စားကြဟန် တူ၏၊ သံဃာတော်တို့အား သစ်သီးမျိုးစုံ များစွာ နေ့စဉ် ကပ်လှူကြပါ ၏၊ မလေးရှား၌ တရုတ်လူမျိုးတို့ ရှိနေသေး၍သာ တော်သေးပါ ၏၊ သို့မဟုတ်လျှင် ဗုဒ္ဓသာသနာသည် မလေးရှား၌ ကွယ်ပျောက် သလောက် ရှိနေပေရော့မည်၊ တရုတ်လူမျိုးသည် သူတို့လူမျိုး ချင်း ကူညီစောင့်ရှောက်ရိုင်းပင်းလေ့ရှိကြသကဲ့သို့ သူတို့ ကိုး ကွယ်သော ဗုဒ္ဓသာသနာကိုလည်း ထိန်းသိမ်းစောင့်ရှောက်ကြပါ ၏။

တရုတ်လူမျိုးသည် ကမ္ဘာတစ်ဝှန်း အနှံ့အပြားမှာ ရှိပါ သတဲ့၊ ထို့ကြောင့် တချို့သော လူတို့က ဤသို့ ပြောကြပါလေ၏၊ "ရေ ရှိတဲ့အရပ်မှာ တရုတ် ရှိတယ်"တဲ့၊ ယခုခေတ်မှာ အထက်ပါ စကားကို ပြင်၍ ဆိုနေကြလေ၏၊ "လေရှိရာ အရပ်မှာ တရုတ်

ရှိတယ်”-တဲ့၊ တရုတ်တို့သည် စီးပွားရေးကို အထူးကြိုးစားရာ သကဲ့သို့ ကျန်းမာရေးကိုလည်း အထူးလိုက်စားကြပုံပေါ်ပါ၏၊ ဥယျာဉ်, တစ်ဘက်ဆည်ကန်, ပင်လယ်ကမ်းခြေ စသော နေရာတို့၌ လမ်းလျှောက်ကြသူတို့မှာ မလေးရှားလူမျိုးတို့ထက် တရုတ်လူမျိုးတို့ကိုသာ များစွာ မလေးရှား၌ တွေ့ခဲ့ရပါ၏၊ စင်္ကာပူမှ တရုတ်တို့ထက် မလေးရှားတရုတ်တို့က ပို၍ တရားရှုမှတ် ပွားများကြသည်ကို တွေ့ရပါ၏၊ ပီနန်၌ M. B. M. C. အလုပ်အားရက်တို့တွင် အချိန်အားရသမျှ တရားလာ၍ ရှုမှတ်ကြသူတို့ကို တွေ့ရပါ၏၊ မလေးရှားထက် ပို၍ တိုးတက်ဖွံ့ဖြိုးသော စင်္ကာပူက ဒေါ်လာနောက်သို့ ပို၍ လိုက်နေကြ၏၊ စင်္ကာပူသူ, စင်္ကာပူသားတို့မှာ မလေးရှားသူ, မလေးရှားသားတို့လောက် အချိန် အားလပ်ကြပုံ မရ၊ ပို၍ ရေးကြီးသုတ်ပြာ ရှိကြ၏။

မလေးရှားထက် စင်္ကာပူက ပို၍ ကောင်းသော အရာတစ်ခု ရှိပါသေး၏၊ ဗုဒ္ဓသာသနာရေးရာ ကိစ္စတို့ကို လွတ်လပ်စွာ ဆောင်ရွက်နိုင်ခွင့် ရှိမှုပင် ဖြစ်ပါ၏၊ စင်္ကာပူနိုင်ငံသူ, နိုင်ငံသားတို့သည်လည်း ဝိပဿနာတရားကို ပို၍_ပို၍ စိတ်ဝင်စားကာ လိုက်စားနေကြပါပြီ၊ မြန်မာနိုင်ငံရှိ တရားရိပ်သာတို့သို့ သွားရောက်ကာ တရားအားထုတ်သူတို့ ရှိလာကြသကဲ့သို့ နီပေါ, အိန္ဒိယ, ထိုင်း, သီရိလင်္ကာနိုင်ငံတို့သို့လည်း သွားရောက်အားထုတ်နေကြပါ၏၊ မြန်မာနိုင်ငံမှ ရွှေတောင်ကုန်း သာသနာ့

ရိပ်သာ, မဟာစည်သာသနာ့ရိပ်သာ, ချမ်းမြေ့ရိပ်သာ, သဒ္ဓမ္မရံသီ သာသနာ့ရိပ်သာ စသော တရားရိပ်သာတို့သို့ သွားရောက်ကာ အားထုတ်နေကြပါ၏၊ ရွှေတောင်ကုန်း သာသနာ့ရိပ်သာ ဆရာတော်, ချမ်းမြေ့ဆရာတော်, သဒ္ဓမ္မရံသီ သာသနာ့ရိပ်သာ ဆရာတော် စသော ဆရာတော်တို့ကလည်း စင်္ကာပူသို့ ကြွရောက်ကာ တရားဟော, တရားပြပေးလေ့ရှိပါ၏။

စင်္ကာပူ၌ကား ဝိပဿနာတရားဌာန (၂) ခုကိုသာ သိရပါ၏၊ ဤဝိပဿနာတရားဌာနနှင့် ဗုဒ္ဓဓမ္မမဏ္ဍလအဖွဲ့တို့ ဖြစ်ပါ၏၊ မလေးရှားနိုင်ငံ၌ကား စင်္ကာပူမှာထက် ပို၍ များနေပါ၏၊ တရားဌာနကြီးကြီးငယ်ငယ် (၂၀)လောက် ရှိနေပါသတဲ့၊ ဤဌာနများအားလုံးသည် မဟာစည်ဆရာတော်ကြီး၏ နည်းနှင့်အညီ ဆောင်ရွက်နေကြသည့် ဌာနများ ဖြစ်ကြပါ၏၊ စင်္ကာပူနှင့် မလေးရှားမှ တရားအားထုတ်လိုကြသည့် ဒကာ, ဒကာမတို့ကား တရားပြသည့် သံဃာတော်တို့ကို လွန်စွာ လိုလားကြပါ၏၊ တရားပြပေးသည့် သံဃာတော်တို့ သူတို့တရားဌာနတို့သို့ ရောက်လာကြလျှင် အလွန်ပင် ဝမ်းသာကြပါ၏၊ သူတို့အဖို့ တရားပြပေးသော သံဃာတော်သည် ရခဲသောအရာ ဖြစ်နေပါ၏။

သတိပဋ္ဌာန်ဝိပဿနာတရားနှင့် ပတ်သက်လာလျှင် ဤမလေးရှားနှင့် စင်္ကာပူနိုင်ငံတို့ကသာမက အရှေ့တိုင်း, အနောက်

တိုင်း နိုင်ငံပေါင်းများစွာတို့က မြန်မာနိုင်ငံကိုသာ အားကိုးနေကြပါ၏၊ မြန်မာနိုင်ငံမှ တရားရိပ်သာတို့သို့ အရှေ့တိုင်း, အနောက်တိုင်းနိုင်ငံများစွာမှ နိုင်ငံသူ, နိုင်ငံသားတို့ လာရောက်ကာ တရားအားထုတ်နေကြပါသည်၊ သူတို့နိုင်ငံအသီးသီးတို့သို့လည်း မြန်မာဆရာတော်တို့ကို ပင့်ကာ မြန်မာဆရာတော်တို့၏ ညွှန်ပြမှုကို ခံယူ၍ တရားအားထုတ်နေကြပါသည်။ စံလွန်တော်မူကြပြီးသော မဟာစည်ဆရာတော်, တောင်ပုလုဆရာတော်တို့အပြင် ယခုသက်တော်ထင်ရှားရှိတော်မူကြသည့် ဧရွှေတောင်ကုန်း သာသနာ့ရိပ်သာဆရာတော်, ချမ်းမြေ့ရိပ်သာဆရာတော်, သဒ္ဓမ္မရံသီ သာသနာ့ရိပ်သာဆရာတော် စသည်ကဲ့သို့သော ပရိယတ်, ပဋိပတ် စွယ်စုံဆရာတော်တို့ မြန်မာနိုင်ငံမှာ ဆက်လက် ပေါ်ထွက်နေပါလျှင် မြန်မာနိုင်ငံမှ ပဋိပတ်သာသနာသည် ပြည်ပ၌ ပို၍ ပို၍ ကျယ်ပြန့်လာနေပါလိမ့်မည်။

မြန်မာနိုင်ငံမှ သံဃာတော်တို့သည် ပရိယတ်, ပဋိပတ်သာမက အင်္ဂလိပ်စာပါ ကျွမ်းကျင်ကြပါလျှင် မြန်မာမှ ဗုဒ္ဓသာသနာသည် ပြည်ပတွင် ပို၍ ပို၍ ပြန့်ပွားနိုင်လာပါလိမ့်မည်၊ မြန်မာ, ထိုင်း, သီရိလင်္ကာဟူသော ထေရဝါဒနိုင်ငံတို့တွင် သီရိလင်္ကာမှ သံဃာတော်တို့သည် အင်္ဂလိပ်စာ အတတ်ဆုံး ဖြစ်ကြပါ၏၊ မြန်မာနှင့် ထိုင်းမှ သံဃာတော်တို့သည် သီရိလင်္ကာသံဃာတော်တို့လောက် အင်္ဂလိပ်စာ မတော်ကြ, မတတ်ကြပါ၊ ထေရဝါဒ

ပါဠိတော်, အဋ္ဌကထာ, ဋီကာတို့ ကျွမ်းကျင်တတ်မြောက်ရာ၌ကား မြန်မာသံဃာတော်တို့သည် အသာဆုံး ဖြစ်သည်ဟု ဆိုကြပါ၏၊ သီရိလင်္ကာသံဃာတော်တို့သည် မြန်မာသံဃာတော်တို့လောက် ပါဠိစာပေ မတတ်ငြားသော်လည်း သူတို့သိထားသမျှ ပါဠိစာပေဗဟုသုတတို့ကို ပြည်ပနိုင်ငံတို့သို့ ပြန့်ပွားအောင် ကြိုးစားနိုင်ကြသည်၊ အကြောင်းကား- ကမ္ဘာ့လူသားအများစု နားလည်သော အင်္ဂလိပ်စကားကို သီရိလင်္ကာသံဃာတော်တို့က ပြောနိုင်, ရေးနိုင်ကြသောကြောင့်ပါတည်း။

အင်္ဂလိပ်စာ မတတ်ကျွမ်းကြသော မြန်မာသံဃာတော်တို့၏ ပိဋကပညာသည် သော့ခတ်ထားသည့် သေတ္တာထဲမှ ရတနာပစ္စည်းကဲ့သို့ ဖြစ်နေသည်ဟု ဆိုကြပါ၏၊ အင်္ဂလိပ်စာပါ တတ်ကျွမ်းလာကြပါလျှင် မြန်မာသံဃာတော်တို့၏ ပိဋကပညာကို ပြည်ပသားတို့အား လွယ်ကူစွာ ပေးနိုင်လာကြပါလိမ့်မည်၊ မြန်မာနိုင်ငံမှ သာသနာတော်ဆိုင်ရာ တက္ကသိုလ်ကြီးတို့သည် ဤအခြေအနေမျိုးထိ ဆိုက်ရောက်လာအောင် ကြိုးစားနိုင်ကြလျှင် မည်မျှကောင်းလေမည်နည်း၊ ပြည်ပသားတို့အတွက် အင်္ဂလိပ်လို ပြန်ဆိုထားသော ပိဋကစာပေတို့က ရှိနေပြီဖြစ်သဖြင့် ပိဋကကို လေ့လာသူ ပြည်ပသားတို့မှာလည်း ပိဋကစာပေဗဟုသုတ ရှိနေကြပါသည်၊ ထို့ကြောင့် ပြည်ပသားတို့အဖို့ ပို၍ လိုအပ်သော အရာမှာ ဝိပဿနာတရား အားထုတ်မှုပင် ဖြစ်ပါသည်၊ ထို့ကြောင့် မြန်မာ

သံဃာတော်တို့ ဝိပဿနာတရားတို့ကို ကျကျနန ပြပေးနိုင်ဖို့ အရေးကြီးလှပါသည်။

ထိုသို့ မြတ်စွာဘုရားတရားတို့ ပြန့်ပွားအောင် ပြည်ပ၌ ဆောင်ရွက်ရာတွင် အစားအသောက်, ရာသီဥတု, ယဉ်ကျေးမှု, အတွေးအခေါ်, ဓလေ့စရိုက် စသည်တို့ မြန်မာနှင့် ခြားနားမှု ရှိလေသဖြင့် အရာရာ သည်းခံမှု ရှိဖို့သည်လည်း အရေးကြီးသော အရာတစ်ခု ဖြစ်ပါ၏၊ မြန်မာသံဃာတော်တို့ ရရှိထားသော ပညာတရားကို ခန္တီ, မေတ္တာ, ကရုဏာတို့ကို လက်ကိုင်ထားကာ ဖြန့်ပါမှ ပြန့်ပွားနိုင်သည်ကိုလည်း နားလည်သဘောပေါက်မိပါသည်၊ အနာဂတ်မြန်မာ့သာသနာ ပို၍ ပြန့်ပွားလာအောင် ပစ္စုပ္ပန်မြန်မာသံဃာတော်တို့ ကြိုးစားကြရမည် ဖြစ်ပါသတည်း။

# ပီနန်ကျွန်း၏ အလှ

"ပီနန်ကျွန်းကို မရောက်ရင် မလေးရှားကို ရောက်သည် မမည်၊ ပီနန်တောင်ထိပ်ကို မရောက်ရင်လည်း ပီနန်ကို ရောက်သည် မမည်။"-တဲ့။

ပီနန်ကျွန်းသူ, ကျွန်းသားတို့က သူတို့၏ ပီနန်ကျွန်းနှင့် ပီနန်တောင်ကို တင်စားပြီး ပြောကြပုံပေါ်ပါ၏၊ တင်စားမည်ဆိုလျှင်လည်း တင်စားလောက်သည် ထင်ပါ၏၊ ပေပေါင်း(၂၇၀၀) မြင့်သော ပီနန်တောင်ထိပ်ပေါ်သို့ ဓာတ်ရထားဖြင့် တက်ရပါသည်၊ တောင်ထိပ်မှ တောင်အောက်ကို ကြည့်လိုက်လျှင် ပီနန်မြို့ရှုခင်းကို တွေ့ရပါ၏၊ ပီနန်ကျွန်းသည် မလေးရှားပြည်မနှင့် ပင်လယ်ခြားနေသဖြင့် ဖြတ်ကျော်ရန် တည်ဆောက်ထားသော ရှည်လျားလှသည့် တံတားကြီးကို တောင်ထိပ်မှ မြင်တွေ့ရပါ၏၊ သစ်ပင်ကြီးငယ်တို့ဖြင့် စိမ်းလန်းစိုပြေ ညို့မှိုင်းနေသော တောင်တန်းတို့နှင့် မြင့်လှသော တိုက်တာအဆောက်အဦးတို့ကလည်း ပီနန်၏ အလှကို ဖော်ပြနေကြသယောင်ရှိပါ၏၊ ပီနန်၏ အလှကို

နှစ်မျိုး မြင်ရပါ၏၊ နေ့အခါ တွေ့ရသော အလှနှင့် ညအခါ တွေ့ရ-သော အလှသည် တောင်ထိပ်ပေါ်မှ ရှုစားသူတို့အတွက် ခြားနားမှု ရှိနေပါ၏၊ အစိမ်း, အဝါ, အနီ, အဖြူ အရောင်မျိုးစုံသော လျှပ်စစ်မီးရောင်တို့ဖြင့် ထွန်းလင်းတောက်ပနေသော ပီနန်ညာ၏ အလှကို အထင်းသား မြင်တွေ့ရပါ၏၊ ကားလမ်းတို့တွင် မောင်းနှင်နေသော ကားမီးတို့မှာ နေရာများစွာတို့၌ တသီတတန်းကြီး ဖြစ်နေသဖြင့် ပုရွတ်ဆိတ်အတန်းတို့ပမာလည်း ဖြစ်နေပါ၏၊ မှိတ်တုတ် မှိတ်တုတ် ဖြစ်နေသော ကားမီးအရောင်တို့ကို မြင်ရသည့်အခါ ပိုးစုန်းကြူးအရောင် မှိတ်တုတ်, မှိတ်တုတ် ဖြစ်နေပုံကို သတိရစေပါ၏။

ပီနန်ကျွန်း၌ တရုတ်တို့က များပြီး မလေးရှားတို့က အနည်းစု ဖြစ်နေပါ၏၊ ဗုဒ္ဓဘာသာဝင်တို့မှာ တရုတ်လူမျိုးတို့က များပါ၏၊ ဗုဒ္ဓဘာသာဝင်တို့တွင်လည်း ထေရဝါဒ ဗုဒ္ဓဘာသာဝင်တို့ထက် မဟာယာနဗုဒ္ဓဘာသာဝင်တို့က ပို၍ များပါ၏၊ မဟာယာန အဆောက်အဦးတို့မှာ ဟိန်းလျက်ဟီးလျက် ရှိကြပါ၏၊ နိုင်ငံခြားသားတို့ပင် လာရောက်လေ့လာကြည့်ရှုကြလေ၏၊ မြန်မာနိုင်ငံ၌ ဘုရားစေတီတော်တို့ကို နေရာတကာမှာ လွယ်ကူစွာ ဖူးတွေ့ရသော်လည်း ပီနန်ကျွန်းမှာ မြန်မာဘုန်းကြီးကျောင်းမှ စေတီတော်ကြီး တစ်ဆူကိုသာ ရှားရှားပါးပါး ဖူးတွေ့ရပါသည်၊ တစ်ဆူတည်းသော ထိုစေတီတော်ကြီးကို ဖူးတွေ့ရသည့်အခါ မြန်မာနိုင်ငံမှ

စေတီတော်များစွာကို ပြန်လည်အောက်မေ့မိပါသည်၊ စိတ်ထဲမှာ ကြည်နူးမှုကိုလည်း ထူးခြားစွာ ခံစားလိုက်ရပါသည်၊ မြန်မာနိုင်ငံ၌ မြန်မာဆရာတော်တို့ ဟောကြားထားသော တရားတိတ်ခွေတို့မှ တရားသံတို့ကို နေရာများစွာမှာ ကြားနာရသော်လည်း ပီနန်နှင့်တကွ မလေးရှားတစ်နိုင်ငံလုံးမှာကား ထိုသို့ ကြားနာခွင့် မရပါ၊ ကက်ဆက်ဖြင့် တရားဖွင့်သံကို မနာခံရပါ၊ ထိုသို့ ကြားနာခွင့် မရသဖြင့် အသံချဲ့စက်ဖြင့် ဖွင့်လေ့ရှိသော မြန်မာနိုင်ငံမှ တရားသံကို ပြန်လည်ကြားယောင်နေမိပါသည်။

ပီနန်ကျွန်းနှင့်တကွ မလေးရှားတစ်နိုင်ငံလုံး၌ စေတီတော်၊ ပုထိုးတော်တို့ကို ဖူးတွေ့ခွင့် မသာသော်လည်း သတိပဋ္ဌာန် ဓမ္မစေတီကို သူတို့နှလုံးသား၌ တည်နေကြသူတို့ကိုကား မြင်တွေ့ရပါ၏၊ သတိပဋ္ဌာန်ဓမ္မစေတီ၏ တန်ဖိုးကို သိကြသောသူတို့သည် နေရာများစွာမှာ တည်နိုင်အောင် ကြိုးစားနေကြပါ၏၊ ပီနန်မြို့မှ M. B. M. C. (မလေးရှား ဗုဒ္ဓဘာသာ ကမ္မဋ္ဌာန်းဌာန)ကား သတိပဋ္ဌာန်ဓမ္မစေတီ တည်လိုသူတို့ အမြဲ ရှိနေရာ ဌာနကြီး ဖြစ်ပါ၏၊ သတိပဋ္ဌာန်ဓမ္မစေတီ တည်နည်းကို သင်ပြပေးသော ကမ္မဋ္ဌာန်းဆရာတို့လည်း ဤဌာနကြီး၌ အမြဲ ရှိနေ၏၊ တည်နည်းကို သင်ယူပြီး လက်တွေ့တည်နေကြသူတို့လည်း အမြဲ ရှိနေ၏၊ တချို့လည်း လနှင့်ချီ၍ တည်နေကြ၏၊ တချို့လည်း တစ်ပတ်၊ နှစ်ပတ်၊ တချို့လည်း အားလပ်ရက်၊ တချို့လည်း အချိန်ပိုင်း

တည်နေကြ၏၊ မလေးရှားနိုင်ငံမှသာမက ပြည်ပနိုင်ငံတို့မှလည်း လာရောက်ကာ သတိပဋ္ဌာန်ဓမ္မစေတီကို သူတို့နှလုံးသား၌ တည်နေကြလေ၏၊ ဤဌာနကြီးသည် မလေးရှားနိုင်ငံ၌ အကြီးမားဆုံး ကမ္မဋ္ဌာန်းဌာနကြီးလည်း ဖြစ်ပါ၏၊ ဤဌာနကြီး၌ အလျား ပေ (၁၀၀)ကျော်, အနံပေ(၅၀)ကျော်ရှိ သုံးထပ်ကျောင်းဆောင်ကြီးသည် များစွာသော ယောဂီတို့ တရားထိုင်ရာ, စင်္ကြံလျှောက်မှတ်ရာ နေရာဖြစ်သည့်အပြင် တရားနာယူရာ ဌာန, စာကြည့်တိုက်, ရုံးနှင့် တနင်္ဂနွေ ကျောင်းသူကျောင်းသားတို့ စာသင်ယူရာ ဌာနလည်း ဖြစ်ပါ၏၊ ဤဌာနကြီးကို စတင်တည်ထောင်ခဲ့သူမှာ ထိုင်းရဟန်းတော် ဖြစ်သဖြင့် သုံးထပ်ကျောင်းဆောင်ကြီးမှာ ထိုင်းကျောင်းပုံစံ ဖြစ်နေပါသည်၊ ဤရိပ်သာ၏ အကျယ်အဝန်းမှာ (၂)ဧကကျော် ရှိပါသည်။

ဤရိပ်သာကြီး၏ ရုံးခန်း၌ ဤရိပ်သာသို့ လာရောက်ပြီး တရားပြပေးကြသည့် ဆရာတော်တို့၏ ဓာတ်ပုံတို့ကို ပူဇော်ထားပါ၏၊ မဟာစည်ဆရာတော်ကြီး, ပဏ္ဍိတာရာမ ရွှေတောင်ကုန်း သာသနာ့ရိပ်သာဆရာတော်ကြီးနှင့် ပဏ္ဍိတာရာမဆရာတော်ကြီး၏ တပည့်များဖြစ်သော မင်းလှအရှင်ဝါယမိန္ဒ၊ ကျစွာဆရာတော် အရှင်လက္ခဏ၊ ပြွန်တန်ဆာ အရှင်သုန္ဒရ၊ နီပေါဆရာတော် အရှင်ဉာဏပုဏ္ဏိက၊ ဩစတြေးလျရောက် - အရှင်ပညာသာမိ၊ အမေရိကရောက် - အရှင်ဓမ္မပိယ၊ စင်္ကာပူရောက် - အရှင်ရာဇိန္ဒ၊

နီပေါရောက်- အရှင်အာသဘာစာရ၊ ကလေးမြို့မှ အရှင်ဝါသေဌာဘိဝံသတို့၏ ပုံတွေ ဖြစ်ပါ၏၊ မဟာစည်ဆရာတော်ကြီးလည်း ဤရိပ်သာသို့ ကြွရောက်ကာ တရားဟောခဲ့ဖူးပါ၏။

ရွှေတောင်ကုန်း သာသနာ့ရိပ်သာဆရာတော်၏ အစီအစဉ်အရ အရှင်ပညာသာမိ, အရှင်ဓမ္မပိယ, အရှင်ရာဇိန္ဒတို့သည် ဤရိပ်သာကြီး၌ အချိန်ကြာမြင့်စွာ ဆောင်ရွက်ခဲ့ပါသည်၊ ရဟန်း, ကိုရင်, သီလရှင် အဖြစ်ဖြင့် သာသနာ့အသွင်ကို ခံယူသူတို့လည်း ရှိလာကြပါသည်၊ ဤရိပ်သာကြီး၌ ထိုအရှင်သုံးပါး အင်္ဂလိပ်လို ကြိုးစားခွင့် ရသဖြင့် အရှင်ပညာသာမိနှင့် အရှင်ဓမ္မပိယတို့မှာ အင်္ဂလိပ်လို တရားစစ် နိုင်ရုံမက အင်္ဂလိပ်လို တရားလည်း ဟောနိုင်နေကြပြီ၊ အရှင်ရာဇိန္ဒကား အင်္ဂလိပ်လို တရားစစ်နိုင်ပြီ။

မဟာစည်ဆရာတော်ကြီးနှင့် ရွှေတောင်ကုန်း သာသနာ့ရိပ်သာဆရာတော်၏ တရားစာအုပ်တို့ကိုလည်း ဤရိပ်သာကြီးက ဖြန့်ဝေနေပါသည်၊ ရဟန်း, ကိုရင်, သီလရှင်, အမျိုးသား, အမျိုးသမီးယောဂီ အသီးသီးတို့၏ အရ္ပက်နှင့် နေ့ဆွမ်းအတွက် ဒါယကာရှင်တို့နှင့် ဝေယျာဝစ္စဆောင်ရွက်ကြသူတို့ကို နေ့စဉ် တွေ့နေရသည်မှာလည်း အားရစရာပါပင်။

ကျေးဇူးတော်ရှင် ရွှေတောင်ကုန်း သာသနာ့ရိပ်သာ ဆရာတော်သည် ကိုယ်တော်တိုင် မကြွရောက်နိုင်သဖြင့် ဆရာတော်၏

တာဝန်ပေးချက်အရ ဤရိပ်သာကြီး၌ စာရေးသူသည် တစ်လ တရားပြ, တရားဟောပေးရပါသည်၊ ဆရာတော်အသီးသီးတို့၏ အဆုံးအမတို့ကို ခံယူထားကြသည့် ယောဂီတို့ ဖြစ်ကြသည့် အလျောက် တရားကို ကြိုးကြိုးစားစား ရှုမှတ်ကြပါ၏၊ မလေးရှား၌ ကျောင်းပိတ်ချိန် ဖြစ်သဖြင့် ကျောင်းဆရာ, ဆရာမတို့သည် လာရောက်တရားအားထုတ်ကြပါ၏၊ များသောအားဖြင့် တရားရှုမှတ်ဖူးသူတွေ များပါ၏၊ တချို့လည်း မြန်မာနိုင်ငံသို့ လာရောက်အားထုတ်ထားကြသူတွေ ဖြစ်ပါ၏။

ရုပ်ဝတ္ထုတို့ဖြင့် ကြွယ်ဝတိုးတက်နေသောကြောင့် လှပနေသော ပီနန်ကျွန်းတွင် စိတ်ပိုင်းဆိုင်ရာအလှ တိုးတက်မှု ရှိလာအောင် ကြိုးစားနေကြသော ဗုဒ္ဓဘာသာဝင်တို့ကြောင့် ဘုရားသားတော်တစ်ပါးဖြစ်သော စာရေးသူ၏အမြင်၌ ပီနန်ကျွန်းသည် စိတ်ဝင်စားစရာ အလှ ရှိနေသည်ဟု မြင်မိပါသည်၊ စိတ်ဝင်စားစရာ စိတ်အလှပိုင်ရှင်တို့ကိုသာ ပီနန်ကျွန်းမှာ မမြင်တွေ့ခဲ့ရပါလျှင် သာမန်ရိုးရာအလှ တည်ရှိရာ ဌာနတစ်ခုအဖြစ်ဖြင့်သာ မြင်မိပါလိမ့်မည်၊ ပီနန်ကျွန်းမှာ စိတ်ဝင်စားစရာ စိတ်အလှတည်ရှိနေသမျှ ပီနန်သည် ထူးခြားစွာ လှပနေမည်မှာ မလွဲပါတည်း။

ရုပ်ဝတ္ထု လှပမှုတို့ ကြွယ်ဝသလောက် စိတ်လှပမှုတို့ ကင်းပျောက်နေသော နေရာသည် ရောက်လာသူတိုင်း၏ စိတ်ကို သိမ်း

ကြုံးဆွဲဆောင်အား တာရှည်စွာ မရှိနိုင်ပါပေ၊ ရုပ်ဝတ္ထု လှုပ်မှုလည်း ရှိ၊ စိတ်လှုပ်မှုလည်း တည်ရှိနေသော နေရာသည်ကား ရောက်လာသူတိုင်းကို တသသနှင့် အောက်မေ့အမှတ်ရနေစေမည်သာတည်း။

# ပီနန်ကျွန်းမှ ဗုဒ္ဓယဉ်ကျေးမှုသင်တန်း

"သားသမီးတို့အတွက် ကိုယ့်တစ်သက်တွင် ကျေနပ်လောက်အောင် စောင့်ရှောက်ရုံမျှဖြင့် အားမရသေးဘဲ သေသည်မှနောက်ဖြစ်သော နောင်ရေးကိုပင် တွေး၍ ပူပင်လေ့ရှိသော မိဘတို့၏မေတ္တာတော်အဟုန်ကား ဆိုင်ရာ သားသမီးတို့အပေါ်၌ အမြော်အမြင်ကြီးမားလေစွ"

ဤနေ့သည် တနင်္ဂနွေနေ့ ဖြစ်သည်၊ သို့ဖြစ်၍ M.B.M.C. (မလေးရှား ဗုဒ္ဓဘာသာကမ္မဋ္ဌာန်းဌာန)၌ နေ့ဆွမ်းစားချိန် မတိုင်မီ ကားတို့ဖြင့် ပြည့်နေသည်၊ တနင်္ဂနွေသည် ရုံးပိတ်ရက် ဖြစ်သကဲ့သို့ ကျောင်းပိတ်ရက်လည်း ဖြစ်သည်၊ ရုံးပိတ်ရက်ဖြစ်၍ နေ့ဆွမ်းအတွက် အလှူရှင်တို့လည်း များစွာ လာကြသည်၊ ဆွမ်းကျောင်းတွင် ဆွမ်းမကပ်မီ သီလယူ, ပရိတ်နာ, ရေစက်ချစဉ် အလှူရှင်ပရိသတ်မှာ တစ်ရာလောက်ပင် ရှိအံ့ထင်သည်၊ ကျောင်းပိတ်ရက်ဖြစ်၍ ကျောင်းသား, ကျောင်းသူတို့က M.B.M.C. ၌

ဗုဒ္ဓယဉ်ကျေးမှုစာပေတို့ကို သင်ယူကြလေသည်၊ မိဘတို့က သား၊ သမီးတို့ကို ဤဗုဒ္ဓယဉ်ကျေးမှုသင်တန်းသို့ ကားဖြင့် လာပို့ကြသဖြင့်လည်း ကားတို့မှာ ပို၍ များနေလေသည်။

မလေးရှား၊ ပီနန်ကျွန်းရှိ ဤ M.B.M.C. ဌာနသည် တရားအားထုတ်လိုသည့်ယောဂီတို့အတွက်သာ အားကိုးရာ ဖြစ်ရုံမျှမက ငယ်ရွယ်သူလေးတို့အတွက်လည်း အားကိုးရာ ဖြစ်နေသည်ကို တွေ့ရပါသည်၊ ဤ M.B.M.C. ဌာန၌ ဗုဒ္ဓယဉ်ကျေးမှု သင်တန်းကို (၅)တန်း ခွဲ၍ သင်ပေးပါသည်၊ သင်တန်းသူ၊ သင်တန်းသားများမှာ အသက်(၇)နှစ်မှ (၁၅)နှစ်အရွယ်ရှိသူကို့ ဖြစ်ကြပါသည်၊ သင်ပြပေးကြသည့် ဆရာတို့မှာ လူဝတ်ကြောင် အမျိုးသား၊ အမျိုးသမီးများ ဖြစ်ကြပါ၏၊ သင်တန်းဆရာတို့ရော သင်တန်းသားတို့ပါ အားလုံး တရုတ်လူမျိုးတို့သာ ဖြစ်ကြပါ၏၊ သင်ယူချိန်မှာ တနင်္ဂနွေနေ့တိုင်း နံနက်(၉)နာရီမှ (၁၀)နာရီအထိ ဖြစ်ပါ၏။

ကလေးတို့ကိုရော၊ မိဘတို့ကိုရော၊ ဆရာတို့ကိုပါ စာရေးသူ၏ စိတ်ထဲတွင် အားရကျေနပ်မိသလို ကျေးဇူးလည်း တင်နေမိပါသည်၊ သူတို့ကို ကြည့်ရင်း ကျေးဇူးရှင် ပဏ္ဍိတာရာမ ရွှေတောင်ကုန်း သာသနာ့ရိပ်သာဆရာတော် မိန့်ကြားလေ့ရှိသော အောက်ပါ ဩဝါဒစကားလေးကို ကြားယောင်လာမိပါသည်။

"သုံးချောင်းထောက် စားပွဲဟာ ခြေထောက် သုံးချောင်း ရှိနေမှ, ထောက်ထားမှ မယိုင်မလဲဘဲ တည်မြဲ တည်ရှိနိုင်တယ်၊ တစ်ချောင်း ကျိုးသွားရင်, သို့မဟုတ် နှစ်ချောင်း ကျိုးသွားရင်တော့ စားပွဲ ပုံမှန် မရပ်တည်နိုင်တော့ဘူး။"

"အဲဒီလိုပါပဲ၊ ကလေးတွေရယ်, မိဘတွေရယ်, ဆရာသမားတွေရယ် ဒီထောက် သုံးခု ထောက်ထားမှ ဗုဒ္ဓယဉ်ကျေးမှုစားပွဲဟာလည်း မယိုင်မလဲဘဲ ခိုင်မြဲစွာ တည်ရှိနေနိုင်ပါတယ်။"-တဲ့။

ဤဗုဒ္ဓယဉ်ကျေးမှု သင်တန်းသားတို့၏ နေ့လယ်စာကို M.B.M.C က ကျွေးမွေးပါ၏၊ ဤသင်တန်းစခဲ့သည်မှာ နှစ်ပေါင်းများစွာ ကြာခဲ့လေပြီ၊ သင်တန်းသား, သင်တန်းသူတို့မှာ အနည်းဆုံး (၃၀)လောက် ရှိပြီး အများဆုံး (၆၀)လောက် ရှိပါလေ၏၊ မလေးရှားနိုင်ငံသူ, နိုင်ငံသားတို့မှာ အင်္ဂလိပ်စာ တော်ကြပါ၏၊ လူကြီး, လူငယ်များစွာတို့မှာ အင်္ဂလိပ်စကား အပြောများကြပါ၏၊ သူတို့ မလေးရှား တရုတ်အချင်းချင်း စကားပြောလျှင်ပင် တရုတ်လို ပြောတာ နည်းပြီး အင်္ဂလိပ်လိုသာ များစွာ ပြောကြပါလေ၏၊ ဤသင်တန်း၌လည်း အင်္ဂလိပ်လို သင်ပြပေးပါ၏၊ သင်တန်းဆရာ, ဆရာမမှာ (၆)ယောက် ရှိပါ၏၊ အလွန်ငယ်ရွယ်သည့် ကလေးတို့ကိုကား တရုတ်လို သင်ပေးပါ၏။

ကလေးငယ်တို့၏ နှလုံးသားသည် ဖြူစင်နေသည့် ပိတ်သားနှင့် တူလှပါ၏၊ ထိုပိတ်ဖြူအသစ်စက်စက်လေးကို ကိုယ် နှစ်ခြိုက်ရာအရောင် ဆိုးနိုင်ကြပါသည်၊ အရောင်ဆိုးမှု ကောင်းလျှင်

ကောင်းသလောက် ထိုပိတ်သားလေး၏ အရောင်မှာ လှပနေပါ လိမ့်မည်၊ အရောင်ဆိုးမှု ညံ့လျှင် ညံ့သလောက် ထိုပိတ်သား လေး၏ အရောင်မှာ အကျည်းတန်နေပေလိမ့်မည်။

ဖြူစင်နေသည့် ကလေးတို့၏ နှလုံးသား၌ လှပသော ဗုဒ္ဓ တရားတော်အရောင်တို့ ဆိုးပေးမှသာ ကလေးတို့နှလုံးသားသည် လှပသော နှလုံးသား ဖြစ်လာမည်ကို သိရှိနားလည်ထားကြသော ကြောင့် မလေးရှားတရုတ်မိဘတို့နှင့် ဆရာတို့က ထိုသို့ ကြိုးစား ကြတာ ဖြစ်လိမ့်မည်ဟုလည်း စဉ်းစားမိပါသည်။

ဤသင်တန်း၏ ကျေးဇူးကြောင့် ဖြစ်ပါလိမ့်မည်၊ ငယ်ရွယ် သော ကလေးတို့သည်ပင် နမော တဿ ဘုရားရှိခိုး၊ သရဏဂုံ သုံးပါး၊ ငါးပါးသီလစသော ဗုဒ္ဓယဉ်ကျေးမှု အခြေခံစာတို့ကို အလွတ်ရရှိကြပါသည်၊ ဤသင်တန်းပြရာအနီး၌ ရှိသည့် သင်ပုန်း တို့တွင် သင်တန်းကလေးတို့ ပန်းချီအရုပ်တို့ကို ရေးဆွဲထားသည့် အပြင် စာတန်းလေးတို့ကိုလည်း အင်္ဂလိပ်လို ရေးထားသည်ကို တွေ့ရှိရပါ၏။

သင်တန်းသူလေးတစ်ဦးကမူ ထိုသင်ပုန်း၌ ဗုဒ္ဓအပေါ် သူမ ၏ အမြင်ကို ဤသို့ ရေးထားပါ၏၊ သူမ ရေးထားသော အင်္ဂလိပ် စာသားလေး၏ အဓိပ္ပာယ်မှာ-

"ဗုဒ္ဓဟာ ငါတို့ရဲ့ ဆရာ ဖြစ်တယ်၊ သူ့ကို သဗ္ဗညုတ ဉာဏ် ရှင်လို့ ခေါ်ကြတယ်၊ သူဟာ ငါတို့ ဘာ့ကြောင့် ဒုက္ခခံစားနေကြ

တယ်ဆိုတာကို ညွှန်ပြခဲ့တယ်၊ ပြီးတော့ ဒုက္ခရပ်စဲသွားအောင် လုပ်တဲ့ နည်းကိုလည်း ငါတို့ကို ပြပေးခဲ့တယ်၊ ဗုဒ္ဓဟာ ငါတို့ကို ကောင်းမှုတွေ လုပ်နည်းနဲ့ ပျော်ရွှင်ချမ်းသာစွာ နေနည်းကို သင်ပြခဲ့တယ်၊ ဘုရား ဖြစ်ကြောင်း ကောင်းမှုတွေကို လုပ်ရင် မည်သူမဆို ဘုရား ဖြစ်နိုင်တယ်လို့ ဗုဒ္ဓက ပြောခဲ့တယ်၊ ဗုဒ္ဓဟာ နှစ်ပေါင်း(၂၅၀၀)ကျော်တုန်းက အိန္ဒိယနိုင်ငံမှာ နေခဲ့တယ်။”

“ငါတို့ဟာ ဗုဒ္ဓကို အမှတ်ရဖို့ ဗုဒ္ဓရုပ်ပွားတော်ကို ဖူးမြော်ကြရတယ်၊ ငါတို့ဆရာ ဗုဒ္ဓရဲ့ ရုပ်ပွားတော်ကို ငါတို့ရိပ်သာမှာ ဖူးတွေ့နိုင်ကြပါတယ်၊ နိုင်ငံပေါင်းများစွာက လူတွေဟာ ဗုဒ္ဓရုပ်ပွားတွေကို ပြုလုပ်ကြတယ်၊ အဲဒီနိုင်ငံတွေက တချို့ကို ဖော်ပြရရင် အိန္ဒိယ, သီရိလင်္ကာ, ထိုင်း, မြန်မာနဲ့ တရုတ်တို့ပါပဲ”တဲ့။

သင်တန်းကျောင်းသားလေးတစ်ယောက်ကား သံဃာတော်အပေါ် သူ့အမြင်ကို အင်္ဂလိပ်လို ရေးထားသည်ကိုလည်း ထိုသင်ပုန်းမှာ တွေ့ရှိရပါ၏၊ သူ့စာသားလေး၏ အဓိပ္ပာယ်ကား-

“သံဃာဆိုတာ လောကမှာ ညီအစ်ကိုတွေ အတူတကွ နေကြသလို အတူတကွ နေကြသူတို့ ဖြစ်ပါတယ်၊ ရဟန်းဆိုတာ မြင့်မြတ်တဲ့ တရားကို ကျင့်ဖို့ လူ့ဘောင်ကို ခွာရှောင်ခဲ့သူ ပုဂ္ဂိုလ်တစ်ဦး ဖြစ်ပါတယ်”။

“ဗုဒ္ဓဟာ တစ်ချိန်က ကြွယ်ဝတဲ့ လူငယ်တစ်ဦး ဖြစ်ခဲ့တဲ့ အပြင် ရုပ်ရည် ချောမောလှပတဲ့ မင်းသားလည်း ဖြစ်ခဲ့ပါတယ်၊

ဒါပေမယ့် သူဟာ သူ့နန်းတော်ကို စွန့်ခွါခဲ့ပြီး ရဟန်းဝတ်ခဲ့ပါတယ်၊ သူဟာ လောကလူတွေ ဆင်းရဲရခြင်းအကြောင်းနဲ့ ချမ်းသာဖို့ နည်းလမ်းကို တွေ့ရှိလိုခဲ့တယ်။"

"ဗုဒ္ဓဟာ ရဟန်းတွေရဲ့ဘဝကို စတင်ခဲ့တယ်၊ နိုင်ငံပေါင်းများစွာက ရဟန်းတော်တွေကို ယခုအခါ ငါတို့ တွေ့ရှိနေရတယ်၊ အဲဒီရဟန်းအားလုံးဟာ ဗုဒ္ဓရဲ့ အဆုံးအမတွေကို လိုက်နာနေကြတယ်"-တဲ့။

သူတို့လေးတွေ၏ အမြင်သည် အားရစရာ ကောင်းလှပါ၏၊ သူတို့၏အရေးအသားသည်လည်း လေးစားစရာ ကောင်းလှပါ၏။

သား, သမီးတို့၏ ဤဘဝအရေးကိုသာမက ဘဝသံသရာ အဆက်ဆက်အရေးကိုပါ မြော်တွေးကာ ကြိုတင် စီစဉ် ဆောင်ရွက်ပေးကြသော မလေးရှားတရုတ်မိဘတို့ကို တွေ့ရသည့်အခါ "မင်္ဂလာအမြုတေ"စာအုပ်ကို ရေးသားသွားတော်မူသော ကာဗျ-ဝိဒူ အရှင်စန္ဒဇောတိ၏ (ဤဆောင်းပါးအစ၌ ဖော်ပြခဲ့သော) စကားလေးတို့ကို သွားသတိရမိပါသည်။

ထိုသို့သော မိဘတို့ မလေးရှား၌ ရှိနေသေးလျှင် အနာဂတ်ကာလ၌ မလေးရှားမှာ ဗုဒ္ဓသာသနာ ကြာရှည်စွာ တည်နေဦးမည်သာတည်း။

✿ ✿ ✿ ✿ ✿

# အေးမြလှပါဘိ

မလေးရှားနိုင်ငံ ပီနန်ကျွန်းမှ M.B.M.C. (မလေးရှား ဗုဒ္ဓဘာသာ ကမ္မဋ္ဌာန်းဌာန)သည် မလေးရှား ထေရဝါဒဗုဒ္ဓဘာသာဝင်တို့အတွက် ကုသိုလ်မျိုးစုံ ပွားရာဌာနကြီး ဖြစ်နေပါ၏။ ဤဌာနကြီး၌ ဒါနမျိုးစုံ ပြုကြ၏၊ အရုဏ်ဆွမ်း, နေ့ဆွမ်းဒါန, သင်္ကန်းဒါန, ဆေးဒါန, ကထိန်ဒါန, ဝါဆိုဒါန, ကဆုန်လပြည့် ဗုဒ္ဓနေ့ဒါန စသည်ဖြင့် များလှပါ၏၊ အရုဏ်ဆွမ်းအတွက် ကုသိုလ်ရှင်(၇)ဖွဲ့ရှိ၏၊ တနင်္ဂနွေအဖွဲ့က တနင်္ဂနွေနေ့တွင် လှူကြ၏၊ ကျန်နေ့တွေအဖွဲ့တို့ကလည်း ကျန်နေ့တို့တွင် လှူကြ၏၊ နေ့ဆွမ်းအတွက် နေ့စဉ် အပြင်မှ လာလှူကြသူတို့မှာလည်း များလှပါ၏၊ ဆွမ်းကျောင်းအတွက် ဝေယျာဝစ္စအဖွဲ့တို့ကလည်း တစ်လှည့်စီ တာဝန်ယူထားကြလေ၏။

အရုဏ်ဆွမ်း, နေ့ဆွမ်းတို့၌ ရဟန်းသံဃာ, ယောဂီ သူတော်စင်တို့သည် တန်းစီ၍ ဆွမ်းကျောင်းသို့ ကြွလာကြရ၏၊ ပြန်ထသွားလျှင်လည်း တစ်ပြိုင်နက်တည်း ထသွားကြရ၏။ အရင်စား

ပြီးနှင့်သူက မပြီးသေးသူတို့ကို စောင့်နေရသေး၏၊ နေ့ဆွမ်း၌ ဆွမ်းမစားခင် ဆွမ်းကုသိုလ်ရှင်တို့က နမော တဿ ဘုရားရှိခိုး နှင့် သရဏဂုံ သုံးပါး, ငါးပါးသီလတို့ကို ပါဠိဘာသာဖြင့် အသံ ညီညီညာညာ ရွတ်ဆိုကြ၏၊ ကမ္ဘာ့ပါဠိအသံဖြင့် ရွတ်ဆိုကြပါ၏၊ ထိုဘုရားရှိခိုး, သရဏဂုံသုံးပါး, ငါးပါးသီလတို့ကို ရွတ်ဆိုဆောက် တည်သူတို့တွင် အမျိုးသား, အမျိုးသမီး အကြီး, အငယ်, အလတ် အရွယ်မျိုးစုံ ပါဝင်၏၊ အလွန်ငယ်ရွယ်သူတို့ပင် ရွတ်ဆို ဆောက်တည်နိုင်ကြလေ၏၊ ငါးပါးသီလ ဆောက်တည်ကြပြီး သောအခါ အသင့်ပြင်ထားသော ဆွမ်းဝိုင်းတွေကို ကပ်ကြ၏၊ တစ်ပါးလျှင် တစ်ဝိုင်းကျ ဖြစ်၏၊ အချိုပွဲဝိုင်းလည်း တစ်ပွဲစီပင်။

ဆွမ်းပွဲ, အချိုပွဲ ကပ်ပြီးသောအခါ နဝကမ္မဝတ္ထုအလှူငွေ လှူမည့်သူ ရှိလျှင် အလှူရှင်တို့ လိုက်၍ ဆိုရန် ဒကာကြီးတစ်ဦး က ဤသို့ ရှေ့က ဆိုပေးပါ၏၊ အလှူရှင်တို့က နောက်က လိုက် ဆိုကြရ၏။ အင်္ဂလိပ်လို ဆိုပေးပါ၏။

"ဤဝတ္ထုငွေတို့မှ ဖြစ်ပေါ်လာမည့် ပစ္စည်းလေးပါးတို့ကို ကပ္ပိယကာရကထံ အပ်နှံ၍ လှူဒါန်းပါ၏၊ အလိုရှိသောအခါ ကပ္ပိယကာရကထံမှ တောင်းခံပြီး သုံးစွဲတော်မူပါ"-တဲ့။

သင်္ကန်းအလှူရှင် ရှိလျှင်လည်း သင်္ကန်းကပ်လှူကြလေသေး ၏၊ ထို့နောက်မှ သံဃာတော်တို့က မေတ္တသုတ်ပရိတ်ကို ရွတ်ပေး

ကြရ၏၊ ပရိတ်ရွတ်သံကို အလှူရှင်အများ ကြားနိုင်စေရန် အကြီး ဆုံး သံဃာက "မိုက်"ဖြင့် ရွတ်ပေးရ၏၊ ပရိသတ်မှာ ရံခါ တစ်ရာ လောက် ရှိအံ့ထင်၏၊ ပရိတ်ရွတ်ပြီးသည့်အခါ အကြီးဆုံး သံဃာ က ပါဠိဘာသာဖြင့် ရေစက်ချ, အမျှဝေ ဆိုပေးသည်တို့ကို အလှူ ရှင်တို့က နောက်မှ လိုက်ဆိုကြ၏၊ ထို့နောက် သာဓု(၃)ကြိမ် ခေါ် ကြလေ၏၊ ငါးပါးသီလ မဆောက်တည်ခင် အလှူရှင်တို့၏ နာမည်တို့ကိုလည်း ကြေညာပါသေး၏၊ အရဏ်ဆွမ်းတွင်လည်း အလှူရှင်နာမည် ကြေညာကာ သာဓုခေါ်ဖို့ တိုက်တွန်းပြီး ယောဂီ တို့ကို တရားရှုမှတ်မှုဖြင့် သုံးဆောင်ကြဖို့ သတိပေး လျှောက် ထားပါသေး၏။

ဆရာတော်တို့ကလည်း ယောဂီတို့အား တရားဟောကြ, တရားပြပေးကြပါ၏၊ ယောဂီတို့ကလည်း တရားနာကြ, တရား အားထုတ်ကြပါ၏၊ အချိန်ပိုင်း လာရောက် အားထုတ်ကြသူတို့ လည်း ရှိကြပါ၏၊ လူကြီးပိုင်းအတွက်သာမက လူငယ်လေးတို့ အတွက်လည်း ဗုဒ္ဓယဉ်ကျေးမှုစာပေတွေကို တနင်္ဂနွေနေ့တိုင်း လူဝတ်ကြောင် ဆရာ, ဆရာမတို့က သင်ပြပေးကြပါ၏၊ ကလေး တို့ကလည်း လာရောက်သင်ယူကြပါ၏။ ကလေးတို့ရော, မိဘတို့ ရော, ဆရာတို့ရော အားရစရာ, ကျေနပ်စရာ ကောင်းလှပါ၏။

ကလေးတို့ စာသင်ယူရာ နေရာနားတွင် သင်ပုန်းတို့၌ ငါး ပါးသီလ, ပါရမီဆယ်ပါး, သစ္စာလေးပါး, မဂ္ဂင်ရှစ်ပါး, သရဏဂုံ

သုံးပါး၊ မေတ္တာအကျိုး(၁၁)မျိုး၊ ဗုဒ္ဓဝင်စသည်တို့ကို အင်္ဂလိပ်လို ရေးထားသည်ကို တွေ့ရပါ၏၊ အင်္ဂလိပ်လို ရေးထုတ်ထားသည့် ဗုဒ္ဓဘာသာစာအုပ်တို့နှင့် တရုတ်လို ရေးထားသည့် ဗုဒ္ဓဘာသာ စာအုပ်တို့ကိုလည်း ဓမ္မဒါနအဖြစ် လှူဒါန်းထားသည်ကို တွေ့ရပါ၏၊ စာကြည့်တိုက်တွင် အင်္ဂလိပ်စာအုပ်တို့အပြင် တရုတ်လိုရော၊ အင်္ဂလိပ်လိုပါ ဟောထားသည့် တရားတိတ်ခွေတို့ကိုလည်း တွေ့ရပါ၏။

စာရေးသူတို့ အချိန်အားလပ်သည့်အခါ ပီနန်ကျွန်းတွင် ရောက်သင့်ရောက်ထိုက်သော နေရာတို့ကို လိုက်ပို့ပေးကြပါ၏၊ မဟာယာန ဘုန်းကြီးကျောင်း၊ မဟာယာန သီလရှင်ကျောင်း၊ ပီနန်တောင်ထိပ်၊ လိပ်ပြာပြခန်း၊ ပီနန်ကျွန်းတစ်ပတ်၊ ပီနန်တံတား၊ ပီနန်ပင်လယ်ကမ်းခြေ၊ ထေရဝါဒ တရားရိပ်သာများ၊ တစ်ဘက်ဆည်ကန်၊ ပီနန်မှ အမြင့်ဆုံးကုန်တိုက် အဆောက်အဦး၊ ပီနန်သစ်တောဥယျာဉ်စသည့် နေရာတို့ ဖြစ်ပါ၏။

မဟာယာနကျောင်းတိုက်သို့ ရောက်သည့်အခါ မဟာယာန ရဟန်း၊ သီလရှင်၊ လူဝတ်ကြောင်တို့၏ ဘုရားရှိခိုးကြ၊ ဆုတောင်းကြပုံ၊ ဗုံတီးကြပုံ၊ တုံးခေါက်ပုံတို့ကို မြင်တွေ့ခဲ့ရပါ၏။ မဟာယာနတို့သည် အရွတ်၊ အဖတ် အားသန်ကြပါ၏၊ ဂေါတမဘုရားပုံတော်အပြင် သူတို့ဘုရားအလောင်း၏ ပုံတို့ကိုလည်း သူတို့ဘုရားကျောင်းဆောင်တွင် မြင်တွေ့ခဲ့ရပါ၏၊ မဟာယာနတို့ကလည်း

မဟာယာနဝါဒ ပြန့်ပွားအောင် အင်တိုက်အားတိုက် ကြိုးစားနေကြပါ၏၊ မဟာယာနတို့ နေရာနှင့် မဟာယာနတို့ လှုပ်ရှားပုံတို့ကို မြင်တွေ့ရသည့်အခါ "ငါဘုရား ဟောထားသည့် တရားတော်တို့ကို ရွတ်ဖတ်သူ, ဟောပြောပို့ချသူ, သင်ယူသူ, တွေးကြံစဉ်းစားသူတွေဟာ တရားနဲ့နေသူ မဟုတ်သေးဘူး, ဝိပဿနာပညာ, မဂ်ပညာ ဖြစ်အောင် အားထုတ်သူတွေသာ တရားနဲ့ နေသူ မည်တယ်"ဟူသော အင်္ဂုတ္တရနိကာယ်, ဓမ္မဝိဟာရီသုတ်လာ ဘုရားစကားတော်ကို သတိရမိပါသည်။

ပီနန်မှ ဤ M.B.M.C သည် အကြီးမားဆုံး ဖြစ်၏၊ ထို့နောက် ဉူးသုဝဏ္ဏ၏ တရားရိပ်သာသည် ဒုတိယအကြီးမားဆုံး ဖြစ်၏၊ ဉူးသုဝဏ္ဏ၏ တရုတ်လိုဟောသော တရားကို လူကြိုက်များလှသတဲ့၊ သူ့တရားပွဲတို့မှာ တရားနာပရိသတ် အလွန်များသည်ဟု ဆို၏၊ သူ တရုတ်လို ဟောထားသည့် တရားတိတ်ခွေတို့သည် များစွာ ရှိနေပါ၏၊ သူ့ရိပ်သာ ရောက်ခိုက် သူပြောလိုက်သော စကားတစ်ခွန်းကို မှတ်မိခဲ့ပါ၏၊ သူ့စကားတစ်ခွန်းကား 'ဝိပဿနာဟာ လောကမှာ အကောင်းဆုံးအရာပဲ'-တဲ့၊ ဤစကားလေးတစ်ခွန်းကို ပလ္လင်ခံကာ မဟာစည်နည်းဖြင့် အကျယ်ချဲ့ကာ တရားဟောပြပါသတဲ့၊ သူ၏ တရားရိပ်သာကား ပီနန်တံတားကို ကျော်ဖြတ်ပြီး သွားမှ ရောက်သည်၊ လူနပ်စ်မြို့မှာ တည်ရှိပါ၏၊ ပီနန်တွင်လည်း ရှိပါသေး၏။

M.B.M.C. ၌ သီတင်းသုံးသွားပြီး ယခုအခါ ပီနန်တောင်ပေါ်တစ်နေရာ၌ တရားအားထုတ်နေသော မလေးရှားရဟန်းတော် အရှင်ဝိသုဒ္ဓါစာရ တည်ထောင်ထားသော "သုခီ ဟောတု" စာအုပ်ဆိုင်နေရာသို့လည်း ရောက်ခဲ့ပါသည်၊ အရှင်ဝိသုဒ္ဓါစာရသည် တစ်နေ့တွင် M.B.M.C. သို့ လာကာ အင်္ဂလိပ်လို ရေးထားသည့် တရားစာအုပ်တစ်အုပ်ကို စာရေးသူအား လှူသွားပါသည်၊ ထိုအခါ အရှင်ဝိသုဒ္ဓါစာရက စာရေးသူအား ဓမ္မပဒလာ ဂါထာတစ်ပုဒ်၏ အဓိပ္ပာယ်ကို လျှောက်ထားသွားပါသည်၊ ထို ဂါထာ၏ အဓိပ္ပာယ်မှာ ဤသို့ ဖြစ်ပါ၏။

"သူတစ်ပါးကို ဆုံးမသွန်သင်သလို မိမိကိုယ်ကို ကျင့်သုံးရာ၏၊ ကောင်းစွာ ယဉ်ကျေးသည့်အနေ ရောက်အောင် မိမိကိုယ်ကို ဆုံးမရာ၏၊ အကြောင်းမှာ မိမိကိုယ်သည် ဆုံးမရ ခက်သောကြောင့်ပါတည်း"-တဲ့။

အင်မတန် ကောင်းလှသော စကား ဖြစ်ပါ၏၊ ဘုရားရှင်၏ စကားဖြစ်သောကြောင့် အဘယ်မှာ မကောင်းဘဲ ရှိပါမည်နည်း။

ပီနန် ရောက်ခိုက် တွေ့ကြုံရသော အတွေ့အကြုံတို့ကား အတော်လေး စုံပါ၏၊ ယခု ဇန်နဝါရီလတွင် မြန်မာနိုင်ငံ၌ ပြာသိုလအချိန်အခါ ဆောင်းရာသီဖြစ်၍ ချမ်းအေးနေမည် ဖြစ်သော်လည်း ပီနန်အပါဝင် မလေးရှားတစ်နိုင်ငံလုံး၌ မိုးအခါ ဖြစ်၍ မိုးရွာလေ့ရှိပါ၏၊ မလေးရှား၌ နွေရာသီနှင့် မိုးရာသီသာ ရှိပြီး ဆောင်းရာသီ မရှိပါ၊ အီကွေတာပေါ် ရောက်နေသောကြောင့်

ဖြစ်ပါသတဲ့၊ မလေးရှား၌ မိုးရာသီ ဖြစ်နေသော်လည်း အသံသာသည့် ဥဩငှက်ကလေးတို့ကား တကြော်ကြော်နှင့် အော်နေကြပါ၏၊ ဥဩငှက်လေးတို့၏ အသံတို့မှာ စိတ်ကြည်နူးစရာ ကောင်းလှပါ၏၊ မြန်မာနှင့် မလေးရှားသည် တစ်နိုင်ငံနှင့် တစ်နိုင်ငံ မဝေးလှသော်လည်း ရာသီဥတုချင်း ခြားနားနေ၏၊ အချိန် ခြားနားနေ၏၊ မလေးရှားအချိန်ထက် မြန်မာအချိန်က တစ်နာရီနှင့် မိနစ် (၃၀) စောနေပါ၏၊ အစားအသောက်ချင်းလည်း မတူ၊ ယဉ်ကျေးမှုချင်းလည်း မတူပါချေ၊ အခြားအခြား မတူသောအရာတို့လည်း ရှိကြအုံးမည်သာ၊ မတူသောအရာတို့ ရှိကြသကဲ့သို့ တူသောအရာတို့လည်း များစွာ ရှိကြမည်သာ ဖြစ်ပါသည်။

မြန်မာနိုင်ငံ၌ ကုသိုလ်မျိုးစုံကို ပြုနိုင်ရာ နေရာဌာနတို့များစွာ ရှိနေသကဲ့သို့ ပီနန်၌လည်း ရှိနေပါသည်၊ မြန်မာမှာကဲ့သို့ များတော့ မများလှပါ၊ မများလှသော နေရာတို့တွင် ဤ M.B.M.C သည်ကား ထိပ်ဆုံးက ပါဝင်နေပါသည်၊ ဒါနပြုသူ, သီလဆောက်သူ, ဘာဝနာပွားသူ, ရိုသေထိုက်သူတို့ကို ရိုသေသူ, ဝေယျာဝစ္စပြုလုပ်သူ, အမျှဝေသူ, သာဓုခေါ်သူ, တရားဟောသူ, တရားနာသူတို့ဖြင့် တင့်တယ်ထည်ဝါနေသော ဤ M.B.M.C (မလေးရှား ဗုဒ္ဓဘာသာ ကမ္မဌာန်းဌာန)သည်ကား ဗုဒ္ဓဘာသာဝင်တို့အဖို့ အားရစရာကောင်းလှပါဘိ၊ ကျေနပ်စရာကောင်းလှပါဘိ၊ ကြည်နူးစရာကောင်းလှပါဘိ၊ ချမ်းမြေ့လှပါဘိ၊ အေးမြလှပါဘိ။

## မလေးရှားမှ ထေရဝါဒဗုဒ္ဓသာသနာ

ဤနေရာ၏ နာမည်ကား-သန္တိသုခါရာမ-တဲ့၊ ဤနေရာ၏ နာမည်ကို အင်္ဂလိပ်လို ဤသို့ ဘာသာပြန်ထားပါ၏၊ Hermitage of Peaceful Bliss-တဲ့၊ "ငြိမ်းအေးချမ်းသာသည့် ရိပ်သာ"ဟု မြန်မာလို ဘာသာပြန်ရပေလိမ့်မည်၊ ဤရိပ်သာသို့ ရောက်လာသူတိုင်း၏ နှုတ်ဖျားမှ "Quiet Place"ဟူ၍ ထွက်လာပါ၏၊ "တိတ်ဆိတ်သည့် နေရာလေး"ဟု လူတကာ ပြောသွားကြပါ၏၊ ဤရိပ်သာ၏ အကျယ်အဝန်းကား (၇)ဧက ရှိပါ၏၊ ရိပ်သာအတွင်း, အပြင်၌ ပေတစ်ရာကျော်, တစ်ရာနီးပါး မြင့်မားသော သစ်ပင်များဖြင့် ပြည့်ကာ အုပ်ဆိုင်းလျက် ရှိနေပါ၏၊ ရိပ်သာအတွင်း၌ သစ်ပင်, ပန်းပင် အမျိုးအစားပေါင်း တစ်ထောင်ကျော် ရှိလေ၏-တဲ့၊ ဤရိပ်သာ၏ ပတ်ဝန်းကျင်ဝယ် အလွန်တရာ မြင့်မားပြည့်ကျပ်နေသော ရာဘာခြံတို့နှင့် စားအုံးဆီ ထွက်ရှိသည့် အုန်းပင်ခြံတို့ ရှိပါ၏၊ ဤရိပ်သာ၏ အဝင်တံခါးပေါက်မှ ကြည့်လိုက်လျှင် ရိပ်သာသည် အနိမ့်ပိုင်းချိုင့်ဝှမ်းထဲတွင် ရှိနေ

ကြောင်း သိရပြီး ခပ်လှမ်းလှမ်းတွင် တောင်တန်းတို့ကိုလည်း တွေ့ရပါ၏။

ဤရိပ်သာလေးကား မလေးရှားနိုင်ငံ, ဂျဟောပြည်နယ်ရှိ ကိုတာတင်ဂီမြို့တွင် တည်ရှိပါ၏၊ ဂျဟောပြည်နယ်သည် စင်္ကာပူ နိုင်ငံနှင့် နယ်ချင်းဆက်စပ်နေပါ၏၊ ထို့ကြောင့် စာရေးသူသည် စင်္ကာပူမှ ဤရိပ်သာသို့ ကားဖြင့် လာခဲ့ပါ၏၊ တစ်နာရီခွဲလောက် အချိန်ကြာပါ၏၊ ဤရိပ်သာကို ၁၉၈၄-ခု၊ ဒီဇင်ဘာလ၊ (၂)ရက် နေ့က စတင် ဖွင့်ခဲ့ပါ၏၊ ရန်ကုန်မှ ပဏ္ဍိတာရာမ ရွှေတောင် ကုန်း သာသနာ့ရိပ်သာ ဆရာတော်ကြီး ကိုယ်တိုင် ဖွင့်လှစ်ပေးခဲ့ ပါ၏၊ ရိပ်သာ၏ နာမည်ကို ရန်ကုန်မှ ပဏ္ဍိတာရာမ ရွှေတောင် ကုန်း သာသနာ့ရိပ်သာဆရာတော်ကြီး ပေးသွားပါလေ၏၊ ဤ ရိပ်သာ၏ ဦးစီးဦးဆောင်ပုဂ္ဂိုလ်မှာ- ဥုးသုဇီဝ ဖြစ်ပါ၏၊ သူသည် မလေးရှားမှ တရုတ်လူမျိုး ဖြစ်ပါ၏၊ ရွှေတောင်ကုန်း သာသနာ့ ရိပ်သာ ဆရာတော် မဟာစည်သာသနာ့ရိပ်သာတွင် သီတင်းသုံး ခဲ့စဉ်က ဥုးသုဇီဝသည် ဆရာတော်ထံ လာရောက် တရားအား ထုတ်သွားသူ ဖြစ်ပါ၏။

ဥုးသုဇီဝသည် မလေးရှားနိုင်ငံ၌ ထေရဝါဒသာသနာကို ကျယ်ပြန့်အောင် ကြိုးစားနေကြသည့် မလေးရှားနိုင်ငံသား သံဃာ များထဲတွင် လူသိအများဆုံး, အထင်ရှားဆုံး သံဃာတစ်ပါး ဖြစ် သည်ဟု ပြောကြပါ၏၊ သူသည် ရွှေတောင်ကုန်း သာသနာ့

ရိပ်သာဆရာတော်၏ ဩဝါဒကို ခံယူကာ မလေးရှား၌ သတိပဋ္ဌာန် တရားကို ပြသပေးခဲ့သည်မှာ နှစ်ပေါင်းများစွာ ကြာခဲ့လေပြီ၊ ယခုအခါ၌မူ ဩစတြေးလျနှင့် နယူးဇီလန်နိုင်ငံတို့၌လည်း တရား စခန်းတွေ ဖွင့်လှစ်ကာ သတိပဋ္ဌာန်တရားကို ပြသပေးနေလေ၏၊ မလေးရှားနိုင်ငံ၌ သူ၏ တရားစခန်းတို့မှာ နေရာများစွာ၌ လစဉ် လတိုင်း ရှိနေလေ၏၊ သူသည် တရားပြပေးရုံမျှမက စာကိုလည်း ရေးပါ၏၊ သူ ရေးထားသည့် အင်္ဂလိပ်လို တရားစာအုပ်တို့ကို လည်း အတော်အသင့် ဖတ်ဖူးပါ၏၊ ကဗျာကိုလည်း ဝါသနာ ပါ ပုံရပါ၏၊ သူ အင်္ဂလိပ်လို ရေးထားသည့် ကဗျာလေးတို့ကိုလည်း ဖတ်ရပါ၏၊ မလေးရှား၌ ထေရဝါဒဗုဒ္ဓသာသနာ ပြန့်ပွားအောင် ကြိုးစားနေသော သူ၏ ဆောင်ရွက်ချက်တို့ကို သိရသဖြင့် သူ့ကို လေးစားမိသလို မလေးရှား ထေရဝါဒသာသနာအတွက်လည်း အားကိုးမိပါ၏၊ စာရေးသူကား သူ့ကို ရှေးကလည်း လူချင်း မတွေ့ ဖူးပါ၊ ယခုလည်း မတွေ့ရပါ၊ ယခု မတွေ့ခြင်းမှာ သူသည် တစ်နေရာ၌ တရားသွားအားထုတ်နေသောကြောင့် ဖြစ်ပါ၏၊ သူ တစ်ပါးတို့ကိုသာ တရားပြပေးသည် မဟုတ်ဘဲ ကိုယ့်အတွက် လည်း အချိန်ကြာကြာ ယူပြီး တရားအားထုတ်သောကြောင့် ဉူးသုဇီဝကို ပိုပြီး လေးစားမိပါ၏။

ဉူးသုဇီဝလို စာရေးဝါသနာပါပြီး စာအုပ်တွေ ရေးကာ ထေရဝါဒသာသနာကို မလေးရှား၌ ကျယ်ပြန့်အောင် ကြိုးစားနေ

သည့် အခြား မလေးရှား ရဟန်းတော် တစ်ပါး ရှိပါသေး၏၊ သူလည်း မလေးရှားနိုင်ငံမှ တရုတ်လူမျိုး ဖြစ်ပါ၏၊ ရွှေတောင်ကုန်း သာသနာ့ရိပ်သာ ဆရာတော်ထံ တရားအားထုတ်သွားကာ ပါဠိစာပေကိုလည်း အတော်အသင့် သင်ယူသွားပါ၏၊ သူလည်း အင်္ဂလိပ်လို တရားစာအုပ်တွေကို ရေးပါ၏၊ သူ ရေးသည့် ထိုစာအုပ်တို့ကို အတော်အသင့် ဖတ်ဖူးပါ၏၊ သူ၏ ဘွဲ့မှာ-ဦးဝိသုဒ္ဓါစာရ ဖြစ်ပါ၏၊ သူသည်လည်း တရားရိပ်သာတစ်ခု၏ ဦးဆောင်ပုဂ္ဂိုလ် ဖြစ်ပါ၏၊ သူ၏ တရားရိပ်သာနာမည်မှာ-"သုခိဟောတု"ဟူ၍ ဖြစ်ပါ၏၊ ပီနန်, ဂျလန်းတွင် တည်ရှိပါ၏။

သူတို့နှစ်ပါးလို တရားပြပေးနေသည့် မလေးရှား ရဟန်းတော်တစ်ပါး ရှိပါသေး၏၊ ထိုရဟန်းဘွဲ့မှာ- ဦးသုဝဏ္ဏ-ဟူ၍ ဖြစ်ပါ၏၊ ထို(၃)ပါးတွင် သူသည် အသက်အကြီးဆုံး ဖြစ်ပါ၏၊ သူသည်လည်း တရားရိပ်သာတစ်ခု၏ ဦးစီးဦးဆောင်ပုဂ္ဂိုလ် ဖြစ်ပါ၏၊ သူလည်း ရွှေတောင်ကုန်းသာသနာ့ရိပ်သာဆရာတော်ထံ တရားအားထုတ်သွားပါ၏၊ မလေးရှား၌ ထေရဝါဒဗုဒ္ဓသာသနာ ပြန့်ပွားအောင် ကြိုးစားကြသည့် မလေးရှားနိုင်ငံသား ရဟန်းတော်တို့တွင် ဤသုံးပါးသည် ပေါ်လွင်ထင်ရှား လူသိများလေ၏-တဲ့။

ရွှေတောင်ကုန်း သာသနာ့ရိပ်သာဆရာတော်ထံ လာရောက် တရားအားထုတ်ပြီး အခြား မလေးရှားရဟန်းများ, မလေးရှား

သီလရှင်များ, မလေးရှားအမျိုးသား, မလေးရှား အမျိုးသမီးများ လည်း မလေးရှား၌ ထေရဝါဒ ဗုဒ္ဓသာသနာ့ တိုးတက်သည်ထက် တိုးတက်လာအောင် ကြိုးစားနေကြပါသေး၏၊ တရားဌာနတွေ ဖွင့်ကာ သတိပဋ္ဌာန်တရားတွေကို ကိုယ်တိုင်လည်း အားထုတ် ကြ၊ သူတစ်ပါးတို့ကိုလည်း စွမ်းနိုင်သမျှ လက်ဆင့်ကမ်း ဖြန့်ဝေ ပေးနေကြပါ၏၊ မလေးရှား၌ တရားရိပ်သာဌာနပေါင်း (၂၀) နီးပါး ရှိလိမ့်မည်ဟု ခန့်မှန်းတွက်ပြကြပါ၏၊ တရားဌာနကြီးမှာ (၃)ခုလောက် ပါပြီး ကျန်ဌာနတွေမှာ ဌာနငယ်လေးများ ဖြစ်ကြပါ၏-တဲ့၊ ထိုဌာနတို့တွင် ပီနန်ရှိ M.B.M.C. (Malaysian Buddhist Meditation Centre) သည် အကြီးမားဆုံး, အကြီးကျယ်ဆုံး ဖြစ်ပါလေသတဲ့။

အချို့ မလေးရှား ရဟန်းတို့နှင့် မလေးရှား သီလရှင်တို့သည် ဗုဒ္ဓစာပေတို့ကို မြန်မာဘာသာဖြင့် သင်ယူနိုင်အောင် မြန်မာ စာပေကို သင်ယူနေကြပါ၏၊ မြန်မာစာပေကို သင်ယူသော မလေးရှားတို့တွင် အလွန့်အလွန် ထူးခြားသော ရဟန်းတစ်ပါး ပါ ဝင်ပါ၏၊ သူ၏ ဘွဲ့မှာ "အဂ္ဂစိတ္တ"ဟူ၍ ဖြစ်ပါ၏၊ ရွှေတောင်ကုန်း သာသနာ့ရိပ်သာဆရာတော် မဟာစည် သာသနာ့ရိပ်သာ၌ သီတင်းသုံးစဉ်က ဆရာတော်ထံ လာရောက်ပြီး တရားအားထုတ် ကာ ရဟန်းဝတ်ခဲ့၏၊ ဆရာတော်ကိုယ်တိုင် မြန်မာစာနှင့် ပါဠိ စာပေ အခြေခံတို့ကို အရှင်အဂ္ဂစိတ္တအား သင်ပေးခဲ့၏၊ သူသည်

တစ်နှစ်တည်းဖြင့် မြန်မာစကားကို တတ်မြောက်ခဲ့၏၊ သူ၏ ဉာဏ်သည် ချီးကျူးဖွယ်ကောင်းလောက်အောင်ပင် ကောင်းလှပေ၏၊ ရွှေတောင်ကုန်း သာသနာ့ရိပ်သာသနာဆရာတော်သည် ၁၉၈၄-ခုနှစ်က ပထမဆုံးအကြိမ်အဖြစ် အမေရိကသို့ ဓမ္မဒူတခရီး ကြွတော်မူခဲ့၏၊ ထိုခရီးတွင် တစ်နှစ်တာအတွင်း သင်ယူထားသော မြန်မာစကားဖြင့် အရှင်အဂ္ဂစိတ္တသည် ဆရာတော်မြန်မာလို ဟောကြားသွားသည်ကို အင်္ဂလိပ်လို ဘာသာပြန်ပေး၏၊ ဆရာတော် မြန်မာလို ဟောကြားသည်ကို မြန်မာလို နားလည်ပြီး အင်္ဂလိပ်လို ပြန်ပေးနိုင်ဖို့ရာ တစ်နှစ်တာအတွင်း မြန်မာစကား သင်ယူနိုင်သည်မှာ အလွန့်အလွန် မလွယ်ကူသောအရာဖြစ်ပါ၏၊ မယုံကြည်နိုင်စရာလည်း ဖြစ်ပါ၏။

ထိုခရီးတရားစခန်း၌ လာရောက်အားထုတ်ကြသည့် အမေရိကန်သား, အမေရိကန်သူတို့က "အရှင်အဂ္ဂစိတ္တသည် သူတို့အမေရိကန်တွေထက်ပင် အင်္ဂလိပ်လို ပို၍ တတ်ပါပေသည်"ဟုပင် ချီးကျူးကြလေသတဲ့၊ ရွှေတောင်ကုန်း သာသနာ့ရိပ်သာဆရာတော် ထို ၁၉၈၄-ခုနှစ်က ဟောကြားထားသော တရားတို့ကို အင်္ဂလိပ်လို စာအုပ်ထုတ်ထားလေရာ ထိုစာအုပ်ကို အရှေ့တိုင်းတွေမှာရော အနောက်တိုင်းတွေမှာပါ လွန်စွာမှ လူကြိုက်များလှလေ၏၊ ထိုစာအုပ်နာမည်မှာ "In thif very life"ဟူ၍ ဖြစ်ပါ၏၊ ထိုစာအုပ်သည် အရှင်အဂ္ဂစိတ္တ၏ အင်္ဂလိပ်စာ အရည်

အသွေးကို သက်သေထူထားသော စာအုပ် ဖြစ်ပါ၏၊ ထိုစာအုပ်ကို ဖတ်ရသူတိုင်းနီးပါး အရှင်အဂ္ဂစိတ္တ၏ အင်္ဂလိပ်စာ အရည်အသွေးကို ချီးကျူးစကား ပြောကြပါလေ၏၊ အရှင်အဂ္ဂစိတ္တသည် မြန်မာနိုင်ငံ၌ နှစ်ပေါင်း အတော်ကြာ တောရဆောက်တည်နေခဲ့ပြီး ယခုအခါ မလေးရှား၌လည်း လူတွေ့မခံဘဲ တောရ ဆောက်တည်ကာ တရားကျင့်သုံးနေပါ၏၊ ထူးခြားသော ရဟန်းတော်တစ်ပါး ဖြစ်ပါ၏။

မဟာစည် ဆရာတော်ကြီး၊ ရွှေတောင်ကုန်း သာသနာ့ရိပ်သာဆရာတော်နှင့် ဆရာတော်၏ မြန်မာတပည့်များဖြစ်ကြသော ကျောက်တန်းဆရာတော် အရှင်ရေဝတ၊ ဘီးလင်းဆရာတော် အရှင်ပညာဒီပ၊ သြစတြေးလျရောက်- အရှင်ပညာသာမိ၊ အမေရိကရောက်- အရှင်ဓမ္မပိယ၊ စင်္ကာပူရောက်- အရှင်ရာဇိန္ဒ၊ နီပေါရောက်- အရှင်အာသဘာစာရ၊ ကနေဒါရောက်- အရှင်ပညော-ဘာသ၊ စင်္ကာပူရောက်- အရှင်ဉာဏုတ္တမာဘိဝံသ၊ မင်းလှဆရာတော် အရှင်ဝါယာမိန္ဒ၊ မလေးရှားရောက်- အရှင်ပညာဘိနန္ဒ၊ စစ်ကိုင်း ကျစွာဆရာတော် အရှင်လက္ခဏ၊ နီပေါဆရာတော် အရှင်ဉာဏပုဏ္ဏိကတို့အပြင် ပြွန်တန်ဆာဆရာတော် ဘီအေ အရှင်သုန္ဒရ၊ ချမ်းမြေ့ဆရာတော် အရှင်ဇနကာဘိဝံသနှင့် တပည့် အရှင်ရေဝတတို့သည် မလေးရှားသို့ ကြွကာ ထေရဝါဒ ဗုဒ္ဓတရားကို လိုလားကြသော မလေးရှားဗုဒ္ဓဘာသာဝင်တို့၏ ဆန္ဒ

ကို ဖြည့်တင်းပေးနေကြသည်, ပေးခဲ့ကြသည်ကို သိရှိ ကြည်ညိုရပါသည်။

မလေးရှားမှ ဗုဒ္ဓဘာသာဝင်တို့တွင် မဟာယာနဗုဒ္ဓဘာသာဝင်တို့ကသာ ပို၍ များနေလေရာ ထိုမဟာယာနဗုဒ္ဓဘာသာဝင်တို့ ထေရဝါဒဗုဒ္ဓဘာသာဝင်တွေ ဖြစ်လာရေးမှာ သတိပဋ္ဌာန်တရားအလုပ်သည် အဓိကကျသော အလုပ်, အထိရောက်ဆုံးအလုပ်ဟု လက်တွေ့ဆောင်ရွက်နေသူတို့က မှတ်ချက်ချကာ ပြောဆိုနေကြပါသည်၊ လက်တွေ့ သတိပဋ္ဌာန်ကား အစွမ်းထက်လှပါပေစွ။

❀ ❀ ❀ ❀ ❀

# အချိန်ကို မေ့နေကြသူများ

စာရေးသူသည် ကျေးဇူးတော်ရှင် ရွှေတောင်ကုန်း သာသနာ့ ရိပ်သာဆရာတော်နှင့်အတူ အမေရိက, မက်ဆာချူးဆက်ပြည် နယ်, ဘာရီမြို့ရှိ ဝိပဿနာ ကမ္မဋ္ဌာန်းဌာန (Insight Meditation Soceity)သို့ ၁၉၉၁-ခုနှစ်က (၃)လကြာ တရားပြပေးဖို့ သွားခဲ့ဖူးပါ၏၊ ထိုစဉ်က ရွှေတောင်ကုန်း သာသနာ့ရိပ်သာဆရာ တော်၏ တပည့်များဖြစ်ကြသော အင်္ဂလန်ရောက်- အရှင်ပညာ- ဒီပ(ဘီးလင်းဆရာတော်)နှင့် အင်္ဂလန်ရောက်- အရှင်ပညာသာမိ တို့လည်း ပါကြပါ၏၊ ဖခင်သဖွယ်ဖြစ်သော ဆရာတော်နှင့် နောင် တော်ကြီးများသဖွယ် ဖြစ်ကြသော အရှင်မြတ်နှစ်ပါးတို့ပါ ပါသဖြင့် စိတ်ထဲမှာ အလိုလို အားရှိနေပါ၏။

ယခုတစ်ခေါက် မလေးရှားခရီးတွင်မူ ကျေးဇူးတော်ရှင် ဆရာတော်လည်း မပါဘဲ တစ်ပါးတည်း သွားခဲ့ရပါ၏၊ သို့ဖြစ်၍ အမေရိကန်ခရီးလောက်တော့ စိတ်ထဲမှာ အားမရှိလှ၊ သို့သော်

မလေးရှားနိုင်ငံ, ဂျဟောပြည်နယ်, ကိုတာတင်ဂီမြို့ရှိ သန္တိသုခါ-ရာမ ရိပ်သာသို့ သွားကာ တစ်လတရားစခန်း၌ ဦးစီးဦးဆောင်အဖြစ် တရားပြပေးရပါ၏၊ ယောဂီကား (၂၀)ဝန်းကျင်လောက်ရှိပါ၏။

စာရေးသူသည် ပဏ္ဍိတာရာမ ရွှေတောင်ကုန်း သာသနာ့ရိပ်သာ၌ ပြည်ပယောဂီတို့ကို ကျေးဇူးရှင်ဆရာတော်၏ ညွှန်ကြားချက်အရ တရားစစ်ပေးသည့်တာဝန်ကို ဆောင်ရွက်နေခဲ့ရသဖြင့် ပြည်ပယောဂီတို့အား တရားစစ်ပေးသည့် တာဝန်မှာ ဝန်မလေးလှတော့ပါ၊ သို့သော် ဤမလေးရှားခရီးထွက်ခါနီး ကျေးဇူးရှင် ရွှေတောင်ကုန်း သာသနာ့ရိပ်သာဆရာတော် ဆုံးမလိုက်သည့် ဩဝါဒစကားလေးတို့ကို အမြဲ ကြားယောင်ကာ ဆောင်ရွက်ရသောကြောင့် ပိုမို၍ အဆင်ပြေလှပါသည်။

"မေတ္တာ, ကရုဏာ ထားပြီး ဆောင်ရွက်၊ သည်းခံပြီး ဆောင်ရွက်ပေါ့"-တဲ့။

ဆရာတော်က အကယ်၍ ဤသို့ အဆုံးအမ မပေးလိုက်လျှင်လည်း ဤဩဝါဒနှင့် အညီပင် ဆောင်ရွက်လိမ့်မည်ဟု ကိုယ့်ကိုယ်ကို ထင်မိပါသည်၊ ယခုမူကား "မြရာ သံပတ်"ဆိုသည့် ပမာ ဆရာတော်က ဩဝါဒပေးလိုက်သောကြောင့် ထိုတစ်လ တရားစခန်းတာဝန် ဆောင်ရွက်ရင်း ဆရာတော်၏ ဩဝါဒစကားလေးတို့ကို အခါခါ ကြားလာရပါသည်။

ထိုတရားစခန်းသို့ လာရောက်ပြီး တရားအားထုတ်ကြသူတို့မှာ မလေးရှား တရုတ်လူမျိုးတို့သာ ဖြစ်ပါသည်၊ လူကြီးတွေ များပြီး လူငယ်မှာ အနည်းငယ်မျှသာ ပါပါသည်၊ တရားအားထုတ်ဖူးသူတွေ ပါသလို အားမထုတ်ဖူးသူတွေလည်း ပါပါသည်၊ အင်္ဂလိပ်စကား မပြောတတ်သူတွေပါသလို ပြောတတ်သူတွေလည်း ပါပါသည်၊ ထေရဝါဒဗုဒ္ဓဘာသာဝင်တွေ ပါသလို မဟာယာနဗုဒ္ဓဘာသာဝင်တွေလည်း ပါပါသည်၊ ညွှန်ကြားသည့်အတိုင်း တသွေမတိမ်း လိုက်နာကျင့်သုံးသူတွေ ပါသလို, ညွှန်ကြားသည့်အတိုင်း မလုပ်သည့်သူ အနည်းငယ်လည်း ပါပါသည်၊ ညွှန်ကြားသည့်အတိုင်း မလုပ်နိုင်သူတို့ကား ကြာကြာ မနေနိုင်ကြပါ၊ ပြန်ပြေးကြပါသည်၊ "ကြပ် မ တယ်-ဆိုတာ ကြပ်ပြီး မတင်ပေးတာပဲ"ဟု မိန့်လေ့ရှိသည့် ကျေးဇူးရှင် ရွှေတောင်ကုန်း သာသနာ့ရိပ်သာဆရာတော်၏ စကားကို ကြားယောင်ကာ ကြပ်မတ်ပေးပြီး ယောဂီတို့ကို တရားအားထုတ်စေပါသည်၊ တနင်္ဂနွေနေ့မှတစ်ပါး ကျန်နေ့တို့၌ တရားစစ်ပေးသည့်အပြင် တရားလည်း ဟောပေးပါသည်။

တစ်ပတ်လောက် ကြာလာသောအခါ ယောဂီတို့၏ တရားအတွေ့အကြုံလေးတို့သည် ထူးထူးခြားခြား ကောင်းလာကြပါသည်၊ တရားအတွေ့အကြုံ ကောင်းလာသည့်အခါ တချို့ ရက်စေ့၍ အိမ်ပြန်ကြရပါသည်၊ သူတို့က ဝမ်းသာစွာ ကျေးဇူးတင်စကားလျှောက်ထားသွားကြပါသည်၊ အင်္ဂလိပ်စကား မတတ်ကြသည့်

တရုတ်ယောဂီတို့၏ တရားသျှောက်ပုံကို အင်္ဂလိပ်လို ပြန်ပေးသည့် ဒကာမကြီး "မေ"က "ဒီယောဂီ, ဒီယောဂီတွေက အရင့်အရင်နှစ် တရားစခန်းတွေကလည်း လာအားထုတ်ကြတယ်၊ ဒီနှစ်ကြိုးကြိုးစားစား အားထုတ်လို့ တရားအတွေ့လေးတွေ ကောင်းလာကြတယ်၊ ဟောဒီ ယောဂီကတော့ နှစ်တိုင်း ပြဿနာပေးတဲ့ယောဂီပဲ၊ ဒီနှစ်တော့ ပြဿနာ ပေါ်မလာတော့ဘဲ တရားအတွေ့တွေ့ ကောင်းနေတယ်၊ ဒီယောဂီ, ဒီယောဂီတွေက အသစ်တွေပဲ၊ တစ်ခါမှ အားမထုတ်ကြဖူးဘူး၊ အသစ်ယောဂီတွေထဲက တချို့က ခိုင်းတဲ့အတိုင်း လုပ်နိုင်ကြလို့ တရားအတွေ့လေးတွေ တန်းပြီး ကောင်းလာကြတယ်၊ တချို့က တဖြည်းဖြည်းချင်း ခိုင်းတဲ့အတိုင်း လုပ်နိုင်လာကြတယ်၊ ဒီနှစ်ယောဂီတွေ ကြိုးစားကြပါတယ်" ဟု သျှောက်ထားလာပါသည်။

"မေ" အမည်ရှိ ဒကာမကြီးသည် ထိုတင်လတရားစခန်း၌ လိုအပ်သော ဝေယျာဝစ္စတို့ကို စိတ်, စေတနာ, သဒ္ဓါ ထက်သန်စွာဖြင့် ဆောင်ရွက်ပေးသည့်အပြင် အားလပ်သည့်အချိန်တို့၌ တရားရှုမှတ်ပါလေသည်၊ "မေ"သည် တရုတ်လူမျိုး ဖြစ်ပါသည်၊ မလေးရှားတွင် ဖွားပါသည်၊ အင်္ဂလိပ်စကား တတ်ပါသည်၊ သူမ၏ ခင်ပွန်းမှာ ဆေးဒေါက်တာ ဖြစ်ပါသည်၊ နာမည်မှာ "ဘောလ်"တဲ့၊ ဒေါက်တာဘောလ်၏ အစ်ကိုဖြစ်သူတို့ ဇနီးမောင်နှံကလည်း တရားစခန်းဝေယျာဝစ္စတို့ကို အလုပ်နှင့်လက် မပြတ်အောင်ပင်

ဆောင်ရွက်ကြပါသည်၊ အားလပ်လျှင် ဇနီးမောင်နှံနှစ်ယောက်လုံး တရားမှတ်ကြပါသေးသည်၊ ခင်ပွန်းနာမည်မှာ "ဒီပ"၊ ဇနီးနာမည်မှာ "ဝိပါက"တဲ့၊ သူတို့၏ ဆရာဦးသုဇီဝက ပါဠိလို နာမည်ပေးထားပါသတဲ့၊ "မေ"၊ "ဒီပ"၊ "ဝိပါက"တို့၏ စေတနာ, သဒ္ဓါတို့မှာ အလွန်ပင် လေးစားဖွယ်ရာ, အတုယူဖွယ်ရာ, ကြည်ညိုဖွယ်ရာ ကောင်းလှပါသည်။

စာရေးသူသည် ပဏ္ဍိတာရာမ ရွှေတောင်ကုန်း သာသနာ့ရိပ်သာ၌ မူလတန်း, အငယ်တန်း, အလတ်တန်း, အကြီးတန်း, စာချတန်းအတွက် စာသင်သား ပြည်တွင်း, ပြည်ပသီလရှင်တို့အား စာချပေးသည့်တာဝန်နှင့် ပြည်ပယောဂီတို့အား တရားစစ်ပေးသည့် တာဝန်တို့ကိုသာ ဆောင်ရွက်ခဲ့ရပြီး တရားဟောတာဝန်ကိုမူ ဆရာတော် ပြည်ပ ကြွခိုက် ပြည်ပယောဂီတို့အား တရားဟောသည့် အခါမှတစ်ပါး အခြားအခါတို့၌ မဆောင်ရွက်ခဲ့ရပါ၊ ထို့ကြောင့် ယခု မလေးရှားခရီး တစ်လတရားစခန်း၌ တရားဟောဖို့ အနည်းငယ် ဝန်လေးခဲ့ရပါသည်၊ သို့သော် သန္တိသုခါ-ရာမရှိ ဦးသုဇီဝ၏ အခန်းထဲ၌ မဟာစည်ဆရာတော်ကြီး ဟောထားသည့် မြန်မာလို တရားစာအုပ်တို့နှင့် အမရပူရ မဟာဂန္ဓာရုံဆရာတော်၏ ကျမ်းစာအုပ်တချို့အပြင် ပါဠိတော်စာအုပ်တို့ကိုတွေ့ရသောကြောင့် ထိုစာအုပ်တို့က စာရေးသူ တရားဟောရေးအတွက် များစွာပင် အကူအညီပေးကြပါသည်၊ ထိုစာအုပ်တို့၏

အကူအညီကြောင့် တရားဟောရေးမှာ ဝန်လေးသော်လည်း အဆင်ပြေပါသည်။

ထိုစာအုပ်တို့၏ ကျေးဇူးကြီးပုံကို သိရသောအခါ ရွှေတောင်ကုန်း သာသနာ့ရိပ်သာဆရာတော် ပြည်ပရှိ တရားဌာနတို့သို့ တရားစာအုပ်တို့ ပို့ပေးခြင်း၏ ရည်ရွယ်ချက်ကို နားလည်လာရပါတော့သည်၊ အမေရိက, အင်္ဂလန်, ကနေဒါ, ဩစတြေးလျ, နီပေါ, မလေးရှား, စင်္ကာပူ စသော ပြည်ပနိုင်ငံတို့၌ တရားပြပေးနေသော တပည့်သံဃာတို့ထံ ဆရာတော်သည် ပိဋကစာအုပ်တွေ, မဟာစည်, မဟာဂန္ဓာရုံစာအုပ်တွေကို ပို့ပေးလေ့ရှိပါသည်။

ကမ္မဋ္ဌာန်းဆရာလည်း ဖြစ်, စာရေးဆရာလည်း ဖြစ်, ကဗျာဆရာလည်း ဖြစ်သော ဉူးသုဇီဝ၏ အခန်းထဲမှ စာအုပ်တို့နှင့် အတူ စာအုပ်ပိုင်ရှင် ဉူးသုဇီဝကိုလည်း ကျေးဇူးတင်မိပါသည်၊ စာရေးသူ၏ အင်္ဂလိပ်ဘာသာပြန်ဖြစ်သော ဦးခင်လှိုင်၏ ပြောပြချက်အရ ဉူးသုဇီဝကို ပို၍ စိတ်ဝင်စားလာမိပါသည်၊ ဦးခင်လှိုင်သည် ဤသန္တိသုခါရာမရိပ်သာ စဖွင့်ခဲ့စဉ်က ရွှေတောင်ကုန်း သာသနာ့ရိပ်သာ ဆရာတော်၏ အင်္ဂလိပ်ဘာသာပြန်အဖြစ်, ကပ္ပိယကာရကအဖြစ်ဖြင့် ဤရိပ်သာသို့ ရောက်ခဲ့သူ ဖြစ်ပါသည်။

ဦးခင်လှိုင် ပြောပြသည်မှာ-

"ဒီဦးသုဇီဝဆိုတာ ကျောင်းသားဘဝတုန်းက အင်မတန်ပဲ အတန်းထဲမှာ စာတော်ခဲ့တယ်၊ ဒါကြောင့် မလေးရှားအစိုးရက သူ့ကို ဩစတြေးလျကို ပညာတော်သင် သွားဖို့ ရွေးချယ်ပြီး လွှတ်ခဲ့တယ်၊ ဒါပေမယ့် သူက အစိုးရလွှတ်တဲ့ ဩစတြေးလျကို မသွားဘဲ ဘုန်းကြီး ဝတ်လိုက်တယ်"-တဲ့။

ကဗျာဆရာဖြစ်သော ဦးသုဇီဝ၏ အင်္ဂလိပ်ကို ရေးထားသည့် ကဗျာရှည်တစ်ပုဒ်ကို ဓမ္မာရုံနံရံတွင် ချိတ်ဆွဲထားသည့်ကို တွေ့ရှိရပါသည်၊ ကဗျာ၏ နာမည်က "A time to forget time"တဲ့၊ "အချိန်ကို မေ့ပစ်ရမယ့် အချိန်"တဲ့၊ ထိုကဗျာရှည်ထဲမှာ ကဗျာတစ်ပိုဒ်ကိုသာ မြန်မာလို ဖော်ပြလိုက်ပါသည်။

"ဒီအချိန်ဟာ ကမ္ဘာကြီးကိုရော, သင့်ကိုယ်ကိုရော, သင့်မိတ်ဆွေတွေကိုရော, အချိန်ကိုရော, နေရာကိုရော မေ့ရမည့်အချိန်ပဲ၊ တရားစခန်းတစ်ခုဟာ ဘဝမှာ အင်မတန် တန်ဖိုးရှိတဲ့ အရာ ဖြစ်တယ်၊ ငါဟာ အချိန် မဖြုန်းတော့အံ့၊ အမြဲတမ်း သတိနှင့် ရှုမှတ်နေဖို့ အမှတ်ရမည့်အချိန် ဖြစ်တယ်" တဲ့။

ဦးသုဇီဝ၏ ကဗျာအရ ဆိုရလျှင် ဤတစ်လတရားစခန်း၌ တရားရှုမှတ်နေကြသည့် ယောဂီတို့ကား အချိန်ကို မေ့နေကြသူတို့ပါတကား။

# ကျောက်တုံးနှင့် တူ

မလေးရှားနိုင်ငံရှိ ပြည်နယ် (၁၃)ပြည်နယ်တွင် ပြည်နယ်တစ်ပြည်နယ် ဖြစ်သော ဂျဟောပြည်နယ်အတွင်း၌ ရှိသည့် ကိုတာတင်ဂီမြို့နှင့် ဘာတုပါဟတ်မြို့သည် မိုင်အားဖြင့် (၈၀)မိုင်လောက် ဝေး၏၊ ကားဖြင့် (၂)နာရီလောက် မောင်းရ၏၊ ရန်ကုန်မြို့ ပဏ္ဍိတာရာမ ရွှေတောင်ကုန်း သာသနာ့ရိပ်သာတွင် တရားအားထုတ်နေသော မလေးရှားဆရာလေး - မခေမာနန္ဒီ၏ ညီမဖြစ်သူ ကျောင်းဆရာမက သူတို့ဘာတုပါဟတ်မြို့သို့ တစ်ညအိပ်ကာ တရားဟောပြောဖို့ စာရေးသူကို ပင့်သဖြင့် သွားခဲ့ရပါ၏၊ သူတို့မြို့တွင် ဝိပဿနာကမ္မဋ္ဌာန်းဌာနတစ်ခု ရှိပါ၏၊ အိမ်တစ်အိမ်၏ အထက်ထပ်ကို ငှားထားကာ ကမ္မဋ္ဌာန်းဌာနအဖြစ် ပြုလုပ်ထားကြပါ၏၊ သူတို့ ဤဝိပဿနာကမ္မဋ္ဌာန်းဌာနသို့ လာရောက်ကာ တရားထိုင်ကြ, ဘုရားရှိခိုးကြ, မေတ္တာပို့ကြ၏၊ တရားဟောပေးမည့် ဆရာတော်တို့ကို ပင့်ကာ တရားနာယူလေ့ရှိကြ၏၊

တရားဟောပြောပြသပေးမည့် သံဃာတော်တစ်ပါး ကြွလာလျှင် သူတို့သည် အလွန်ပင် ပျော်နေကြ၏၊ သူတို့အဖို့ သံဃာတော်သည် ရှားပါးလှသော ရတနာတစ်ပါး ဖြစ်နေပါ၏၊ သူတို့ဆိုသည်မှာ ဘာတုပါဟတ်မြို့မှ ထေရဝါဒဗုဒ္ဓဘာသာဝင် တရုတ်လူမျိုးတို့ ဖြစ်ပါ၏။

ဆရာလေး-မခေမာနန္ဒီ၏ ညီမဖြစ်သူ ကျောင်းဆရာမမှာ တရုတ်လို နာမည် ရှိပါ၏၊ ပါဠိလိုလည်း ရှိပါ၏၊ သူမ၏ ပါဠိနာမည်မှာ- ဓမ္မဝတီ-တဲ့၊ "တရားရှိသူ"ပေါ့။

"ဓမ္မဝတီ. . . ဒီဘာတုပါဟတ်မြို့ရဲ့ အဓိပ္ပာယ်က ဘာလဲ"

စာရေးသူ တရားဟောဖို့ အချိန်က နီးကပ်နေပြီ၊ သို့သော် မည်သည့်တရားကို ဟောရမည်နည်းဟု စဉ်းစားနေရဆဲ၊ ဝေခွဲ၍ မရသေး၊ ထို့ကြောင့် တရားဟောဖို့ အကြောင်းအရာ ရလိုရငြား သဘောဖြင့် မြို့၏အဓိပ္ပာယ်ကို စူးစမ်းမေးမြန်းရပါ၏။

ဓမ္မဝတီက ဤသို့ ရှင်းပြပါ၏။

"ဘာတု-ဆိုတာ ကျောက်တုံး၊ ပါဟတ်-ဆိုတာ တူ-တဲ့၊ ဘာတုပါဟတ်-ဆိုတဲ့ စကားလုံးဟာ မလေးရှားဘာသာ စကားလုံး ဖြစ်ပါတယ်"-တဲ့။

ဓမ္မဝတီ၏ အဓိပ္ပာယ် ရှင်းပြချက်ကို ကြားရသည့်အခါ တရားဟောဖို့ အချက်အလက် ရသွားပေပြီ၊ မကြာမီ တရားနာ

ပရိသတ်တို့ တရားနာဖို့ အဆင်သင့် ဖြစ်နေကြလေပြီ၊ တရား မဟောမီ နမော တဿဖြင့် ဘုရားရှိခိုးပြီး သရဏဂုံ ဆောက်တည်ကာ ငါးပါးသီလ ခံယူကြ၏၊ ထို့နောက်မှ စာရေးသူက မြန်မာလို ဟောသည်ကို ဦးခင်လှိုင်က အင်္ဂလိပ်လို ဘာသာပြန်၏၊ မဓမ္မဝတီက တရုတ်လို ဘာသာပြန်၏။

"ကျောက်တုံးနဲ့ တူလို့ အဓိပ္ပာယ်ရှိတဲ့ မြို့မှာ နေကြတဲ့ ဒီဒကာ၊ ဒကာမတွေရဲ့ ဘဝမှာ ကိုယ်စီ ကိုယ်စီ ပိုင်ဆိုင်ထားကြတဲ့ ကျောက်တုံးကြီး (၃)တုံး ရှိတယ်။"

သူတို့မှာ ကျောက်တုံးကြီး (၃)တုံး ပိုင်ဆိုင်ထားသည်ဟု ဆိုသဖြင့် ငုံ့နေကြသော ဦးခေါင်းတို့ မော့လာကြ၏၊ နားစွင့်ကာ ပို၍ စူးစိုက်လာကြ၏။

"အဲဒီကျောက်တုံးကြီး (၃)တုံးက ကိုယ်ရယ်၊ နှုတ်ရယ်၊ စိတ်ရယ်ပဲ၊ အဲဒီ ကျောက်တုံးကြီး (၃)တုံး လှပလာအောင် မလိုအပ်တဲ့ အရာတွေကို ဖယ်ရှားပစ်ဖို့၊ ဖဲ့ထုတ်၊ ထုထုတ်ပစ်ဖို့ လိုတယ်။"

"ဒကာ၊ ဒကာမတို့ ခုနက ငါးပါးသီလ ဆောက်တည်လိုက်ကြတယ်၊ သတ်မှု၊ ခိုးမှု၊ ကာမမှု၊ သေရည်အရက်သောက်မှု ဆိုတဲ့ အရာတွေဟာ ခန္ဓာကိုယ် ခေါ်တဲ့ ကျောက်တုံးကြီးမှာ အကျည်းတန်အောင်၊ မလှမပအောင် လုပ်နေတဲ့ အရာတွေပဲ၊ တူနဲ့ ထုပြီး ထုတ်ပစ်ရမယ့်အရာတွေပဲ၊ တူက ဘာတူနဲ့ ထုထုတ်

ပစ်ရမလဲဆိုတော့ “သီလ”ဆိုတဲ့ တူနဲ့ ထုထုတ်ပစ်ရမယ်၊ ငါးပါး သီလ ဆောက်တည်လိုက်တဲ့ ဒကာ, ဒကာမတွေဟာ သင်တို့ရဲ့ ကိုယ်ခန္ဓာမှာ မလှုပ်မပအောင် လုပ်တဲ့ အဲဒီအရာတွေကို သီလ တူနဲ့ ထုထုတ်ပစ်လိုက်ကြပြီပေါ့၊ သင်တို့ရဲ့ ကိုယ်ခန္ဓာလို့ခေါ်တဲ့ ကျောက်တုံးကြီးဟာ လှုပသွားပြီပေါ့။”

“နှုတ်လို့ ခေါ်တဲ့ ကျောက်တုံးမှာလည်း တူနဲ့ ထုထုတ်ပစ်ရ မယ့်အရာ ရှိနေတယ်၊ အဲဒီအရာက ဘာလဲ၊ လိမ်ညာပြောဆိုမှုပဲ၊ ဒီလိမ်ညာပြောဆိုမှုကို သီလတူနဲ့ပဲ ထုထုတ်ပစ်ရမယ်၊ ငါးပါး သီလ ဆောက်တည်လိုက်တုန်းက ပါသွားပြီပေါ့၊ သီလတူနဲ့ အထု ခံထားရတဲ့ နှုတ်ဆိုတဲ့ ကျောက်တုံးကြီးဟာ လှုပသွားပြီ။”

ကျောက်တုံး(၂)တုံးနှင့် တူတစ်လက်ကိုသာ သိရသေးသော ကြောင့် ကျန်သော စိတ်တည်းဟူသော ကျောက်တုံးကို အဘယ် တူဖြင့် ထုနှုက်လေမည်နည်းဟုလည်း သိချင်ဇောကြီးနေကြပုံ ပေါ်ပါ၏၊ သူတို့မြို့နာမည်၏ အဓိပ္ပာယ်နှင့် လိုက်ဖက်နေသော တရားဖြစ်သောကြောင့် အထူး စိတ်ဝင်စားနေကြပုံလည်း ရပါ၏၊ ပရိသတ်မှာ ငြိမ်သက်ကာ ရှေ့ဆက်ပြောမည့်စကားကို ငံ့လင့်နေ ကြလေ၏။

“ဒီမှာ လာပြီး မေတ္တာပို့ကြ, ဘုရားရှိခိုးကြတယ် ဆိုတော့ စိတ်တည်ငြိမ်အောင် လုပ်တဲ့ သမထဘာဝနာအလုပ်ကို အား

ထုတ်နေကြတာပဲ၊ မေတ္တာပို့ရင်း, ဘုရားရှိခိုးရင်း စိတ်တည်ငြိမ် နေတဲ့အခါ နီဝရဏအကုသိုလ်တရားတွေ ကင်းစင်နေတယ်၊ ဒီ နီဝရဏအကုသိုလ်တွေဆိုတာ စိတ်ကို မလှမပအောင် လုပ်တတ် တယ်၊ ဒါကြောင့် စိတ်ဆိုတဲ့ ကျောက်တုံး လှပလာဖို့ရာ သမာဓိ ဆိုတဲ့ တူနဲ့ အဲဒီနီဝရဏအကုသိုလ်တွေကို ထုထုတ်ပစ်ရတာပဲ။"

"သမာဓိတူနဲ့ ထုလို့ ရလာတဲ့ စိတ်ကျောက်တုံးအလှကို သာသနာပကာလမှာလည်း ရနိုင်တာပဲ၊ ယခုလို သာသနာတွင်း ကာလမှာသာ ရနိုင်တဲ့ ပညာတူနဲ့လည်း စိတ်ဆိုတဲ့ ကျောက်တုံး ကို လှပလာအောင် ထုပေးဖို့ လိုသေးတယ်၊ အဲဒီပညာတူက တော့ ဝိပဿနာပညာဆိုတဲ့ တူပါပဲ၊ ဒီဝိပဿနာပညာတူနဲ့ ထု ပေးလိုက်ရင် စိတ်ဆိုတဲ့ ကျောက်တုံးဟာ ပိုပြီး လှပလာမယ်၊ မဂ် ပညာဆိုတဲ့ တူနဲ့ ထုလိုက်ရင်တော့ အလှပဆုံး ဖြစ်သွားတာပေါ့။"

"ရခဲလှတဲ့ လူ့ဘဝကိုလည်း ရ,ရကျိုး နပ်ရလေအောင်, တွေ့ ကြုံခဲလှတဲ့ သာသနာတော်ကြီးနဲ့လည်း တွေ့ကြုံရကျိုး နပ်လေ အောင် စိတ်ဆိုတဲ့ ကျောက်တုံးကြီးကို ဝိပဿနာတူနဲ့လည်း နေ့စဉ် မှန်မှန် ထုပေးကြဖို့ တိုက်တွန်းပါတယ်။"

ဤဝိပဿနာကမ္မဋ္ဌာန်းဌာန၌ ပဏ္ဍိတာရာမ ရွှေတောင်ကုန်း သာသနာ့ရိပ်သာ ဆရာတော်နှင့် ဆရာတော်၏ တပည့်များ ဖြစ် ကြသော နီပေါဆရာတော်-အရှင် ဉာနပုဏ္ဏိက၊ အရှင်ပညာသာမိ

(မြန်မာ)၊ အရှင်ရာဇိန္ဒ (မြန်မာ)၊ ဦးသုဇီဝ (မလေးရှား)၊ အရှင်သုဝဏ္ဏ(မလေးရှား)တို့၏ ပုံတော်တို့ကို ဖူးတွေ့ရပါ၏၊ ဦးသုဇီဝသည် ဤဝိပဿနာကမ္မဋ္ဌာန်းဌာနသို့လည်း မကြာ မကြာ လာရောက်ဟောပြောပုံ ပေါ်ပါ၏၊ ဤအရှင်မြတ်တို့သည်လည်း ကျောက်တုံးကြီး(၃)တုံးကို တူကြီး(၃)လက်ဖြင့် ထုပေးကြဖို့ ဟောကြားပေးကြမှာ သေချာမည် ဖြစ်ပါ၏၊ ထို့ကြောင့် စာရေးသူသည် ဖတ်ရှုမှတ်သားဖူးသော အောက်ပါ ပုံပြင်လေးဖြင့် တိုက်တွန်းကာ တရားအဆုံးသတ်ခဲ့ပါ၏။

"တစ်ချိန်တုန်းက တက္ကသိုလ်ပြည်မှာ ပါမောက္ခဆရာကြီးက တက္ကသိုလ်ကျောင်းတော်သူ၊ ကျောင်းတော်သားတွေကို ဒီလို သြဝါဒပေးလေ့ရှိသတဲ့။"

"တပည့်တို့. . . ကြိုးစားကြ၊ ကြိုးစားကြ။"-တဲ့။

တစ်နေ့လာလည်း ဒီသြဝါဒပဲ၊ နောက်တစ်နေ့လာလည်း ဒီသြဝါဒပဲ၊ နေ့တိုင်း နေ့တိုင်း ဒီသြဝါဒကိုချည်းပဲ ဟောသတဲ့၊ တစ်နေ့ရောက်တော့ တပည့်တစ်ယောက်က ထပြီး ပြောသတဲ့။

'ဆရာကြီး. . ဆရာကြီးက နေ့တိုင်း ဒီသြဝါဒကိုချည်း ပေးနေတာပဲ၊ ကျွန်တော်တို့လည်း ကြိုးစားကြတာပဲ'-တဲ့၊ ဒီတော့ ပါမောက္ခဆရာကြီးက ဒီလို ပြန်ပြောသတဲ့။

"အေး. . တပည့်တို့. . တပည့်တို့ ကြိုးစားကြတာကို ဆရာ သိပါတယ်၊ ဆရာက 'ကြိုးစားကြ၊ ကြိုးစားကြ'လို့ ပြောတာဟာ ယခု ကြိုးစားတာထက် ပိုပြီး ကြိုးစားကြပါလို့ ပြောတာပဲ"-တဲ့။

"ယခု ဒီဒကာ, ဒကာမတွေဟာလည်း ရှေး, ရှေးဆရာတော်တွေက ကျောက်တုံးကြီး (၃)တုံးကို တူ(၃)လက်နဲ့ ထုဖို့ တိုက်တွန်းလို့ ထုကြမှာပါပဲ၊ ဒါပေမယ့် အခုတစ်ခါ ထုဖို့ ထပ်တိုက်တွန်းတာကတော့ ယခု ထုနေတာထက် ပိုပြီး ထုပေးကြပါ-လို့ တိုက်တွန်းလိုတာပါပဲ။"

နောက်တစ်နေ့ နံနက်ပိုင်းတွင် ဘာတုပါဟတ်မြို့ကို ကားဖြင့် လှည့်ပတ်၍ ပြလေရာ ကျောက်တုံးနှင့် တူကို ရုပ်ပုံထုထားသည်ကိုလည်း ပြသသဖြင့် တွေ့ခဲ့ရပါသေးသည်၊ ထိုကျောက်တုံးနှင့် တူကို ပြသရင်း ညက ဟောသည့်တရားကို သတိရကာ လိုက်ပို့သူတို့က ပြုံးရယ်နေကြလေ၏၊ ကျောက်တုံးနှင့် တူ မြို့သူမြို့သားတို့သာမက လူသားအားလုံး ကိုယ်စီကိုယ်စီ ပိုင်ဆိုင်ထားကြသော ထိုကျောက်တုံး(၃)တုံးကို တူ(၃)လက်ဖြင့် ကိုယ်စီကိုယ်စီ ထုသင့်လှပါသည်၊ သို့မှသာ လူသားတို့ဘဝဟာ လှပလာမည် မဟုတ်ပါလား။

# ဝမ်းသာစရာ ကရုဏာ

"ကရုဏာ အခြေအနေ ဘယ်လိုလဲ"

သူတို့မိသားစုသည် မလေးရှားနိုင်ငံ ဂျဟောမြို့မှ တရုတ်လူမျိုးများ ဖြစ်ကြသော်လည်း ဗုဒ္ဓသာသနာကို ကြည်ညိုမြတ်နိုးသည့် မိသားစု ဖြစ်သောကြောင့် တရုတ်နာမည်အပြင် ပါဠိလိုလည်း နာမည် ရှိကြ၏၊ အဖနာမည်က-ကောဏ္ဍည၊ အမိနာမည်-မေတ္တာ၊ သမီးအကြီးလေးနာမည်- ကရုဏာ၊ သမီးငယ်လေးနာမည်- မုဒိတာ၊ သားလေးနာမည်- ဝိမလ-တဲ့။

သမီးအကြီးလေး-ကရုဏာသည် အသက်(၁၂)နှစ် ရှိပြီ၊ သူမသည် သန္တိသုခါရာမ တရားစခန်းသို့ လာရောက်ကာ တစ်ပတ်တရားအားထုတ်သွားသည်၊ အိမ်ပြန်ရောက်သွားသော ကရုဏာ၏ အခြေအနေကို သိလို၍ သူမ၏ အဖေ-ကောဏ္ဍညကို အထက်ပါအတိုင်း မေးလိုက်ပါသည်။

ထိုအမေးကို ကြားလိုက်ရသောအခါ ကောဏ္ဍညသည် ပြုံးသွားလေသည်၊ ပြုံးရွှင်စွာ အဖြေ ပေးပါသည်။

"ကရုဏာ ပိုတော်လာတယ်၊ ပိုကောင်းလာတယ်၊ သူ့အမေရဲ့ အလုပ်တွေကို မခိုင်းရဘဲနဲ့ အလိုက်သိစွာ လုပ်လာတယ်၊ သူ့ရဲ့ မောင်လေးနဲ့ ညီမလေးကို သွန်သင်စကားတွေ ပြောပေးနေတယ်၊ တပည့်တော် သူ့ကို တမင် လေ့လာတာတော့ မဟုတ်ပါဘူး၊ သွားရင်းဟန်လွဲ ကရုဏာ ပြောနေတဲ့ စကားလေးတွေကို ကြားရတာပါ။"

"ကရုဏာ အိမ်ပြန်ရောက်တော့ ကရုဏာက တပည့်တော်ကိုရော, သူ့အမေကိုရော, သူ့ မောင်လေး, ညီမလေးတွေကိုရော အရှင်ဘုရား ပြောလိုက်တဲ့ ပုံလေးတွေ ပြန်ပြောပြတယ်။"

"ဘာ ပုံတွေလဲ၊ ပြောပြပါအုံး၊"

စာရေးသူက "ကရုဏာ ဘယ်လောက် မှတ်မိပြီး ဘယ်လို ပြောပြထားသလဲ"ဟု သိလို၍ ကောဏ္ဍညကို ပြောပြရန် တိုက်တွန်းလိုက်ပါသည်၊ ထိုအခါ ကောဏ္ဍညက အောက်ပါ ပုံဝတ္ထုလေးကို ဆက်တိုက် ပြောပြသွားပါသည်။

"(၇)နှစ်အရွယ် ကိုရင်လေးတစ်ပါး ရှိတယ်၊ သူက သူ့ဆရာ အရှင်သာရိပုတ္တရာနဲ့အတူ ဆွမ်းခံသွားတယ်၊ လမ်းခရီးအကြားမှာ ရေမြောင်းတစ်ခု တွေ့တယ်၊ အဲဒီအခါ ကိုရင်လေးက မေးခွန်းတွေ မေးတယ်၊ အရှင်သာရိပုတ္တရာက ဖြေပေးရတယ်။

"ဒီဟာကို ဘာ ခေါ်ပါသလဲဘုရား"

"ရေမြောင်း ခေါ်တယ် ကိုရင်"

"ဒီရေမြောင်းနဲ့ ဘာလုပ်ကြပါသလဲဘုရား"

"ဒီရေမြောင်းက ရေတွေကို လယ်ထဲသို့ သွင်းယူပြီး လယ်လုပ်ကြတယ် ကိုရင်"

"ဒီရေတွေက လူတွေလို စိတ်ရှိပါသလားဘုရား"

"စိတ် မရှိဘူး ကိုရင်"

"အဲဒီလို စိတ်မရှိတဲ့ ရေကို ကိုယ် လိုချင်ရာ ယူလို့ ရနိုင်ပါသလားဘုရား"

"အေး. . . ရနိုင်တာပေါ့ ကိုရင်"

အဲဒီလို မေးမြန်းပြီးတဲ့နောက် ကိုရင်လေးက ဒီလို စဉ်းစားတယ်။

"စိတ် မရှိတဲ့ ရေတောင် ကိုယ် လိုချင်တဲ့နေရာကို ယူဆောင်လို့ ရသေးရင် စိတ်ရှိတဲ့ လူတွေဟာ ဘာပြုလို့ ကိုယ်သဘောကျသလို ထားပြီး တရားအားမထုတ်နိုင်ဘဲ ရှိရမှာလဲ"တဲ့။

အဲဒီလို စဉ်းစားရင်း ရှေ့ကို ခရီးဆက်တဲ့အခါ လေးသမားတွေ မြားအကောက်ကို မီးကင်ပြီး ဖြောင့်အောင် ပြုပြင်နေကြတာကို မြင်ပြန်တယ်၊ အရှင်သာရိပုတ္တရာကို မေးလို့ အရှင်သာရိ-ပုတ္တရာကလည်း ကောက်တဲ့မြားကို ဖြောင့်အောင် ပြုပြင်နေကြ

ကြောင်း မိန့်တယ်၊ အဲဒီအခါမှာလည်း ကိုရင်လေးက ဒီလို စဉ်းစားတယ်။

"စိတ် မရှိတဲ့ မြားအကောက်ကိုတောင် ဖြောင့်အောင် ပြင်လို့ရသေးရင် စိတ် ရှိသူ လူတွေဟာ မိမိစိတ်ကို ကိုယ့်အလိုကျအောင် ထားပြီး ဘာလို့ တရားအားမထုတ်နိုင်ဘဲ ရှိရမှာလဲ"တဲ့။

အဲဒီလို စဉ်းစားရင်း ရှေ့ကို ခရီးဆက်တဲ့အခါ သစ်သားတွေကို လှည်းဘီးလုပ်ဖို့ ပြုပြင်နေတဲ့ လက်သမားတွေကို မြင်ရပြန်တယ်၊ အရှင်သာရိပုတ္တရာကို မေးလို့ အရှင်သာရိပုတ္တရာကလည်း အကြောင်းစုံကို မိန့်တယ်၊ အဲဒီအခါမှာလည်း ကိုရင်လေးက ဒီလို စဉ်းစားတယ်။

"စိတ် မရှိတဲ့ သစ်သားတွေကိုတောင် အမျိုးမျိုးဖြစ်အောင် ပြုပြင်လို့ ရနိုင်သေးရင် စိတ် ရှိနေသူ လူတွေဟာ မိမိစိတ်ကို ကိုယ့်အလိုကျအောင် ထားပြီး ဘာလို့ တရားအားမထုတ်နိုင်ဘဲ ရှိရမှာလဲ"တဲ့။

အဲဒီလို သုံးကြိမ်တိုင်တိုင် စဉ်းစားမိတဲ့အခါ တရား အားထုတ်လိုတဲ့ ဆန္ဒက ကိုရင်လေးမှာ ပြင်းပြလာလို့ ဆွမ်းခံ မလိုက်တော့ဘဲ ကျောင်းတိုက်ကို ပြန်နှင့်ဖို့ အရှင်သာရိပုတ္တရာထံ ခွင့်ပန်တယ်၊ အရှင်သာရိပုတ္တရာကလည်း ကျောင်းဆောင် အပြင်ဘက်

မှာ နေရင် မတော်တဆ တစ်စုံတစ်ခု ဖြစ်မှာစိုးလို့ သော့ပေးလိုက်ပြီး "ကျောင်းခန်းအတွင်းမှာ နေ"လို့ မှာကာ ပြန်လွှတ်လိုက်တယ်။

ကိုရင်လေးဟာ ကျောင်းတိုက်ကို ရောက်လို့ အရှင်သာရိပုတ္တရာရဲ့ ကျောင်းခန်းအတွင်း ဝင်ပြီး အပူတပြင်း ကြိုးစားပြီး တရားရှုမှတ်တယ်၊ နတ်တွေ, သိကြားမင်း, ဘုရားရှင်တို့ရဲ့ အစောင့်အရှောက်ခံရပြီး တရားအားထုတ်တာ မကြာခင် ရဟန္တာ ဖြစ်သွားတယ်။

"အရှင်ဘုရားက ဒီပုံဝတ္ထုလေးကို ပြောပြီးတော့ သူ့မအသက်နဲ့ ကိုရင်လေးအသက် ဘယ်လောက် ကွာသလဲ"လို့ မေးတယ်-တဲ့၊ သူမက (၅)နှစ်ကြီးတယ်လို့ ပြောတော့ (၅)နှစ်တောင် ကြီးတဲ့ ကရုဏာက ဘာလို့ တရားအားမထုတ်နိုင်ရမှာလဲ၊ ကြိုးစားမှတ်လို့ ပြောလို့ ကြိုးစားမှတ်ခဲ့ပါတယ်"တဲ့။

ကိုတာတင်ဂီမြို့ရှိ သန္တိသုခါရာမ တစ်လတရားစခန်း၌ ကရုဏာလို ငယ်ရွယ်သူမှာ ကရုဏာတစ်ယောက်သာ ပါပါသည်၊ ကရုဏာသည် တစ်နာရီ ပြည့်အောင် မမှတ်နိုင်သလို အချိန်ဇယားအတိုင်း အချိန်ပြည့်လည်း မကြိုးစားနိုင်ပါ၊ စာရေးသူသည် ကရုဏာကို အခြားလူကြီးယောဂီတို့လို အချိန်ဇယားအတိုင်း အချိန်ပြည့် အားထုတ်စေချင်ပါသည်၊ သို့သော် ကရုဏာမှာ မစွမ်းနိုင်ရှာပါ၊ ထို့ကြောင့် ကရုဏာကို အထက်ပါ ပဏ္ဍိတကိုရင်လေး

၏ ပုံဝတ္ထုဖြင့် ကြိုးစားအားထုတ်လိုစိတ် ပေါ်လာအောင် တိုက်တွန်းရပါသည်၊ ကရုဏာသည် ဤပုံဝတ္ထုလေးကို သဘောကျသွား၍ "ကြိုးစားမှတ်ပါမည်"ဟု လျှောက်ထားသွားပါသည်။

နောက်တစ်ရက်တွင် စာရေးသူက ကရုဏာကို မေး၍ ကရုဏာက ဖြေပါသည်။

"ကရုဏာ. . . . ပန်းပုရုပ်တုကို တွေ့ဖူးလား။"

"တွေ့ဖူးပါတယ်ဘုရား။"

"ဘာနဲ့ ထုထားတဲ့ ပန်းပုရုပ်လဲ"

"သစ်သားနဲ့ ထုထားတဲ့ ဘုရားရုပ်ပုံတော်ပါဘုရား။"

"အဲဒီဘုရားရုပ်ပုံတော်ဟာ ကြည်ညိုစရာ ကောင်းသလား။"

"ကြည်ညိုစရာ ကောင်းပါတယ်ဘုရား။"

"အဲဒီဘုရားရုပ်ပုံတော် အဲဒီလို ကြည်ညိုစရာပုံ ဖြစ်လာအောင် ဘာလုပ်ရသလဲ၊ ကရုဏာ သိလား။"

"သိပါတယ်၊ မလိုတဲ့အသားတွေကို ထွင်းထုတ်ပစ်ရပါတယ်ဘုရား"

"ကရုဏာလည်း ကြည်ညိုစရာကောင်းတဲ့ ယောဂီလေး ဖြစ်လာအောင် ပျင်းတာတွေ, ကြိုးကြိုးစားစား မမှတ်တာတွေ, အမှတ်လွတ်တာတွေ, ဟိုငေးဒီငေး ငေးတာတွေ, ညင်ညင်သာသာ ဖြေးဖြေး မလှုပ်ရှားတာတွေကို ဖယ်ထုတ်ပစ်ရမယ်၊ ဒါမှ

ကြည်ညိုစရာကောင်းတဲ့ ယောဂီလေး ဖြစ်လာမှာ၊ မဖြစ်ချင်ဘူးလား။"

"ဖြစ်ချင်ပါတယ်ဘုရား။"
"ဖြစ်ချင်ရင် ကြိုးစား။"
"မှန်ပါ ကြိုးစားပါမယ်ဘုရား။"

ဤသို့ လျှောက်ထားပြီး သူမ စွမ်းနိုင်သမျှ ကြိုးစားရှာပါ၏၊ စာရေးသူ ပြောပြထားသော စကားလေးတို့ ပြီးပြီးပျောက်ပျောက်မဟုတ်ဘဲ သူမ၏ နှလုံးထဲ၌ စွဲမြဲစွာ တည်ရှိနေကြောင်းကို သူမ၏ ဖခင်၏ ပြောပြချက်အရ သိရသဖြင့် ဝမ်းသာရပါ၏၊ စွမ်းနိုင်သမျှ ရှုမှတ်သွားသော သတိပဋ္ဌာန်တရားက သူမဘဝကို ပိုမို၍ ကောင်းမွန်လာစေသည်ဟု သူမ၏ ဖခင်က ပြောပြသဖြင့်လည်း ဝမ်းသာရပြန်ပါ၏။

လူသားတို့၏ ဘဝတို့၌ အကျည်းတန်စေသော အရာတို့ကို သတိပဋ္ဌာန်ဖြင့် ဖယ်ရှားပစ်ပါလျှင် အဘယ်မည်သော လူသား၏ ဘဝသည် မလှပဘဲ ရှိပါတော့မည်နည်း၊ လူသားတိုင်း လှပသော ဘဝပိုင်ရှင် ဖြစ်လာမည်မှာ မလွဲပါတည်း။

# နတ်သမီးတွေ များနေမည်

စာရေးသူ၏ အင်္ဂလိပ်ဘာသာပြန်ဖြစ်သော ဦးခင်လှိုင်က သူ့ကို 'အသည်းကွဲယောဂီ'ဟု သုံးနှုန်း၏၊ 'သူ'ဆိုသည်မှာ စင်္ကာပူမှ လာရောက်ပြီး မလေးရှားနိုင်ငံ ကိုတာတင်ဂီမြို့ရှိ သန္တိသုခါရာမ တရားစခန်း၌ တရားအားထုတ်နေသည့် (၃၂)နှစ်အရွယ်ရှိ တရုတ်အမျိုးသား ဖြစ်ပါ၏၊ သူသည် အိမ်ထောင်မကျမီက အင်္ဂလန်သို့ သွားပြီး ပညာသင်ယူခဲ့၏၊ ပညာသင်ယူစဉ် ဟောင်ကောင်မှ အင်္ဂလန်သို့ လာပြီး ပညာသင်ယူနေသည့် တရုတ်ကလေးမတစ်ယောက်နှင့် မေတ္တာမျှခဲ့ကြ၏၊ ကလေးမသည် သူ့အောက် (၆)နှစ် ငယ်၏၊ သူတို့နှစ်ယောက် လက်ထပ်ခဲ့ကြ၏၊ (၆)နှစ်လောက် ရှိသွားပေပြီ၊ ယခုအခါ စင်္ကာပူနိုင်ငံ၌ နေကြ၏။

ထိုအမျိုးသားယောဂီ၏ မျက်နှာ၌ စိတ်ဆင်းရဲပူလောင်မှုတို့ လွှမ်းနေ၏၊ မျက်နှာမှာ တင်းနေ၏၊ သို့သော် ညှိုးနေ၏၊ ညစ်နေ၏၊ သူ့ကို မြင်ရသည်မှာ သနားစရာ၊ သံတုံးကြီးကို မျိုထားသည့်

ပမာ သူ့ကိုယ်ခန္ဓာရော မျက်နှာပါ တောင်နေ၏၊ သူ့ရင်တွင်းမှ ခံစားချက်တို့ကို မျိုသိပ်ထားနိုင်ဟန် မတူ၊ ရိပ်သာသို့ ရောက်ပြီး စာရေးသူထံ လာကာ သူ့ရင်တွင်းခံစားချက်တို့ကို ဖွင့်ဟလျှောက် ထားလာပါ၏။

"တပည့်တော် မကြာသေးခင်က ဂျာမနီကို တစ်လလောက် သွားခဲ့ပါတယ်၊ အဲဒီအတောအတွင်းမှာ တပည့်တော်ဇနီးက အခြားယောကျ်ားတစ်ယောက်နဲ့ တွဲပြီး သွားလာနေပါတယ်၊ အဲဒီ ယောကျ်ားအပေါ်မှာ တပည့်တော်ဇနီးက စိတ်တိမ်းညွတ်နေပါ တယ်၊ တပည့်တော်ဇနီးက ကြင်နာတတ်တဲ့ စိတ်ထား ရှိပါတယ်၊ တပည့်တော်ဇနီးက အမြဲပြုံးနေတတ်တယ်၊ ဟောင်ကောင်မှ တောရွာလေး တစ်ရွာကပါ၊ ဗုဒ္ဓဘာသာဝင်ပါပဲ၊ ဘာသာရေး လည်း လိုက်စားပါတယ်၊ တပည့်တော်က သူ့ကို (၂)နှစ်လောက် လျစ်လျူရှုထားသလို ရှိခဲ့ပါတယ်၊ သူမမှာ ကျိတ်မှိတ်မြိုသိပ်ပြီး (၂)နှစ်လောက် ခံစားခဲ့ရပါတယ်-တဲ့၊ တပည့်တော်ရဲ့အပြစ်ပါပဲ၊ သူမနဲ့ အခုတွဲနေတဲ့လူက တပည့်တော်ဇနီး အလုပ်လုပ်တဲ့ ရုံးက ပါပဲ၊ သူကလည်း ဟောင်ကောင်ကပါပဲ၊ တပည့်တော် ဘယ်လို လုပ်ရပါမလဲ၊ အိမ်ပဲ ပြန်ရကောင်းမလား၊ တရားပဲ ဆက်မှတ်ရ မလား၊ တရားမှတ်လို့လည်း သိပ်မရဘူး"တဲ့။

"တရားမှတ်လို့ စိတ်ငြိမ်းချမ်းရင် တရားဆက်မှတ်ပေါ့၊ ပြဿနာဆိုတာ အေးဆေးတည်ငြိမ်တဲ့ စိတ်နဲ့ ဖြေရှင်းရင် ကြီးတဲ့

ပြဿနာဟာ သေးသွားတတ်တယ်၊ သေးတဲ့ ပြဿနာဟာ ပျောက်သွားတတ်တယ်။”

“ဒီလိုဆိုရင် တပည့်တော် တရားဆက်မှတ်ပါမယ်။”

စာရေးသူသည် ထိုတစ်လတရားစခန်း၌ တနင်္ဂနွေနေ့ညမှ တစ်ပါး အခြားညတို့၌ ညတိုင်း တရားဟောရာ ထိုညက လင်ယောကျ်ား, သား(၂)ယောက်, မိဘ(၂)ပါးနှင့် မောင်တစ်ယောက် ရုတ်တရက် သေဆုံးသွားသဖြင့် ရူးသွားရှာသော ပဋာစာရီ အကြောင်းကို ပြောပြဖြစ်၏၊ အသက်(၂၀)ဝန်းကျင်အရွယ်ဖြင့် ပြင်းထန်ခါးသီးလှသည့် ဘဝလောကဓံဒဏ်ကို အလူးအလဲ ခံနေရရှာသည့်ဘဝမှ သတိပဋ္ဌာန် ရှုမှတ်မှုတရားက ထုတ်ဆောင်ကယ်တင်ပြီး ရာနှုန်းပြည့် တည်ငြိမ်အေးချမ်းသည့် ရဟန္တာမဘဝသို့ ပို့ပေးလိုက်ကြောင်းကိုလည်း ရှင်းပြ၏။

သူ ညတိုင်း ကောင်းကောင်း အိပ်မပျော်ခဲ့သည်မှာ တစ်လခွဲကျော် ကြာလာခဲ့ရာ ပဋာစာရီအကြောင်းကို နာကြားရသော ထိုညကတော့ ကောင်းကောင်း အိပ်ပျော်သွားပါသတဲ့၊ သူသည် တစ်ပတ်လောက် တရားအားထုတ်ပြီး၍ စက်ာပူသို့ ပြန်ခါနီး၌ သူ့ဇနီးအတွက် တရားတစ်ပုဒ် ဟောပေးပါရန် တောင်းပန်လျှောက်ထားလာပါ၏၊ သူ လျှောက်ထားလျှင် လျှောက်ထားခြင်းဘာ တရားကို ဟောရမည်ကို မသိ ဖြစ်နေပါ၏၊ စာရေးသူ၏

စိတ်ထဲ၌ သူ့ဇနီးနှင့် သင့်တော်မည်ထင်သည့် တရားတစ်ပုဒ်ကား သူနှင့် စကားပြောရင်း မကြာမီ ပေါ်လာပါ၏၊ သာမဏေကျော် စာမေးပွဲ ဖြေခဲ့ရစဉ်က သင်ယူခဲ့ရသော မယား(၇)မျိုးအကြောင်း ကို ဟောဖို့ စိတ်ကူးမိပါ၏၊ အင်္ဂုတ္တရနိကာယ်၊ သတ္တကနိပါတ် တွင် မယား(၇)မျိုးအကြောင်း ပါပါ၏၊ သူက ကက်ဆက်တိတ်ခွေ ဖြင့် အသံသွင်းယူသွားပါ၏။

မြတ်စွာဘုရားသည် တစ်ခုသော နံနက်၌ သင်္ကန်းရုံ၍ သပိတ်ယူကာ အနာထပိဏ်သူဌေးအိမ်သို့ ဆွမ်းခံကြွရာ ခင်း ထားသော နေရာ၌ ထိုင်နေတော်မူ၏၊ ထိုအခါ အနာထပိဏ်၏ အိမ်၌ လူသံတို့ ဆူညံကျယ်လောင်နေ၏၊ ထို့ကြောင့် မြတ်စွာ ဘုရားသည် "အနာထပိဏ်. . သင့်အိမ်၌ လူသံတွေ ဆူညံလှ ချည်လား၊ တံငါသည်တွေ ငါးလုရာ၌ ဆူညံသလိုပါပဲလား"ဟု မေးသဖြင့် အနာတပိဏ်က "ဒီ သုဇာတာ-ဆိုတဲ့ ချွေးမကို ကြွယ်ဝ တဲ့ အမျိုးတစ်မျိုးမှ ဆောင်ယူထားပါတယ်၊ သူမက ယောက္ခမ (၂)ယောက်နဲ့ လင်ယောကျ်ားရဲ့ စကားကို မနာယူ, မလိုက်နာပါ၊ မြတ်စွာဘုရားကိုတောင်မှ မရိုသေ, အလေးမပြု, မမြတ်နိုး, မပူ ဇော်ပါဘုရား"ဟု လျှောက်ထား၏၊ ထိုအခါ သုဇာတာကို ခေါ်ပြီး မြတ်စွာဘုရားက ဤသို့မိန့်ကြားတော်မူ၏။

"သူသတ်သမားနဲ့ တူတဲ့ မယား,. သူခိုးနဲ့ တူတဲ့ မယား, အရှင်သခင်နဲ့ တူတဲ့ မယား, အမိနဲ့ တူတဲ့ မယား, အစ်မ, ညီမနဲ့

တူတဲ့ မယား, မိတ်ဆွေနဲ့ တူတဲ့ မယား, ကျွန်မနဲ့ တူတဲ့ မယား အဲဒီမယား(၇)မျိုးထဲက သုဇာတာ သင်ဟာ ဘယ်လို မယားလဲ။"

"မြတ်စွာဘုရား . . မြတ်စွာဘုရား အကျဉ်းအားဖြင့် ဟော ထားတဲ့ တရားရဲ့ အဓိပ္ပာယ်ကို တပည့်တော် အကျယ်ချဲ့ပြီး နားမလည်ပါ၊ တပည့်တော် နားလည်နိုင်အောင် အကျယ်ချဲ့ပြီး ဟောတော်မူပါဘုရား။"

"သုဇာတာ . . ဒီလိုဆိုရင် သေချာစူးစိုက်ပြီး နာယူ၊ ငါ ဘုရား ဟောပြမယ်။"

၁။ လင့်အပေါ် ဒေါသကြီးတယ်၊ လင်ရဲ့ စီးပွားမဲ့ကို လို လားတယ်၊ အခြားယောက်ျားတွေကို သာယာတပ်မက်တယ်၊ လင် ကို အထင်သေးတယ်၊ လင်ကို သတ်ဖို့ ကြိုးစားတယ်၊ အဲဒီ မယားဟာ သူသတ်သမားနဲ့ တူတဲ့ မယားပဲ။

၂။ လင်က လယ်ထွန်၍ ဖြစ်စေ, ကုန်ရောင်း၍ ဖြစ်စေ, အတတ်ပညာတစ်မျိုးမျိုးဖြင့် ဖြစ်စေ မယားအတွက် စီးပွားရှာ တယ်၊ ရှာလို့ ရလာတဲ့ ပစ္စည်းကို လင် မသိအောင် လစ်တယ်၊ ယူတယ်၊ အဲဒီမယားဟာ သူခိုးနဲ့တူတဲ့ မယားပဲ။

၃။ အလုပ် မလုပ်ချင်ဘူး၊ ပျင်းတယ်၊ အစားကြီးတယ်၊ ကြမ်းတမ်းတယ်၊ ကြမ်းကြုတ်တယ်၊ အပြောဆိုးတယ်၊ ကြိုးကြိုး

စားစား အလုပ် လုပ်တဲ့ လင်ကို တင်စီးတယ်၊ လွှမ်းမိုးတယ်၊ အဲဒီမယားဟာ အရှင်သခင်နဲ့ တူတဲ့ မယားပဲ။

၄။ လင်ရဲ့ အကျိုးစီးပွားကို အမြဲ လိုလားတယ်၊ မိခင်က သားကို စောင့်ရှောက်သလို လင်ကို စောင့်ရှောက်တယ်၊ လင် ရှာထားတဲ့ စီးပွားဥစ္စာကို ထိန်းသိမ်းစောင့်ရှောက်တယ်၊ အဲဒီမယားဟာ မိခင်နဲ့တူတဲ့ မယားပဲ။

၅။ အစ်မ သို့မဟုတ် ညီမလို လင့်အပေါ်မှာ ရိုသေတယ်၊ ရှက်စိတ် ရှိတယ်၊ လင့်အလို လိုက်တယ်၊ အဲဒီ မယားဟာ အစ်မ, ညီမနဲ့ တူတဲ့ မယားပဲ။

၆။ အချိန်ကြာမြင့်စွာမှ လာတဲ့ မိတ်ဆွေကို မြင်ရင် ဝမ်းသာတဲ့ မိတ်ဆွေလို လင်ကို မြင်ရင် ဝမ်းသာတယ်၊ အမျိုးကောင်းသမီး ဖြစ်တယ်၊ သီလ ရှိတယ်၊ အကျင့်စာရိတ္တ ကောင်းတယ်၊ အဲဒီမယားဟာ မိတ်ဆွေနဲ့တူတဲ့ မယားပဲ။

၇။ အမျက်မထွက်ဘူး၊ အေးချမ်းတယ်၊ ရိုက်ပုတ်ခြင်း, ဒဏ်ခတ်ခြင်းနဲ့ ခြိမ်းခြောက်ခံရလည်း စိတ်မဆိုးဘူး၊ လင်ကို သည်းခံတယ်၊ လင့်အလို လိုက်တယ်၊ အဲဒီမယားဟာ ကျွန်မနဲ့ တူတဲ့ မယားပဲ။

"သီလ မရှိ, ကြမ်းတမ်းပြီး လင့်ကို မရိုသေတဲ့ ရှေးမယား (၃)မျိုးဟာ ငရဲသွားမယ့် မယားတွေပဲ၊ သီလ ရှိတဲ့, စောင့်စည်း

ထိန်းသိမ်းတဲ့ နောက်မယား(၄)မျိုးကတော့ နတ်ပြည်သွားမယ့် မယားတွေပဲ။"

"သုဇာတာ. . သင်ဟာ အဲဒီမယား(၇)မျိုးထဲက ဘယ်မယား မျိုးလဲ။"

"မြတ်စွာဘုရား. . . တပည့်တော်ကို ဒီနေ့က စပြီး ကျွန်မ နဲ့ တူတဲ့ မယားလို့ မှတ်ယူတော်မူပါ ဘုရား"-တဲ့။

"သင်ဟာ နတ်ပြည်သွားမယ့် မယား ဖြစ်အောင် ကြိုးစား နိုင်ပါစေ၊ ငရဲသွားမယ့် မယား မဖြစ်ပါစေနဲ့။"

ဤကား အသည်းကွဲစက်ာပူအမျိုးသား၏ မယားအတွက် ဟောကြားလိုက်သော တရား ဖြစ်ပါ၏၊ သူတို့ဇနီးမောင်နှံ၏ ဘဝခရီး သာယာဖြောင့်ဖြူးပါစေဟုလည်း စိတ်ထဲမှ ပတ္ထနာပြုနေ မိပါ၏၊ ဇနီးသည်တိုင်း နတ်ပြည်သွားမည့် မယားတွေ ဖြစ် အောင် ကြိုးစားကြလေလျှင် နတ်ပြည်မှာ နတ်သမီးတွေ ပို၍ ပို ၍ များနေမည်မှာ သေချာပါသတည်း။

❀ ❀ ❀ ❀ ❀

# အမှိုက်ထဲက ရွှေ

မလေးရှားနိုင်ငံ, ဂျဟောပြည်နယ်, ဂျဟောမြို့ရှိ "မေတ္တာလော့ချ်"၌ တစ်ည တရားဟောခဲ့ရာ တရုတ်အမျိုးသား, အမျိုးသမီး လူကြီး, လူငယ်တို့အပြင် ကုလားမိသားစု တစ်စုလည်း ပါဝင်နေသည်ကို သတိပြုမိခဲ့ပါ၏၊ ဂျဟောမြို့မှ မစ္စတာလင်းကပင့်၍ "မေတ္တာလော့ချ်"၌ တရားဟောခဲ့ပါ၏၊ ကွာလာလမ်ပူမြို့သို့ တရားဟောသွားဖို့ လေယာဉ်ကွင်းသို့ မစ္စတာလင်းကပင် လိုက်ပို့မည် ဖြစ်၍ သန္တိသုခါရာမသို့ သူ အလာတွင် "မေတ္တာလော့ချ်" တရားပွဲ၌ တွေ့မြင်ခဲ့ရသော ထိုကုလားအမျိုးသား ပါလာပါ၏၊ မစ္စတာလင်းက ဤသို့ လျှောက်ထားလာပါ၏။

"သူက တပည့်တော်ရဲ့ မိတ်ဆွေပါ၊ သူက ဆိုင်းဘ်ာဘာကို ကိုးကွယ်ပါတယ်၊ ဟိန္ဒူဘာသာကိုလည်း ကိုးကွယ်ပါတယ်၊ ဗုဒ္ဓဘာသာကိုလည်း စိတ်ဝင်စားနေပါတယ်၊ "မေတ္တာလော့ချ်"တရားပွဲမှာ သူတို့မိသားစု တရားလာနာကြပါတယ်၊ သူ့အမျိုးသမီးနဲ့

ကလေး(၂)ယောက်လည်း ပါပါတယ်၊ "မေတ္တာလော့ချ်"မှာ တစ်ခါမှ လာပြီး မနာဖူးဘူး၊ အဲဒီအကြိမ်ဟာ ပထမဆုံးအကြိမ်ပါပဲ၊ သူ့မှာ ရည်းစားရှိနေတယ် ဘုရား"-တဲ့။

အိမ်ထောင်သည်ဖြစ်နေသော သူ့မှာ ရည်းစား ရှိနေတယ်-ဟူသော စကားသည် စာရေးသူနားထဲတွင် ထူးဆန်းနေပါ၏၊ သူ့စကားကို နားမလည်သလိုလည်း ရှိနေပါ၏၊ 'လင်း'က ဤသို့ စကားဆက်ပြန်ပါ၏။

"သူက နေတော့ ဂျဟောမြို့မှာ နေပါတယ်၊ ကွာလာလမ်ပူမြို့မှာ အလုပ်သွားပြီး လုပ်ရပါတယ်၊ အဲဒီမှာ အိန္ဒိယကုလားမလေး တစ်ယောက်နဲ့ ချစ်ကြိုက်နေကြပါတယ်၊ ချစ်ကြိုက်နေကြတာတော့ ကြာပါပြီ၊ သူ့ကို တရားစကား မိန့်ကြားပေးပါဘုရား"-တဲ့။

"လင်း"က ပြန်ကြားလျှောက်ထားလာပါသည်။

ဂျဟောလေယာဉ်ကွင်းသို့အသွား ကားပေါ်တွင် စကားပြောဖို့ အခွင့်သာ, အချိန်ရပါ၏၊ ဦးခင်လှိုင်က အင်္ဂလိပ်လို ဘာသာပြန်ပေးပါ၏။

"ကိုယ် တတ်ထားတဲ့ ပညာကို သူတစ်ပါးကို ကျော်ဖို့, တင်စီးဖို့, အသာစီး ရဖို့, ချောက်ချဖို့, ဒုက္ခပေးဖို့, ဝင့်ဝါဖို့, လူတွင်ကျယ်လုပ်ဖို့ အသုံးချရင် သူ့ပညာဟာ ဘဝမှာ အထက်ကို ပို့မပေးဘဲ အောက်ကိုသာ ဆွဲချတဲ့ ပညာ ဖြစ်နေတယ်၊ အဲဒီလို မဟုတ်ဘဲ

သူတစ်ပါးကို ကူညီဖို့, အသိဉာဏ်ပေးဖို့, သူတစ်ပါး အကျိုးစီးပွား ဖြစ်ထွန်းစေဖို့ အသုံးချရင်တော့ သူ့ပညာဟာ ဘဝမှာ အောက်ကို မသွားရဘဲ အထက်ကို တက်စေမယ့် ပညာပဲ၊ စီးပွားဥစ္စာနဲ့ ရုပ်ရည်လှပမှုတွေမှာလည်း ဒီအတိုင်းပါပဲ။"

လင်း'က အင်္ဂလိပ်လို ထပ်ပြီး သူ့သူငယ်ချင်းကို ရှင်းပြပြန်ပါ၏။

စာရေးသူက မြတ်စွာဘုရား မိန့်ကြားခဲ့သော ဂါထာနှစ်ပုဒ်၏ အဓိပ္ပာယ်ကိုလည်း ဤသို့ ရှင်းပြပါ၏။

"ကောင်းတဲ့ လူက ကောင်းတဲ့ အလုပ်ကို လုပ်ဖို့ လွယ်တယ်၊ မကောင်းတဲ့ လူက လုပ်ဖို့ ခက်တယ်၊ မကောင်းတဲ့ အလုပ်ကို မကောင်းတဲ့ လူက လုပ်ဖို့ လွယ်တယ်၊ ကောင်းတဲ့ လူကတော့ လုပ်ဖို့ ခက်တယ်။"

"ကောင်းလည်း မကောင်း, ကိုယ့်အတွက်လည်း စီးပွားမဲ့ဖြစ်တဲ့ အလုပ်တွေကို လုပ်ဖို့ လွယ်တယ်၊ ကောင်းလည်း ကောင်း, ကိုယ့်အတွက်လည်း အကျိုးရှိတဲ့ အလုပ်တွေကို တကယ်ပဲ လုပ်ဖို့ ခက်တယ်။"

ထိုသို့ ပြောပြသောအခါ သူ့ဘက်က ခံစားချက်တို့ကို 'လင်း' က တစ်ဆင့် ဖွင့်ဟလာပါ၏၊ 'လင်း'ထံကိုတော့ သူက အားလုံး ရင်ဖွင့်ထားဟန်တူ၏။

"သူက သူ့ရည်းစားနဲ့ လွန်ကျူးမိခဲ့တာကို နောင်တရပြီး စိတ်မကောင်း ဖြစ်နေပါတယ်၊ သူ့ဇနီးကို ဖွင့်ဟပြောပြရရင်တောင် ကောင်းလေမလားလို့ တွေးနေပါတယ်။"

"ဖွင့်ဟပြောပြလို့ သက်ရောက်လာမယ့် အကျိုးတရားကို စဉ်းစားရမှာပေါ့၊ ကိုယ့်ဇနီးမှာ စိတ်ဆင်းရဲရရှိသာ အဖတ်တင်နေမယ် ဆိုရင်တော့ မပြောတာကပဲ ကောင်းပါလိမ့်မယ်၊ နောင်တရပြီး စိတ်မကောင်းဖြစ်တာကတော့ ကောင်းတဲ့ အမှတ်အသားပါပဲ၊ နောင်တဟာ နောင်အခါမှာ ဒါမျိုး ထပ်မဖြစ်အောင် စောင့်စည်းဖို့ ကြိုးစားလိုတဲ့ဆန္ဒ ဖြစ်စေရင်တော့ တန်ဖိုးရှိပါတယ်၊ ကောင်းပါတယ်။"

"သူက အဲဒီကိစ္စနဲ့ ပတ်သက်ပြီး အချိန်ရှိသမျှ စိတ်မကောင်း ဖြစ်နေရပါတယ်"-တဲ့။

"အရှုံးထဲက အမြတ်၊ အဆိုးထဲက အကောင်း၊ အမှိုက်ထဲက ရွှေဖြစ်အောင် ထုတ်ယူသင့်ပါတယ်၊ ဒီကိစ္စမျိုးကို မကျူးလွန်မိရင် "ဒီကိစ္စဟာ ဒီလောက် စိတ်ဆင်းရဲစေပါလား"လို့ သိခွင့် ရမှာ မဟုတ်ဘူး၊ အခုတော့ သိခွင့် ရသွားတယ်၊ ကျူးလွန်မိလို့ ကြောက်တော့ နောင်တရတယ်၊ နောင်တရတော့ နောင် စောင့်စည်းလိုစိတ်တွေ ပေါ်လာတယ်၊ မှားမိတဲ့ အမှားကြွေးကို စောင့်စည်းမှုနဲ့ ပေးဆပ်ရမယ်၊ အမှားအညစ်အကြေးကို စောင့်စည်းမှုနဲ့ ခဝါချရမယ်၊ သင်ပုန်းချေရမယ်၊ ကိုယ့်ဇနီးနဲ့ သားသမီးတွေအပေါ်

အရင်ကထက် ပိုပြီး ကြွင်နာပါ၊ ပိုပြီး ဝတ္တရားကျေပွန်ပါ၊ ဒီနည်းနဲ့လည်း ကြွေးဆပ်ရပါမယ်၊ ခဝါချရပါမယ်၊ သင်ပုန်းချေရပါမယ်။"

ဦးခင်လှိုင်နှင့် လင်းတို့က သူ့ကို အင်္ဂလိပ်လို ရှင်းပြနေစဉ် စာရေးသူကား ကားလမ်းဘေးရှိ စားအုံးဆီပင်တို့ကို ရှုစားနေမိပါသည်။ ထိုစားအုံးဆီပင်တို့ကား မလေးရှားနိုင်ငံတစ်ဝှန်း နေရာတကာ တွေ့ရသော သစ်ပင်တို့ ဖြစ်ပါ၏၊ လေယာဉ်ပေါ်မှ အောက်သို့ ကြည့်လိုက်လျှင်လည်း မလေးရှားမြေပေါ်၌ စိမ်းစိုညို့မှိုင်းကာ အစီစီအရီရီ ဖြစ်နေသည်ကို မြင်တွေ့ရပါ၏၊ သူတို့ ရှင်းပြနေစဉ် ဆက်ပြီး ပြောသင့်သည့် စကားကိုလည်း စဉ်းစားနေမိပါ၏။

"မကောင်းတဲ့အလုပ်ကို လုပ်ရမှာကို ရှက်တာနဲ့ ကြောက်တာဟာ အင်မတန် မြင့်မြတ်တဲ့ အရာတွေ ဖြစ်တယ်၊ ဒီတရားနှစ်ပါးက လောကကြီးကို စောင့်ရှောက်နေတယ်၊ ဒီတရားနှစ်ပါးသာ မရှိရင် လူ့လောကကြီးဟာ တိရစ္ဆာန်လောကနဲ့ ခြားနားတော့မှာ မဟုတ်တော့ဘူး၊ ကိုယ့်အမေ, ကိုယ့်ညီမ, ကိုယ့်အစ်မ, ကိုယ့်အဒေါ်ရယ်လို့ လေးစားရိုသေစိတ် မထားကြတော့ဘဲ မှောက်မှားကြတော့မယ်၊ ဒီတရားနှစ်ပါးသာ လူသားတို့ရဲ့ နှလုံးသားမှာ မကိန်းဝပ်တော့ရင် လူ့လောကကြီးဟာ ကြောက်စရာ လူ့လောကကြီး ဖြစ်လာလိမ့်မယ်။"

'လင်း'၏သူငယ်ချင်းသည် တိတ်ဆိတ်စူးစိုက်စွာ နားထောင်နေပါ၏၊ စိတ်ဝင်စားမှုလည်း ပို၍ ရှိလာပုံ ရပါ၏၊ ထို့ကြောင့် မြတ်စွာဘုရား၏ အဆုံးအမစကားတို့ကို တတ်နိုင်သမျှ ပြောပြပေးနေရပါ၏၊ သူမှာ နောင်တ၏ ပြင်းထန်စွာ နှိပ်စက်မှုကို ခံနေရသည်ကို သိရသဖြင့် သက်သာရာ ရပါစေ-ဟူသော သဘောဖြင့် သူနှင့် သင့်တော်မည် ထင်ရသော မြတ်စွာဘုရား၏ စကားတော်တို့ကို ရွေးချယ်စဉ်းစားကာ ပြောပြရပါ၏၊ အောက်ပါ စကားရပ်ကား မြတ်စွာဘုရား ဟောကြားထားသော ဂါထာတစ်ပုဒ်၏ အဓိပ္ပာယ် ဖြစ်ပါ၏။

"မသိမလိမ်မာတဲ့ လူမိုက် ဖြစ်နေပေမယ့် 'ငါဟာ မတတ်သိဘူး၊ မိုက်တယ်'လို့ သိရင် တော်သေးတယ်၊ ကိုယ့်ထက် တတ်သိလိမ်မာတဲ့ သူတို့ရဲ့ အဆုံးအမကို နာခံပြီး လူလိမ်မာပညာရှိတစ်ယောက် ဖြစ်နိုင်သေးတယ်၊ မတတ်သိ, မလိမ်မာတဲ့ လူမိုက်ဖြစ်ပါလျက် 'ငါဟာ ပညာရှိပဲ၊ ငါ တတ်သိတယ်၊ နားလည်တယ်' လို့ ထင်မှားလျက်နေတဲ့ သူကတော့ လူမိုက်အစစ်ပဲ၊ 'မိမိလောက် တတ်သိနားလည်တဲ့လူ မရှိဘူး'လို့ အောက်မေ့ပြီး ဘယ်သူ့ရဲ့ ဩဝါဒကိုမှ မနာခံလို့ အဲဒီလူဟာ လူမိုက်ဘဝက တက်လမ်း မရှိတော့ဘူး၊ လူလိမ်မာ ပညာရှိ မဖြစ်နိုင်တော့ဘူး၊ ဒါကြောင့် အဲဒီလို လူမျိုးကို 'လူမိုက်အစစ်'လို့ ခေါ်ရတယ်။"

ထိုသို့ ပြောပြပြီးသောအခါ. . . လင်း၏သူငယ်ချင်းက မေးခွန်းတစ်ခု မေးလာပါသည်။

"နောင်တပူပန်မှု ဖြစ်ပေါ်လာရင် ဘယ်လို လုပ်ရပါမလဲ"-တဲ့။

"ရှုမှတ်ပစ်ပါ၊ 'နောင်တ ရတယ်၊ ပူပန်တယ်'-လို့။"

ဖောင်းတာ, ပိန်တာကို သူ မှတ်ဖူးပါတယ်-တဲ့၊ သိပ်ပြီး စိတ်ငြိမ်းချမ်းတယ်၊ ဒါကြောင့် ဒီကရှေ့ ကြိုးစားပြီး ရှုမှတ်ပါမယ်-တဲ့။

ဝမ်းသာစရာပါပင်။

လေယာဉ်ကွင်း မရောက်ခင် လင်း၏ အိမ်သို့ ဝင်သေးရာ လင်း၏ သူငယ်ချင်းသည် ထိုအိမ်မှ ပြန်သွားပါသည်၊ စာရေးသူကို စတွေ့စဉ်က မရှိခိုးသော်လည်း ယခု ပြန်ခါနီး၌မူ ရှိခိုးကန်တော့သွားလေ၏၊ မြတ်စွာဘုရား၏ တရားအပေါ် ယုံကြည်မှု တိုးတက်လာခြင်း၏ အထိမ်းအမှတ်ဟုပင် ယူဆမိပါ၏၊ လင်းနှင့် လင်း၏သူငယ်ချင်းတို့က ထိုသို့ မြတ်စွာဘုရား စကားတော်တို့ကို ပြောကြားပေးသည့်အတွက် များစွာ ကျေနပ်အားရကာ ကျေးဇူးတင်သွားကြလေ၏၊ မြတ်စွာဘုရား၏ တရားစကားတော်တို့ကြောင့် သူတို့မှာ အသိပွား, သဒ္ဓါပွားသွားသည်ကို အဘယ်မှာ ဝမ်းမသာဘဲ ရှိနိုင်ပါမည်နည်း။

❀ ❀ ❀ ❀ ❀

# ဟိမဝန္တာ သွားလိုသော ဒေါက်တာ

"ဆရာ. . ဆရာ့ရဲ့ အခက်အခဲ, ပြဿနာတွေကို ပြောပြပါ။"

မလေးရှားနိုင်ငံ, ပီနန်ကျွန်းရောက် ဒေါ်ခင်စန်းရွှေက သူ့ဆရာ ဒေါက်တာ'ဘား'ကို အရှင်ဉာဏဓဇောတာဘိဝံသနှင့် စာရေးသူအား ပြောပြဖို့ တိုက်တွန်းနေပါသည်၊ ဒေါက်တာဘားသည် ဆစ်ခ်ဘာသာဝင်တစ်ဦး ဖြစ်ပါသည်၊ သားဖွားအထူးကုဆရာဝန်ဖြစ်၍ ဆေးခန်းဖွင့်ထားရာ ထိုဆေးခန်း၌ ဒေါ်ခင်စန်းရွှေသည် သူနာပြုအလုပ် လုပ်ပါသည်၊ ဒေါ်ခင်စန်းရွှေသည် သတိပဋ္ဌာန်တရားကို ရန်ကုန်မြို့ မဟာစည်သာသနာ့ရိပ်သာ၌ အားထုတ်ခဲ့သူ ဖြစ်သဖြင့် ဗုဒ္ဓတရားအပေါ် ကြည်ညိုမှုအားကောင်းသူ ဖြစ်သောကြောင့် သူ့ဆရာအခက်အခဲတို့ကို ဗုဒ္ဓတရားတော်နည်းဖြင့် ဖြေရှင်းပေးဖို့ သူ့ဆရာဒေါက်တာထံ ရဟန်းတော်နှစ်ပါးကို ပင့်လာခဲ့ခြင်း ဖြစ်ပါသည်။

ဒေါက်တာဘားသည် ဆစ်ခ်ဘာသာဝင်တစ်ဦး ဖြစ်သော်လည်း ရဟန်းတော်နှစ်ပါးကို လက်အုပ်ချီ၍ အရိုအသေ ပေး၏၊ သူ့မျက်နှာကား ရင်ဆိုင်နေရသော ပြဿနာအခက်အခဲတို့ကြောင့် မရွှင်လန်း, မတက်ကြွ, ညှိုးလျနေ၏၊ သူ့အခက်အခဲတို့ကို ဤသို့ ပြောပြပါ၏။

"လွန်ခဲ့တဲ့ ခြောက်လလောက်က ကျွန်ုပ်အိမ်ကို တစ်စုံတစ်ယောက်က ကြက်ဥတွေနဲ့ ပေါက်ပါတယ်၊ နှစ်ပတ် တစ်ခါလောက် ပေါက်ပါတယ်၊ လွန်ခဲ့တဲ့ ငါးရက်လောက်က တစ်ခါ ပေါက်ပါသေးတယ်၊ အဲဒီလို အပေါက်ခံရတဲ့အချိန်က စပြီး လုပ်သမျှ စီးပွားရေးတွေဟာ အဆင်မပြေ ဖြစ်ရပါတယ်၊ ငွေတွေကို သူတစ်ပါးက ချေးငှားတိုင်း အလွယ်တကူ ပေးမိနေပါတယ်၊ ဒါကြောင့် ငွေကို မကိုင်ရဲအောင် ဖြစ်နေပါတယ်၊ ညတိုင်း ဖုန်းတွေလာလို့ ဖုန်းကိုင်ရင်လည်း တစ်ဘက်က စကား မပြောပါဘူး၊ တစ်ည, တစ်ညမှာ လေး, ငါးခါလောက် ဖြစ်ပါတယ်၊ ကျွန်ုပ်ရဲ့စိတ် တွေဟာလည်း ဆုံးရှုံးသွားတဲ့ ငွေတွေနောက် အမြဲ ပြေးသွားလိုက်ယံနေပါတယ်၊ ညတိုင်လည်း ကောင်းကောင်း အိပ်မရပါဘူး။"

"ဒါတင်မကပါဘူး၊ ကျွန်ုပ်ရဲ့ သမီးက အင်္ဂလန်က ပညာသင်ပြီး ပြန်လာတာ မကြာသေးပါဘူး၊ ဥပဒေဆိုင်ရာ ဘွဲ့ရပါပဲ၊ သမီး

ရဲ့ မဟုတ်သောတင်းတွေကို တစ်စုံတစ်ယောက်က လျှောက်ပြော နေပါတယ်၊ သမီးကို အခု အများက အကောင်းမထင်ကြပါဘူး” -တဲ့။

စာရေးသူတို့ နှစ်ပါးကား သူပြောပြသမျှ နားထောင်နေကြ ပါ၏၊ သူ ပြောချင်ရာ ပြောပြီးမှ အရှင်ဉာနုဿောတာဘိဝံသက တရားရှုမှတ်ပုံ ရှုမှတ်နည်း အကျဉ်းချုပ် သင်ပြပေးပါ၏၊ မဟာ စည် ဆရာတော်ကြီး၏ ရှုမှတ်ပုံ သင်ပြပေးသည့် တရားစာအုပ် ကို (အင်္ဂလိပ်လို ရေးထားသည့် စာအုပ်)ကို ဒေါက်တာဘားအား ပေးလိုက်ပါ၏၊ ထိုစာအုပ်ကို ဖတ်ပြီး ရှုမှတ်ကြည့်ရန်လည်း တိုက် တွန်းလိုက်ပါ၏၊ ပြဿနာတွေကြားမှာ ခိုကိုးရာမဲ့နေသော ထို ဒေါက်တာမှာ စာရေးသူတို့ ခိုင်းသမျှ လုပ်ပါမည်ဟု လျှောက်ထား လာပါ၏၊ ဒေါ်ခင်စန်းရွှေက သူတို့ဆေးခန်း၌ ပရိတ်ရွတ်ပေးဖို့ လျှောက်သဖြင့် ပရိတ် ရွတ်ပေးခဲ့ရပါ၏၊ ဒေါက်တာဘား၏ အိမ် ကိုလည်း ကြွ၍ ပရိတ်ရွတ်ပေးစေချင်ပါသတဲ့။

နောက်(၂)ရက်လောက် ခြားပြီး ရွတ်ပေးဖို့ စီစဉ်ခဲ့၏၊ ရွတ် ပေးမည့်နေ့ (၇. ၁..၉၈)၌ အရှင်ဉာနုဿောတာဘိဝံသက ကွာလာ လမ်ပူသို့ သွားသဖြင့် စာရေးသူနှင့် ဘာသာပြန် ဦးခင်လှိုင်အပြင် ဒေါ်ခင်စန်းရွှေတို့သာ ဒေါက်တာဘားအိမ်သို့ ဒေါက်တာဘား၏ ကားဖြင့် သွားခဲ့ကြပါ၏၊ ကားဖြင့် သွားရင်း သူ့တရားရှုမှတ်မှု၏

 အခြေအနေကို မေးကြည့်ရာ “အစဖြစ်လို့ သိပ်မရသေးပါ၊ စိတ်

တွေက လွှင့်နေပါသေးတယ်၊ ရှုမှတ်မှုကို ကြိုးတော့ ကြိုးစားနေပါတယ်"ဟု ဖြေကြားသဖြင့် ကားမောင်းနေသော ဒေါက်တာဘားကို ကြည့်ပြီး "ဒေါက်တာ ကားမောင်း စသင်ယူတုန်းက ခက်ခဲပါလိမ့်မယ်၊ အခုတော့ မခက်တော့ဘူး၊ အဲဒီလိုပါပဲ၊ တရားရှုမှတ်တာဟာလည်း အစပိုင်းတော့ ခက်ပါလိမ့်မယ်၊ နောက်ပိုင်းတော့ လွယ်လာပါလိမ့်မယ်-ဟု ပြောပြသောကြောင့် ဒေါက်တာဘားသည် ခေါင်းညိတ်ကာ သဘောကျသွားလေ၏၊ စာရေးသူက ဒေါက်တာဖြစ်နေသော သူ့ကို "ဒေါက်တာဘွဲ့ရဖို့ တစ်နှစ်တည်း ကြိုးစားနေရုံနဲ့တော့ မရနိုင်ဘူးပေါ့၊ နှစ်ပေါင်းများစွာ ကြိုးစားမှ ရတယ်၊ အဲဒီလိုပါပဲ၊ ဒီဝိပဿနာပညာဟာ အချိန်အနည်းငယ်နဲ့တော့ မရနိုင်ဘူးပေါ့၊ ကြိုးစားရင်တော့လည်း ရနိုင်ပါတယ်"-ဟု သူ့ဘဝနှင့် နှိုင်းယှဉ်ကာ ပြောပြသောကြောင့် ကျေနပ်သွားပြန်လေ၏။

ဒေါက်တာ၏အိမ်မှာ M.B.M.C. (မလေးရှား ဗုဒ္ဓဘာသာ ကမ္မဋ္ဌာန်းဌာန)နှင့် မဝေးလှပါ၊ မကြာခင် သူ့အိမ်သို့ ရောက်သွားပါ၏၊ သူ့အိမ်မှာ ခမ်းနားလှပါ၏၊ ပစ္စည်းချမ်းသာကြွယ်ဝသူ တစ်ဦး ဖြစ်ပါ၏၊ ပစ္စည်းတွေ များစွာ ချမ်းသာနေသော်လည်း ဗုဒ္ဓတရားရေအေးတို့ကို သောက်သုံးခွင့် မရရှာသဖြင့် ရင်ထဲ၌ ဗလောင်ဆူနေရှာသည့် သူတို့ဘဝကို ကြည့်ကာ သနားမိပါ၏၊ မေတ္တာသုတ်, ရတနသုတ်ပရိတ်တို့ကို ရွတ်ပေးခဲ့ပါ၏၊ သားနှစ်ယောက်, လင်, မိဘနှင့် မောင်တို့ သေဆုံးသွားသဖြင့် အရှုး

ဖြစ်သွားရှာသော ပဋာစာရီ၏ဘဝနှင့် နှိုင်းစာလျှင် **ဒေါက်တာ** ဘား၏ ဘဝသည် များစွာ တော်သေး၏၊ ထိုသို့ **နှိုင်းစာပြီး စိတ်** သက်သာရာ ရစေလိုသဖြင့် ပဋာစာရီ၏ ဇာတ်ကြောင်းကိုလည်း စုံလင်အောင် ပြောပြလိုက်ပါ၏၊ ဒေါက်တာကား **ဦးခင်လှိုင် ပြန်** ပြသော အင်္ဂလိပ်ဘာသာစကားကို စူးစိုက်စွာ နားထောင်နေပါ ၏၊ ပဋာစာရီကို ဒုက္ခသည်, အပူသည်ဘဝမှ ထာဝရ ငြိမ်းချမ်း သည့်ဘဝသို့ ရောက်အောင် ပို့ပေးလိုက်သည့်အရာကား တရား ရှုမှတ်မှုပင် ဖြစ်ကြောင်းကို သိစေလို၍လည်း ပဋာစာရီအကြောင်း ကို ပြောပြလိုက်ပါသည်။

ထို့နောက် စာအုပ်(၃)အုပ်ကို ဒေါက်တာဘားအား ပေး လိုက်ပါ၏၊ တစ်အုပ်မှာ အမေရိကမှ အရှင်သီလာနန္ဒာဘိဝံသ အင်္ဂလိပ်ဘာသာနှင့်ရော ပါဠိဘာသာနှင့်ပါ ရေးထားသည့် ပရိတ် ကြီး(၁၁)သုတ် စာအုပ် ဖြစ်ပါ၏၊ အခြား(၂)အုပ်မှာ-တရား ရှုမှတ် သဖြင့် ရောဂါမျိုးစုံ ပျောက်သွားပုံကို ဖော်ပြထားသော စာအုပ် (၂)အုပ် ဖြစ်ပါ၏၊ အင်္ဂလိပ်လို ရေးထားပါ၏၊ ဤသို့လည်း ရှင်း ပြခဲ့ပါ၏။

"ပရိတ်က (၃)မျိုး ရှိတယ်၊ နာပရိတ်, ရွတ်ပရိတ်နဲ့ လက်တွေ့ပရိတ်ပဲ၊ နာပရိတ်-ဆိုတာ ခုနက နာယူလိုက်တဲ့ ပရိတ် ပါပဲ၊ ရွတ်ပရိတ်ဆိုတာကတော့ ကိုယ်ကိုယ်တိုင် ရွတ်တဲ့ ပရိတ်

ပါပဲ၊ အဲဒီပရိတ်စာအုပ်ကို ကြည့်ပြီး ကိုယ်ကိုယ်တိုင် ရွတ်ဆိုနိုင်ပါတယ်။

လက်တွေ့ပရိတ်ဆိုတာကတော့ ဒွါရခြောက်ပါးမှာ ပေါ်လာသမျှ အာရုံတွေကို ပေါ်ခိုက်မှာ မလွတ်အောင် ရှုမှတ်တာပါပဲ၊ နာပရိတ်၊ ရွတ်ပရိတ်ထက် လက်တွေ့ပရိတ်က ပိုပြီး ကောင်းပါတယ်၊ ပရိတ်ဆိုတာ အကာအကွယ်ပါပဲ၊ ဘေးအန္တရာယ်တွေ မကျမရောက်ရအောင် ကာကွယ်ပေးတဲ့ အကာအကွယ်ပါပဲ။"

"ပိုက်ဆံဟာ လူတွေအတွက် အားကိုးစရာ အရာပါပဲ၊ ဒါပေမယ့် ပိုက်ဆံဟာ ကိုယ့်မှာ ရှိမှ အားကိုးလို့ ရပါတယ်၊ ကိုယ့်မှာ မရှိရင်တော့ အားကိုးစရာ မဖြစ်ပါဘူး၊ ဒါလိုပါပဲ တရားရှုမှတ်တာဟာလည်း လူသားတွေအတွက် အားကိုးစရာ ဖြစ်ပါတယ်၊ ဒါပေမယ့် မရှုမှတ်သူအတွက်တော့ အားကိုးစရာ မဖြစ်ပါဘူး၊ ရှုမှတ်သူအတွက်သာ အားကိုးစရာ ဖြစ်ပါတယ်။"

ထိုသို့ ပြောပြီးချိန်၌ ဒေါက်တာဘား၏ ဇနီးနှင့် သားသမီးတို့ အိမ်သို့ ပြန်ရောက်လာကြပါသည်၊ သားနှင့် သမီးတို့သည် ကျောင်းသား၊ ကျောင်းသူတို့ ဖြစ်ကြပါသည်၊ သူတို့ဖခင်အနီးတွင် ဝင်ထိုင်ကြပါသည်၊ သူတို့မိသားစုသည် ဆစ်ခ်ဘာသာဝင်တွေ ဖြစ်သော်လည်း ဗုဒ္ဓတရားအပေါ် စိတ်ဝင်စားကြပုံပေါ်ပါသည်၊ သားနှင့် သမီးတို့သည် ပေးထားသော စာအုပ်(၃)အုပ်ကို

မြတ်နိုးစွာ ကြည့်ရှုနေကြပါသည်၊ ပဲရိတ်ကို သူတို့လည်း ရွတ်လို နေကြပုံ ရပါသည်၊ ဗုဒ္ဓတရား အကာအကွယ်တို့ဖြင့် သူတို့ ရင်ဆိုင်နေရသော ဘေးအန္တရာယ်တို့မှ လွတ်မြောက်ကြပါစေဟု လည်း စိတ်ထဲမှ ဆုတောင်းနေမိပါ၏။

တရားရိပ်သာသို့ အပြန်တွင် ဒေါက်တာဘားကို "ပဋ္ဌာစာရီဝတ္ထုကို ကြားဖူးသလား"ဟု မေးကြည့်ရာ "မကြားဖူးပါ"ဟု ပြောသဖြင့် "ငါတို့မှာ မဆန်းပေမယ့် သူတို့မှာတော့ ဆန်းတဲ့ ဝတ္ထု ဖြစ်နေမှာပဲ"ဟု တွေးကာ "တရားရှုမှတ်နည်းကိုကော ကြားဖူးပါသလား"ဟု မေးကြည့်ပြန်ရာ "မကြားဖူးပါ"ဟု ဆိုလာပြန်ပါသည်၊ "တရားရှုမှတ်နည်းဟာလည်း ငါတို့အတွက် မထူးဆန်းပေမယ့် သူတို့အတွက်တော့ ထူးဆန်းနေပြန်မှာပဲ"ဟု တွေးမိကာ "ဗုဒ္ဓဘာသာဝင် ဖြစ်ရသော ငါတို့ဘဝကား အားရကျေနပ်စရာကောင်းလှပါဘိ၊ ကံကောင်းလှပါဘိ"ဟူ၍ ပီတိ ဖြစ်နေမိပါ၏။

သတိပဋ္ဌာန်တရားရှုမှတ်နည်းနှင့် ဗုဒ္ဓဘာသာဝင်တို့၏ နှလုံးသားသည် ယဉ်ပါးနေမှု, တွေ့ထိနေမှု ဗုဒ္ဓဘာသာဝင်တို့၏ ဘဝဟာ တကယ် အားရစရာ, ကျေနပ်စရာ ဖြစ်နေမှာပါတကား၊ တရားရှုမှတ်နည်းနှင့် လူသားတို့၏ နှလုံးသားသည် တွေ့ကြုံဆုံဆည်းနေသမျှ လူ့လောကကြီးသည် အေးချမ်းသာယာသော လောကကြီး ဖြစ်နေမည်မှာ မလွဲပါတကား။

ပီနန် တစ်လ တရားစခန်းပြီး၍ ပြန်ခါနီးမှ ဒေါ်ခင်စန်းရွှေ ပြောပြသဖြင့် သိရသည်မှာ- နေ့စဉ် တစ်နာရီနှင့် မိနစ်(၃၀) တရား ရှုမှတ်နေသော ဒေါက်တာဘားသည် ဟိမဝန္တာတောသို့သာ သွားကာ တရားအားထုတ်လိုတော့သတဲ့၊ ဝမ်းသာဖွယ်ရာ ကောင်းလှပေစွ။

# စုံတွဲ

မလေးရှားနိုင်ငံ၊ ကိုတာတင်ဂီမြို့မှ ဘာတုပါဟတ်မြို့သို့ တရားဟောဖို့ အသွား ကားပေါ်တွင် ကားမောင်းပို့သော မစ္စတာလင်းတို့ ဇနီးမောင်နှံက ဗုဒ္ဓသာသနာရေးနှင့် စပ်သော သူတို့ သိချင်သည့် မေးခွန်းတို့ကို မေး၍ ဖြေပေးရပါ၏၊ ကားဖြင့် (၂) နာရီမလောက် မောင်းရသော ခရီး ဖြစ်သဖြင့် အေးအေးဆေးဆေး စကားပြောခွင့် ရပါ၏၊ မစ္စတာလင်းတို့ဇနီးမောင်နှံသည် ဆရာတော်၊ သံဃာတော်တို့ကို သွားလိုရာသို့ လိုက်ပို့ပေးရသည်ကို ဝမ်းသာအားရ ကျေနပ်နေကြ၏၊ ထိုသို့ ပို့ပေးရင်း သူတို့ သိချင်သော အချက်အလက်တို့ကို မေးခွင့်ရခြင်းသည် သူတို့အတွက် အခွင့်အရေးကောင်း တစ်ခုဟု ယူဆထားကြ၏၊ သူတို့သိချင်၍ မေးသော မေးခွန်းတို့မှာ အတော်လေး များပါ၏၊ မစ္စတာလင်း၏ ဇနီးက သူမ ကြားဖူးသော စကားတစ်ခွန်းနှင့် စပ်၍ မေးခွန်း တစ်ခု မေးလာပါ၏။

"တပည့်တော် မဟာစည်ဆရာတော်ကြီးနဲ့ ပတ်သက်တဲ့ အဖြစ်အပျက်တစ်ခုကို ကြားဖူးပါတယ်၊ နီပေါနိုင်ငံမှာ ဖြစ်ခဲ့တဲ့ အဖြစ်အပျက်ပါပဲ၊ နီပေါကို မဟာစည်ဆရာတော်ကြီး ကြွတုန်းက နီပေါမှ ဒကာမတစ်ယောက်က ဒီလို စိတ်ကူးပြီး ထားပါသတဲ့၊ အဲဒီဒကာမက မဟာစည်ဆရာတော်ကြီး ကြွတဲ့လမ်းမှာ ကျိုးနိုင်တဲ့ အရာဝတ္ထုတစ်ခုကို ထားပါတယ်။

မဟာစည်ဆရာတော်ကြီးဟာ ရဟန္တာ ဖြစ်ခဲ့ရင် တက်နင်းပေမယ့် ဒီကျိုးနိုင်တဲ့ ပစ္စည်းဟာ မကျိုးနိုင်ဘူး၊ ကျိုးရင်တော့ ရဟန္တာ မဟုတ်ဘူး-တဲ့။

မဟာစည်ဆရာတော်ကြီးက အဲဒီပစ္စည်းပေါ် တက်နင်းသွားတဲ့အခါ ကျိုးသွားပါသတဲ့၊ ဒါကြောင့် အဲဒီဒကာမက မဟာစည်ဆရာတော်ကြီးဟာ ရဟန္တာ မဟုတ်ဘူးလို့ ယူဆလိုက်ပါသတဲ့၊ အဲဒါနဲ့ ပတ်သက်လို့ သိချင်ပါတယ်၊ ရှင်းပြပေးပါဘုရား"-တဲ့။

ဤကိစ္စနှင့် ပတ်သက်၍ မဟာစည်ဆရာတော်ကြီး ကိုယ်တော်တိုင် ပဋိစ္စသမုပ္ပါဒ်တရားတော်ကြီးစာအုပ်၌ ဟောကြားထားသည်ကို သတိရလာမိပါ၏၊ ထို့ကြောင့် သူမကို မဟာစည် ဆရာတော်ကြီး မိန့်ကြားထားသည့်အတိုင်း ဤသို့ ရှင်းပြလိုက်ပါ၏။

"စက္ခုပါလ-ဆိုတဲ့ မထေရ်ဟာ နေ့စဉ်နေ့တိုင်း နံနက် မိုးသောက်ယံမှာ စင်္ကြံလျှောက်ပြီး တရားအားထုတ်လေ့ ရှိပါတယ်၊

တစ်နေ့တော့ ညဦးက မိုးရွာခါစ ဖြစ်တဲ့အတွက် ပိုးဖလံကောင်တွေက ထွက်ပြီး မထေရ် စင်္ကြံလျှောက်နေကြ မြေပြင်မှာပဲ လျှောက်သွားနေကြတယ်၊ မထေရ်ကလည်း နံနက် မိုးသောက်ယံမှာ အခါတိုင်းလိုပဲ ထပြီး စင်္ကြံလျှောက် တရားအားထုတ်တယ်၊ ပိုးဖလံကောင်တွေ တော်တော်များများဟာ နင်းမိလို့ သေကုန်ကြတယ်၊ အဲဒါကို အာဂန္တုရဟန်းတွေက တွေ့ရတဲ့အတွက် မထေရ်ဟာ စင်္ကြံလျှောက်မယ်-ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ပိုးကောင်တွေကို သေစေတဲ့အကြောင်းကို မြတ်စွာဘုရားအား လျှောက်ထားကြတယ်၊ ဒီတော့ မြတ်စွာဘုရားက စက္ခုပါလမထေရ်ဟာ မျက်စိကွယ်နေတဲ့အတွက် ပိုးကောင်တွေကို မမြင်တဲ့အကြောင်း, သေစေလိုတဲ့ စေတနာ မရှိတဲ့အကြောင်း, ရဟန္တာပုဂ္ဂိုလ်လည်း ဖြစ်တဲ့အကြောင်း, အပြစ်မရှိတဲ့ အကြောင်းများကို မိန့်ကြားတော်မူလိုက်ပါတယ်။”

“အဲဒီမှာ မှတ်စရာကတော့- သေစေလိုတဲ့ စေတနာ မရှိရင် အပြစ်မရှိတဲ့ အကြောင်းရယ်၊ ရဟန္တာပင် ဖြစ်သော်လည်း ဈာန်အဘိညာဉ် မရရင်, ဈာန်အဘိညာဉ် ရသော်လည်း အဘိညာဉ်နဲ့ အမိဋ္ဌာန်ပြုပြီး ကြွတဲ့အခါ မဟုတ်ရင် အခြားပုဂ္ဂိုလ်များလိုပဲ နင်းမိရာမှာ လေး-ပိသွားနိုင်ကြောင်းရယ်၊ အဲဒီအချက်တွေပါပဲ။”

“ဈာန်အဘိညာဉ် မရရင် ရဟန္တာပေမယ့် လမ်းလျှောက်သွားရာမှာ သူများလိုပဲ လေးတယ်, ပိတယ်- ဆိုတဲ့အချက်ပါပဲ၊ အဲဒါ

ကတော့ စက္ခုပါလ ရဟန္တာမထေရ်ကြီး စင်္ကြံကြွရာမှာ ပိုးကောင်တွေ နင်းမိလို့ သေကုန်တယ်ဆိုတော့ အင်မတန် ထင်ရှားနေပါတယ်။"

မဟာစည်ဆရာတော်ကြီးကိုယ်တော်တိုင်ပင် ကြားသိရသောအကြောင်းအရာတို့ကို မဟာစည်ဆရာတော်ကြီးကိုယ်တော်တိုင် ပဋိစ္စသမုပ္ပါဒ်တရားတော်ကြီး၌ ဤသို့ ဟောထားသည်ကိုလည်း ပြောပြလိုက်ပါ၏။

"ယခု (၁၄/၅/၆)နှစ်လောက်အတွင်းမှာ မြန်မာနိုင်ငံ၌ ရဟန္တာရယ်လို့ ကျော်စောတဲ့ ပုဂ္ဂိုလ်တွေ ပေါ်လာကြတယ်၊ အဲဒီလို ကျော်စောတဲ့ ပုဂ္ဂိုလ်တွေကို တချို့ဒကာမတွေက ပန်းခင်းပြီးတော့ စမ်းကြည့်ကြတယ်၊ လက်ဝါးခင်းပြီးတော့ စမ်းကြည့်ကြတယ်လို့ ကြားရတယ်၊ ပြီးတော့ ပန်း မနွမ်းဘူး၊ လက် မနာဘူး-စသည်ဖြင့်လည်း ပြောသံ ကြားရတယ်၊ အဲဒါ တည့်တည့်မတ်မတ် နင်းမိလျက်နဲ့ မနွမ်း, မနာတာလား၊ တည့်တည့် မနင်းမိလို့ပဲလား. . . ဆိုတာလည်း စဉ်းစားစရာ ရှိပါတယ်၊ စက္ခုပါလမထေရ်လို စျာန်အဘိညာဉ် မရတဲ့ ရဟန္တာဆိုရင်တော့ တည့်တည့်နင်းမိမယ်ဆိုရင် ဟိုပိုးကောင်ကလေးတွေ ပိပြီး သေဆုံးသလို ပိပြားကုန်မှာပါပဲ၊ စျာန်အဘိညာဉ်ရတဲ့ ရဟန္တာတောင် အဘိညာဉ်နဲ့ အဓိဋ္ဌာန် မပြုဘဲ ကြွရင် နင်းမိတာတွေ အကုန် ပြားကုန်မှာပဲ၊ ဒါကြောင့် အဲဒီလို စမ်းသပ်တဲ့ နည်းတွေက မသေချာဘူး-ဆိုတာ သိထားရမယ်။"

မဟာစည်ဆရာတော်ကြီး မိန့်ကြားထားသော ဤစကားတို့ကို ပြောပြလိုက်လျှင်ပင် သူတို့ဇနီးမောင်နှံသည် ဦးခေါင်းကို တဆတ်ဆတ်ညိတ်ကာ သဘောကျနေကြလေ၏၊ မဟာစည်ဆရာတော်ကြီး ကိုယ်တော်တိုင်ပင် သေချာသော ရဟန္တာ စုံစမ်းနည်းကို ပဋိစ္စသမုပ္ပါဒ်တရားတော်ကြီး၌ ဟောကြားထားသေးသဖြင့် ထိုသေချာသော ရဟန္တာ စုံစမ်းနည်းကိုလည်း ပြောပြလိုက်ပါသည်။

"သေချာတဲ့ နည်းကတော့ လိုချင်နှစ်သက်မှု, တပ်မက်သာယာမှု, ခင်မင်တွယ်တာမှု, အပြင်းအထန် ရယ်ရွှင်မှု, စိတ်ဆိုးစိတ်ပျက်မှု, ထိတ်လန့်ကြောက်ရွံ့မှု, စက်ဆုပ်ရွံရှာမှု, စိုးရိမ်ပူဆွေးမှု, သူတစ်ပါး အကျိုးမဲ့ဖြစ်အောင် ပြောဆိုမှု, ဘုရားကို မရိုသေမှု, တရားကျမ်းဂန်တွေကို မရိုသေမှု, ဝိနည်းသိက္ခာကို မရိုသေမှု, ကိုယ်လက်ဣန္ဒြေ မတည်ငြိမ်မှု, ဒီလိုဟာတွေ ရှိ, မရှိ စုံစမ်းဖို့ လိုပါတယ်၊ အဲဒီလိုဟာတွေ ရှိနေရင် လောဘ, ဒေါသ, မောဟ မကင်းသေးတဲ့သဘော ထင်ရှားနေတာပါပဲ၊ သေသေချာချာ စုံစမ်းလို့ ဒီလို အမူအရာတွေ အရိပ်အယောင်တောင် မတွေ့ဘူးဆိုရင်တော့ တော်တော် စိတ်ချရပါပြီ၊ ရဟန္တာ မဟုတ်တောင် ရဟန္တာလောက်နီးပါး ကြည်ညိုဖွယ်ဂုဏ်တွေနဲ့ ပြည့်စုံတယ်လို့ မှတ်နိုင်ပါပြီ"-တဲ့။

သူတို့ဇနီးမောင်နှံသည် မဟာစည်ဆရာတော်ကြီး၏ သေချာသော ရဟန္တာ စုံစမ်းနည်းကို ကြားရသောအခါ အကျေနပ်ကြီးကျေနပ်နေကြလေ၏။

"မူလတန်းကျောင်းသားလေးက တက္ကသိုလ်က ပါမောက္ခကြီးရဲ့ ပညာအရည်အသွေးကို ဘယ်မှာ မှန်ကန်အောင် ခန့်မှန်းနိုင်ပါ့မလဲ၊ သိနိုင်ပါ့မလဲ၊ တောင်အောက်က နေသူဟာ တောင်ပေါ်ရောက်မှ မြင်ရတဲ့ အခြေအနေတွေကို ဘယ်မှာ တိကျမှန်ကန်အောင် သိနိုင်ပါ့မလဲ, မြင်နိုင်ပါ့မလဲ။"

"ဒီလိုပါပဲ၊ အောက်အောက်တရားအသိသာ ရှိသေးသူတွေကို အထက်အထက် တရားအသိရှိသူတွေရဲ့ တရားအသိဉာဏ်ကို အတိအကျ သိဖို့ ဘယ်မှာ လွယ်ကူပါ့မလဲ။"

ဤသို့လည်း သူတို့ဇနီးမောင်နှံအား ပြောပြလိုက်ပါသေး၏၊ သူတို့ဇနီးမောင်နှံကား သူတို့ သိချင်သော ဗုဒ္ဓသာသနာရေးရာဆိုင်ရာ အချက်အလက်တို့ကို သိရလေသဖြင့် ကျေးဇူးတင်၍ မဆုံး ရှိနေကြလေ၏၊ ဗုဒ္ဓသာသနာရေးရာနှင့် စပ်သော ကိစ္စတို့၌ သဒ္ဓါသာ ပါပြီး ပညာ မပါလျှင်လည်း မကောင်း, ပညာသာ ပါပြီး သဒ္ဓါ မပါလျှင်လည်း မကောင်း၊ သဒ္ဓါနှင့် ပညာ ညီမျှမှသာ အကျိုးများပါ၏၊ ထို့ကြောင့် ဗုဒ္ဓဘာသာဝင်တိုင်း ဗုဒ္ဓသာသနာရေးရာ ကိစ္စအဖြာဖြာ၌ သဒ္ဓါနှင့် ပညာ ညီမျှစွာ ပါဝင်နိုင်အောင် ကြိုးစားသင့်ကြပါသတည်း။

❀ ❀ ❀ ❀ ❀

# ကြိုးစားတော်မူကြပါလျှင်

ဂျဟောပြည်နယ်ရှိ ကိုတာတင်ဂီမြို့နှင့် ပီနန်ကျွန်းသည် မလေးရှားနိုင်ငံ၏ တောင်ဘက်ထိပ်နှင့် မြောက်ဘက်ထိပ်တွင် တည်ရှိ၏၊ လေယာဉ်ဖြင့် သွားလျှင် တစ်နာရီကြာလောက် စီး သွားရပါ၏၊ ကိုတာတင်ဂီမြို့ရှိ တစ်လတရားစခန်းနှင့် ပီနန်ကျွန်း တစ်လ တရားစခန်းတို့တွင် တရားဟောရာ၌ ကျေးဇူးများလှသော တရားစာအုပ်တို့ ရှိနေသဖြင့် ထိုစာအုပ်တို့ ရှိအောင် ဆောင် ရွက်သွားသော ကျေးဇူးရှင် ရွှေတောင်ကုန်း သာသနာ့ရိပ်သာ ဆရာတော်ကြီးကို ကျေးဇူးတင်နေမိပါ၏၊ မဟာစည်ဆရာတော်, မဟာ့ဂန္ဓာရုံဆရာတော်, သပြေကန်ဆရာတော်, ကာဗျဝိဒူ အရှင် စန္ဒဇောတိ စသော ဆရာတော်တို့၏ စာအုပ်တို့အပြင် ပါဠိတော်, အဋ္ဌကထာ, ဋီကာတို့ပါ ရှိနေပါ၏။ သန္တိသုခါရာမထက် ပီနန် M.B.M.C. မှာက ပါဠိ, အဋ္ဌကထာ, ဋီကာ ပို၍ စုံပါ၏၊ ကျေးဇူး ရှင် ရွှေတောင်ကုန်း သာသနာ့ရိပ်သာဆရာတော်ကား ပြည်ပ

မှန်ပါသည်၊ ဆရာတော် ဟောပြောပြသသမျှ စကား အား လုံးနီးပါးသည် ထိုဆရာတော်ကြီးတို့၏ စာပေတို့မှ များပါသည်၊ သို့သော် ဆရာတော်၏ လေ့လာစူးစမ်းအား, ထိုးထွင်းသိစွမ်းအား, ပဋိဘာန်စွမ်းအားတို့သည် များစွာ ပါဝင်ပါသည်၊ စာရေးသူသည် မဟာစည်ဆရာတော်ကြီး၏ တရားစာအုပ်တို့ကို အသေးစိတ် လေ့လာဖတ်ရှုသည့်အခါ ရွှေတောင်ကုန်း သာသနာ့ရိပ်သာဆရာ တော် မိန့်ကြားလေ့ရှိသည့် ထိမိလှသော ဥပမာစကားလေးများ နှင့် အခြားရှင်းလင်းပြောပြချက်များကို မဟာစည်စာအုပ်တို့ထဲမှာ များစွာ တွေ့ရပါသည်၊ ထို့ကြောင့် ဆရာတော်လို ထိမိအောင် ဟောပြောပြသနိုင်ဖို့ရာ- မဟာစည်ဆရာတော်၏ တရားစာအုပ် တို့ကို ပိုင်နိုင်အောင် လေ့လာဖို့အရေးသည် နံပါတ်တစ် အရေး ကြီးသည်ဟု နားလည်သဘောပေါက်လာမိပါသည်၊ ထို့ကြောင့် မဟာစည်ဆရာတော်၏ စာအုပ်တို့မှ ထုတ်နုတ်ကာ စာအုပ်(၇) အုပ် ရေးဖြစ်သွားပါသည်၊ ထိုစာအုပ်(၇)အုပ်မှာ ယခု ထွက်သွား ပါပြီ။

ထိုစာအုပ်(၇)အုပ်မှာ -
မဟာစည်ဆရာတော်ကြီး၏

(၁) ထူးခြားသော အတွေးအမြင်များ၊

(၂) ဥပမာအလင်္ကာစကားများ၊

(၃) အဆိုအမိန့်များ၊

(၄) ပုံဝတ္ထုတို့ဖြင့် ပြောပြသော အဆုံးအမများ
(ပထမတွဲ)

(၅) ပုံဝတ္ထုတို့ဖြင့် ပြောပြသော အဆုံးအမများ
(ဒုတိယတွဲ)

(၆) မဟာစည်ဆရာတော် ပြောပြသော
သူ့အကြောင်းနှင့် သူတို့အကြောင်း

(၇) မဟာစည်ဆရာတော် ပြောပြသော
အရိယာတို့သဘော။

ပြည်ပမှ ပုဂ္ဂိုလ်တို့အား တရားဟောပြော, ပြသပေးရာတွင် မဟာစည်ဆရာတော်ကြီး၏ တရားစာပေတို့ကား အလွန်ပင် ကျေးဇူးများလှသည်ကို တွေ့ရှိရပါသည်၊ ထိုစာအုပ်တို့ကို ထုတ်နုတ် ရေးသားခဲ့သည့်အပြင် တရားဟောရန်အတွက် ထပ်မံလေ့လာရပါသေးသည်၊ ထို့ကြောင့် ပြည်ပ၌ တရားဟော, တရားပြပေးရာ, ပြဿနာဖြေရှင်းပေးရာ, မေးခွန်းဖြေကြားပေးရာတွင် အခက်အခဲ မရှိလှပါ၊ ကျေးဇူးရှင် ရွှေတောင်ကုန်း သာသနာ့ရိပ်သာဆရာတော် မိန့်ကြား, ဖြေရှင်းလေ့ရှိသော စကားလေးများကို ပြန်လည်ကြားယောင်ကာ ဖြေရှင်းပေးရသဖြင့်လည်း လွယ်ကူမှု ရှိပါသည်။

တရားစစ်ပေးရာတွင် -

*"ပေါ်တာ, ရှုတာ, သိမြင်တာ, သုံးဖြာ ရေးကြီးပေ"* -ဟူသော ရွှေတောင်ကုန်း သာသနာ့ရိပ်သာ ဆရာတော်၏ လင်္ကာလေးနှင့် အညီ ဆောင်ရွက်ရသဖြင့် အချိန်တိုတိုဖြင့် ပြီးမြောက်ကာ ခရီး ရောက်လှပါသည်၊ (၁)ရှုမှတ်ရမည့် အာရုံ ပေါ်လာပုံ၊ (၂)ရှုမှတ် ပုံ၊ (၃)သိမြင်ပုံ. . ဤသုံးမျိုးတို့ ပိုင်နိုင်အောင် ယောဂီက ပြောပြ တတ်ရပါသည်၊ ကျေးဇူးရှင် ရွှေတောင်ကုန်း သာသနာ့ရိပ်သာ ဆရာတော်က ဤပြည်ပခရီး လာခါနီးမှာရော, ပြည်ပယောဂီတို့ ကို တရားစစ်ဖို့ တာဝန်စပေးခဲ့စဉ်ကပါ တရားစစ်နည်းကို စာရေး သူအား သင်ပေးခဲ့ရာ အထက်ပါ(၃)မျိုး အရေးကြီးကြောင်း မိန့် ကြားခဲ့ပါသည်။

ထိုင်ပြီး ရှုမှတ်ရာ၌ ပင်မအာရုံဖြစ်သည့် ဝမ်းဗိုက် ဖောင်းမှု, ပိန်မှု၊ စင်္ကြံသွားပြီး ရှုမှတ်ရာ၌ ပင်မအာရုံဖြစ်သည့် ခြေထောက် လှုပ်ရှားမှု (ကြွမှု, လှမ်းမှု, ချမှု)တို့ကို အခြေခံကာ ရှုမှတ်ပုံ, သိမြင်ပုံတို့ကို ပိုင်ပိုင်နိုင်နိုင် ပြောနိုင်အောင် ကြိုးစားပြီး စူးစိုက် ရှုမှတ်ဖို့ ယောဂီတို့အား ပြောပြပေးရပါသည်။

ဤမလေးရှားနှင့် စင်္ကာပူ ဓမ္မဒူတခရီးတွင် ယောဂီအမျိုးမျိုး ကို တွေ့ခဲ့ရသကဲ့သို့ မေးခွန်းအမျိုးမျိုး, ပြဿနာအမျိုးမျိုး, အယူ ဝါဒအမျိုးမျိုးတို့ကိုလည်း တွေ့ခဲ့ရပါသည်၊ လေ့လာဖတ်ရှုမှတ်

သွားခဲ့ရသော ကျေးဇူးရှင်ဆရာတော်တို့၏ အဆုံးအမ နည်းနိသယတို့ကြောင့် အခက်အခဲ မရှိလှဘဲ ဖြေရှင်းပေးနိုင်သည့် အနေအထား ရှိခဲ့သည်ကို သတိပြုမိပါသည်၊ ထို့ကြောင့် ပြည်ပသွားတို့အား တရားအကူအညီပေးဖို့ ကြွကြလျှင် ဗုဒ္ဓစာပေတို့နှင့် ဆရာသမားတို့၏ နည်းနိသယတို့ကို ကျွမ်းကျင်နှံ့စပ်အောင် လေ့လာထားကြဖို့ လိုအပ်ကြောင်း နားလည်သဘောပေါက်လာမိပါသည်။

ရှေးရှေးဆရာတော်များ ကြိုးစားတော်မူခဲ့ကြသကဲ့သို့ ယခုဆရာတော်များနှင့် နောက်နောင် ဆရာတော်များလည်း ကြိုးစားတော်မူကြပါလျှင် ပြည်ပတွင် ဗုဒ္ဓသာသနာ ပိုမိုတွင်ကျယ် ပြန့်ပွားလာမည်မှာ သေချာပါသည်။

# ဗုဒ္ဓဘာသာ ပညာရှိ

"အရှင်ဘုရား . . ကိုတာတင်ဂီမြို့ ဘယ်လိုနေလဲ၊ သန္တိသုခါရာမကိုကော သဘောကျပါသလား"-တဲ့။

မလေးရှားနိုင်ငံ၏ မြို့တော် ကွာလာလမ်ပူသို့ ရောက်ခဲ့ရာ Buddhist Wisdom Centre အဖွဲ့မှ ဒကာ, ဒကာမတို့က စာရေးသူကို အထက်ပါအတိုင်း မေးကြပါ၏။

"သန္တိသုခါရာမက တရားရှုမှတ်နေကြတဲ့ ယောဂီတွေကို သဘောကျတယ်။"

စာရေးသူ၏ အဖြေကို ကြားရသောအခါ သူတို့ သဘောကျကာ ရယ်နေကြလေ၏။

"အရှင်ဘုရား . . . မလေးရှားနိုင်ငံကကော ဘယ်လိုနေပါသလဲ"-တဲ့။

ထပ်ဆင့်၍ သူတို့က မေးပြန်လေ၏။

"မလေးရှားနိုင်ငံက စိတ်ဝင်စားစရာ ကောင်းပါတယ်၊ မလေးရှားနိုင်ငံထက် မလေးရှားနိုင်ငံက ဗုဒ္ဓဘာသာဝင်တွေက ပိုပြီး စိတ်ဝင်စားစရာ ကောင်းပါတယ်။"

ဤအဖြေကို ကြားရသည့်အခါ၌လည်း သဘောကျကာ ရယ်နေကြပြန်လေ၏။

ကိုတာတင်ဂီမြို့ရှိ သန္တိသုခါရာမရိပ်သာ တစ်လ တရားစခန်းအတွက် ဤ Buddhist Wisdom Centre က တာဝန်ယူ၍ ပင့်သောကြောင့် သူတို့အဖွဲ့သို့ ရောက်အောင်လည်း ပင့်ကြပြန်လေရာ (၃)ညအိပ် သွားခဲ့ရပါသည်။ တရား (၂)ကြိမ် ဟောခဲ့ရပါ၏၊ ဆုဘန်ဇယ တရားရိပ်သာနှင့် တန်ဆင်ဟိုး တရားရိပ်သာတို့သို့လည်း ရောက်ခဲ့ရပါ၏၊ မလက္ကာမြို့မှ ဗုဒ္ဓသာသနာနုဂ္ဂဟရိပ်သာသို့လည်း ဆရာတော်အရှင်ပညာသာမိနှင့်အတူ ရောက်ခဲ့ရပါ၏၊ ထိုတရားရိပ်သာတို့၌ တာဝန်ယူဆောင်ရွက်ကာ တရားအားထုတ်နေကြသူတို့မှာ မလေးရှားနိုင်ငံမှ တရုတ်လူမျိုးတို့သာ ဖြစ်ကြပါ၏၊ မဟာယာနဗုဒ္ဓဘာသာဝင်အဖြစ်မှ ထေရဝါဒဗုဒ္ဓဘာသာဝင်အဖြစ်သို့ ကူးပြောင်းလာသူတို့ ဖြစ်ကြပါ၏။

မလေးရှားနိုင်ငံ၌ တရုတ်လူမျိုးတို့သာ မရှိခဲ့လျှင် ဗုဒ္ဓဘာသာဝင်တို့မှာ မလေးရှား၌ မရှိသလောက်ပင် နည်းပါးနေပေလိမ့်မည်၊ မလေးရှား၌ ဗုဒ္ဓဘာသာဝင်တို့ ရှိနေကြသေးသော်လည်း မဟာ

ယာနပုဒ္ဓဘာသာဝင်တို့ကသာ များပြီး ထေရဝါဒဗုဒ္ဓဘာသာဝင်တို့မှာ နည်းကြ၏၊ တရားအားထုတ်သည့် ထေရဝါဒဗုဒ္ဓဘာသာဝင်တို့မှာ ပို၍ပင် နည်းပါလေ၏-တဲ့။

Buddhist Wisdom Centre တရားပွဲ၌ လာရောက်တရားနာယူကြသူတို့တွင် လူငယ်တို့ များစွာ ပါဝင်နေသည်ကို သတိပြုမိပါ၏၊ ထိုလူငယ်တို့မှာ ခေတ်ပညာတတ်လူငယ်တို့ချည်းဖြစ်ကြပါ၏၊ တက္ကသိုလ်ဘွဲ့ရပြီး ကျောင်းသားနှစ်ဦးကို "ဘာ့ကြောင့် ထေရဝါဒဗုဒ္ဓဘာသာဝင် ဖြစ်လာပါသလဲ"ဟု မေးကြည့်ရာ "သတိပဋ္ဌာန်တရားကို အားထုတ်ရလို့ပါပဲ"ဟု ဖြေကြပါလေ၏။

မြတ်စွာဘုရား၏ သတိပဋ္ဌာန်တရားကို မလေးရှားနိုင်ငံ၌ ၁၉၈၀-ခုနှစ် ဇူလိုင်လက ကြွရောက်ဟောကြားကာ သတိပဋ္ဌာန်မျိုးစေ့ ချပေးသွားသော မဟာစည်ဆရာတော်ကြီးနှင့် မဟာစည်ဆရာတော်ကြီး၏ တပည့်များ ဖြစ်ကြသော ရွှေတောင်ကုန်းသာသနာ့ရိပ်သာ ဆရာတော်နှင့် ဆရာတော်၏ တပည့်အရှင်မြတ်များအပြင်, ချမ်းမြေ့ရိပ်သာဆရာတော်, သဒ္ဓမ္မရံသီ သာသနာ့ရိပ်သာဆရာတော်, ပြွန်တန်ဆာ ဘီအေ အရှင်သုန္ဒရစသောဆရာတော်တို့၏ ကျေးဇူးတို့ကြောင့် မလေးရှားမှ သတိပဋ္ဌာန်သစ်ပင်သည် အကိုင်း, အခက်, အလက်တွေ ပို၍ ပို၍ ဝေဆာလာနေသည်ဟု ယူဆမိပါ၏၊ "ငါးကြင်းဆီနှင့် ငါးကြင်းကြော်"

ဆိုသည့် နည်းပမာ သူတို့မလေးရှားနိုင်ငံသား ဦးသုဇီဝ, ဦးသုဝဏ္ဏ, ဦးဝိသုဒ္ဓါစာရတို့၏ သတိပဋ္ဌာန်တရား ဟောပြော ပြသပေးမှုတို့ကား လွန်စွာအကျိုးသက်ရောက်မှု ရှိနေကြပါ၏။

စာရေးသူသည် Buddhist Wisdom Centre ၌ (၂)ည တရားဟောရမည် ဖြစ်ရာ ဒုတိယည၌ မလက္ကာမြို့သို့ သွားခဲ့သဖြင့် တရား မဟောဖြစ်ခဲ့ပါ၊ ဒုတိယညအတွက် ဟောဖို့တရားကို ရွေးချယ်စဉ်းစားခဲ့ရာ သူတို့အဖွဲ့နာမည်မှ "Buddhist Wisdom" ဟူသော စကားလုံးနှင့် ပတ်သက်၍ Buddhist Wisdom (၆)မျိုးကို ဟောဖို့ စိတ်ကူးခဲ့ပါသည်၊ သူတို့အဖွဲ့နာမည်တွင် ပါဝင်သော ထိုစကားလေးနှင့် ပတ်သက်၍ သူတို့အဖွဲ့ဝင်တို့ သိထားသင့်သည်ဟု ယူဆမိ၍ ထိုသို့ စိတ်ကူးခဲ့ပါသည်၊ ကွာလာလမ်ပူမှအပြန် လေယာဉ်ကွင်းသို့ အဖွဲ့ဥက္ကဋ္ဌ မစ္စတာကွက် လိုက်ပို့ရာ ထို Buddhist Wisdom (၆)မျိုးကို အကျဉ်းချုပ် ရှင်းပြခဲ့လေရာ 'ကွက်'က သဘောကျသွားလေ၏။

Buddhist Wisdom = ဗုဒ္ဓဘာသာပညာလို့ ခေါ်ရမယ့် သမ္မာဒိဋ္ဌိ (အမြင်မှန်)က -

(၁) ကမ္မဿကတာ သမ္မာဒိဋ္ဌိ၊

(၂) ဈာနသမ္မာဒိဋ္ဌိ၊

(၃) ဝိပဿနာ သမ္မာဒိဋ္ဌိ၊

(၄) မဂ္ဂသမ္မာဒိဋ္ဌိ၊

(၅) ဖလသမ္မာဒိဋ္ဌိ၊

(၆) ပစ္စဝေက္ခဏာသမ္မာဒိဋ္ဌိတို့ပဲ။

"ကမ္မဿကတာ သမ္မာဒိဋ္ဌိ- ဆိုတာ ကံသာလျှင် ကိုယ်ပိုင် ဥစ္စာ ရှိတယ်၊ ကောင်းမှုကုသိုလ်ကံကို ပြုရင် ကောင်းကျိုးကို ရမယ်၊ မကောင်းမှု အကုသိုလ်ကံကို ပြုရင် မကောင်းကျိုးကို ရမယ်-လို့ ယုံကြည်ယူဆတဲ့ အယူမှန်ပါပဲ၊ ဒီအယူက ကုသိုလ်အားလုံးတို့ရဲ့ အခြေခံဖြစ်တဲ့အတွက် အလွန်အရေးကြီးပါတယ်၊ ဒီအယူမှန်ရှိပါမှ အကုသိုလ်တွေကို ရှောင်ကြဉ်နိုင်တယ်၊ ကုသိုလ်တွေကို ပြုနိုင်တယ်၊ ဗုဒ္ဓသာသနာဝင် မိကောင်းဖခင်တွေရဲ့ သားသမီးများ ဖြစ်ကြတဲ့သူတွေမှာတော့ အလွန်အရေးကြီးတဲ့, အလွန်အဖိုးတန်တဲ့ ဒီအယူကို ငယ်ငယ်ကတည်းက မိဘတို့ထံမှ အမွေရလာတဲ့အတွက် အထူးကျင့်ကြံ မနေရတော့ဘူး၊ မပျောက် မပျက်အောင် စောင့်ရှောက်ဖို့သာ လိုပါတယ်။"

"ဈာန်သမာဓိနဲ့ ယှဉ်တဲ့ ဉာဏ်ဟာ ဈာနသမ္မာဒိဋ္ဌိပဲ၊ ဈာန-သမ္မာဒိဋ္ဌိကို သာသနာပကာလမှာလည်း ရနိုင်တယ်၊ ဈာန် ရထားပေမယ့် အပါယ်က မလွတ်နိုင်သေးဘူး၊ အရှင်ဒေဝဒတ်ကိုပဲ သာဓကအဖြစ် ကြည့်နိုင်ပါတယ်။"

"ဝိပဿနာ သမ္မာဒိဋ္ဌိ-ဆိုတာကတော့ ဝိပဿနာဉာဏ်ပါပဲ၊ မြင်တိုင်း, ကြားတိုင်း, တွေ့တိုင်း, သိတိုင်း ဒွါရခြောက်ပါးမှာ ထင်ရှားပေါ်လာသမျှ ရုပ်နာမ်တွေကို သူ့ပင်ကိုယ်သဘောအတိုင်း ထင်ရှားသိပြီး အနိစ္စစတဲ့ အခြင်းအရာနဲ့ အမှန်အတိုင်း ကိုယ်တိုင်သိတဲ့ ဉာဏ်ပါပဲ၊ ယခု အဖွဲ့ဝင်တွေ တရားရှုမှတ်ကြတာဟာ ဒီဝိပဿနာဉာဏ် ဖြစ်အောင်လို့ပဲ၊ ဒီဝိပဿနာပညာကို ဘုရား ပွင့်တဲ့အခါမှာသာ ရနိုင်တယ်၊ ဆင်းရဲအားလုံး ငြိမ်းတဲ့ နိဗ္ဗာန်ကို ဒီဝိပဿနာပညာရှိမှပဲ ရနိုင်တယ်၊ နိဗ္ဗာန်ရလို့ အောက်ထစ်ဆုံး သောတာပန်ဖြစ်ရင် အပါယ်က လွတ်ပြီး ဘဝအာမခံချက် ရသွားပြီ။"

"မဂ္ဂသမ္မာဒိဋ္ဌိ-ဆိုတာ မဂ်လေးပါးနဲ့ ယှဉ်တဲ့ဉာဏ်ပဲ၊ ဝိပဿနာဉာဏ်ပညာ ရင့်သန်ပြည့်စုံတဲ့အခါ မဂ်ပညာဟာ သူ့အလိုလို ဖြစ်ပေါ်လာတာပါပဲ၊ ဖလသမ္မာဒိဋ္ဌိ-ဆိုတာလည်း ဖိုလ်လေးပါးနဲ့ ယှဉ်တဲ့ ဉာဏ်ပဲ၊ မဂ်လေးပါးရဲ့ အကျိုးပါပဲ၊ မဂ် ရရင် ဖိုလ်ကို အလိုလို ရတော့တာပါပဲ၊ ပစ္စဝေက္ခဏာသမ္မာဒိဋ္ဌိ- ဆိုတာကလည်း မဂ်ဖိုလ် ရပြီးရင် ပြန်လှည့်ပြီး ဆင်ခြင်လျက် အလိုလို ဖြစ်တော့တာပါပဲ။"

"သမ္မာဒိဋ္ဌိ ခေါ် ဒီပညာ(၆)မျိုးကို အပြည့်အစုံ မပိုင်ဆိုင်နိုင်သေးရင်တောင် ဘဝအာမခံချက် ပြည့်စုံတဲ့အထိ ဝိပဿနာပညာနဲ့ ပြည့်စုံအောင် ဒီအဖွဲ့ဝင်တွေ ကိုယ်စီ ကိုယ်စီ ကြိုးစားသင့်ကြ

ပါတယ်၊ ဒါမှ သာသနာနဲ့ တွေ့ရကျိုး၊ လူဖြစ်ရကျိုး နပ်ပါလိမ့်မယ်၊ Buddhist Wisdom Centre အဖွဲ့ဝင်ဖြစ်ကြတဲ့ ပုဂ္ဂိုလ်တွေပီပီ ဗုဒ္ဓဘာသာပညာ (Buddhist Wisdom) ခေါ် သမ္မာဒိဋ္ဌိတွေနဲ့ ပြည့်စုံတဲ့ ဗုဒ္ဓဘာသာပညာရှိတွေ ဖြစ်အောင် ကြိုးစားနိုင်ကြပါစေ။"

ဥက္ကဋ္ဌ "ကွက်"က တရားစကားအဆုံး၌ လျှောက်ထားလိုက်သည်မှာ -

"တပည့်တော်တို့ ကြိုးစားကြပါမယ်ဘုရား"-တဲ့။

ဤသို့ စွမ်းနိုင်သမျှ ဟောပြပေးရခြင်းသည် မလေးရှား၌ ပေါက်ရောက်စည်ပင်နေသော သတိပဋ္ဌာန်သစ်ပင်ကို ရေလောင်းပေးခြင်းပင်တည်းဟု သဘောပိုက်ကာ ကြိုးစားရပါသည်၊ သို့မှသာ မလေးရှားမှာ ဗုဒ္ဓဘာသာပညာရှိတွေ အားကောင်းလာမည် မဟုတ်ပါလား။

# ဆရာသမားတို့၏ နည်း

"အရှင်ဘုရား. . . အခုခေတ်က တိုးတက်နေပါတယ်၊ လူတွေမှာလည်း အသိဉာဏ်တွေ တိုးတက်နေပါတယ်၊ ကမ္မဋ္ဌာန်းအားထုတ်နည်းကို ပြပေးမယ့် ဆရာတော်, သံဃာတော်တွေ မရှိလည်း အရေးမကြီးပါဘူး၊ တရားအားထုတ်နည်းကို ရေးထားတဲ့ စာအုပ်တွေ အများကြီး ရှိနေတာပဲ"-တဲ့။

မလေးရှား ပီနန်ကျွန်း M.B.M.C. ဌာန၌ တစ်လ တရားပြပေးခိုက် ဒကာမတစ်ဦးက ဤသို့ ဆိုလာပါ၏၊ ထို့ကြောင့် စာရေးသူမှာ ပြောပြဖို့ လိုလာပါ၏၊ ထိုအခါ ကျေးဇူးရှင် ရွှေတောင်ကုန်း သာသနာ့ရိပ်သာဆရာတော် မိန့်ကြားလေ့ရှိသော အောက်ပါစကားလေးတို့သည် စာရေးသူ စိတ်ထဲ၌ ပေါ်လာပါ၏၊ ထို့ကြောင့် ထိုစကားလေးတို့ကို ပြောပြလိုက်ပါ၏။

ထိုစကားလေးတို့ကား -

"ကိုယ် သွားလိုတဲ့, မရောက်ဖူးသေးတဲ့ခရီးကို သွားရာမှာ မြေပုံကို ကြည့်ပြီး သွားတာထက် အဲဒီခရီးကို ကျွမ်းကျင်တဲ့ လမ်းညွှန်ကောင်းနဲ့ သွားတာက ပိုပြီး ခရီးတွင်တယ်၊ အဲဒါလိုပဲ ကိုယ်မရောက်ဖူးသေးတဲ့ နိဗ္ဗာန်ခရီး သွားရာမှာလည်း မြေပုံနဲ့တူတဲ့ စာအုပ်ကို ကြည့်ပြီးသွားတာထက် ကျွမ်းကျင်တဲ့ လမ်းညွှန်ကောင်း (ကမ္မဋ္ဌာန်းဆရာ)နဲ့ သွားတာက ပိုပြီး ခရီးတွင်တယ်"-တဲ့။

အထက်ပါစကားလေးတို့ကို ကြားရသောအခါ ထိုဒကာမကား များစွာ သဘောကျသွားလေ၏၊ "သိပ်ကောင်းတာပဲဘုရား" ဟုလည်း မှတ်ချက်ချသွားလေ၏။

"အရှင်ဘုရား တရားဟောသွားမယ့် ဂျဟောမြို့က မေတ္တာလောချ်ဌာနမှ တရားနာပရိသတ်တွေဟာ စာဖတ်များကြပါတယ်၊ ဒါကြောင့် ပိဋကစာပေ ဗဟုသုတ ရှိကြပါတယ်၊ "ငါတို့မှာ ပိဋကစာပေအသိတွေ ရှိနေတာပဲ၊ တရားအသိတွေ ရှိနေတာပဲ၊ တရားအားထုတ်စရာ မလိုပါဘူး-လို့ သူတို့က ယူဆကြတယ်"-တဲ့။

မလေးရှားနိုင်ငံ, ဂျဟောမြို့မှ မစ္စတာလင်းက အထက်ပါအတိုင်း ပြောပြလာပါသည်၊ ထိုအခါ ကျေးဇူးရှင် ရွှေတောင်ကုန်း သာသနာ့ရိပ်သာဆရာတော် မိန့်လေ့ရှိသော အောက်ပါစကားတို့ကို သတိရလာပါသည်၊ ထို့ကြောင့် အောက်ပါအတိုင်း ပြောပြလိုက်ပါသည်။

"ဆေးပုလင်းမှာ ပါတဲ့ ဆေးစာအညွှန်းကို ဖတ်ရုံနဲ့တော့ ရောဂါ မပျောက်နိုင်သေးဘူး၊ အညွှန်းအတိုင်း ဆေးကို စားပါမှ ရောဂါ ပျောက်နိုင်ပါတယ်။"

မစ္စတာလင်းသည် ဤမျှ ရှင်းပြရုံမျှဖြင့် သဘောပေါက်ကာ သဘောကျသွားရော၏၊ "သိပ်မှန်တာပဲ ဘုရား"-ဟုလည်း ပြော သွားလေ၏။

ပီနန် M.B.M.C. တွင် စာရေးသူ အခန်းထဲသို့ ဒကာ တစ်ယောက် ဝင်လာပါသည်၊ သူသည် အချိန်ပိုင်း တရားလာ အားထုတ်သူ ဖြစ်ပါသည်၊ သူက အိမ်မှာလည်း အချိန်ရသမျှ အားထုတ်ပါသတဲ့၊ သူက သူ့တရားအတွေ့အကြုံကို ပြောပါ သည်။

"သူ့ရဲ့မျက်နှာ နေရာအနှံ့အပြား ပူမှု, အေးမှုအမျိုးမျိုးကို သိနေပါတယ်၊ လေတိုးနေတာတွေကို သိနေပါတယ်၊ ဓာတ်ကြီး (၄)ပါးကို သိနေပါတယ်"-တဲ့။

"ဩော်. . ဒကာကြီး ပြောပြနေတာတွေထဲမှာ ရှုမှတ်ပုံ မပါ ဘဲ ဖြစ်နေတယ်၊ သိတာတွေကိုပဲ ပြောနေတယ်၊ အင်း. . ဒီလို နေရာမျိုးမှာ ရွှေတောင်ကုန်းဆရာတော်က ဒီလို ပြောလေ့ရှိတာ ပဲ၊ ဆရာတော် ပြောလေ့ရှိတဲ့ စကားလေးကို ဒီနေရာမှာ ပြောဖို့ လိုနေပြီ။"

ဤသို့ အတွေးပေါ်လာပါသည်၊ ထို့ကြောင့် အောက်ပါအတိုင်း ပြောလိုက်ပါသည်။

"သင်္ချာပုစ္ဆာတစ်ခု တွက်ရာမှာ ကျောင်းသားက သင်္ချာပုစ္ဆာရဲ့ အဖြေကိုသာ ပြောရင် မပြည့်စုံ၊ မလုံလောက်သေးဘူး၊ သင်္ချာတွက်ပုံ၊ တွက်နည်းကိုလည်း ဖော်ပြပါမှသာ ပြည့်စုံတယ်၊ အခုလည်း ဒီလိုပါပဲ၊ သိပုံကိုသာ ပြောပြီး ရှုမှတ်ပုံကို မပြောရင် မပြည့်စုံသေးဘူး၊ ရှုမှတ်ပုံကိုလည်း ပြောရတယ်၊ သိပုံကိုလည်း ပြောရတယ်။"

"မှန်ပါ၊ တပည့်တော် မသိလို့ပါဘုရား၊ တပည့်တော် ကြိုးစားပါ့မယ်"ဟု လျှောက်ကာ ပြန်သွားပါလေ၏။

ကိုတာတင်ဂီမြို့မှ သန္တိသုခါရာမ တစ်လ တရားစခန်း၌ လာရောက်အားထုတ်သော ယောဂီတို့ထဲမှ တစ်ယောက်သော ယောဂီက ဤသို့ မေးလာပါ၏။

"ဘုရားဟာ အာနာပါနကို ရှုပြီး ဘုရား ဖြစ်ခဲ့တာ၊ ဖောင်း၊ ပိန် ရှုပြီး ဘုရား ဖြစ်ခဲ့တာ မဟုတ်ဘူးလို့ တပည့်တော်ရဲ့ မိတ်ဆွေတစ်ဦးက တပည့်တော်ကို လာပြောပါတယ်၊ တပည့်တော် သူ့ကို ဘယ်လို ပြန်ပြောရပါ့မလဲ"-တဲ့။

"ဘုရားအလောင်းတော်ဟာ အာနာပါန ရှုပြီး ရှေးဘဝတွေကို ပြန်အောက်မေ့နိုင်တဲ့ အသိထူးနဲ့ အလွန်သေးတဲ့အရာ၊

အဝေးမှာ ရှိတဲ့အရာ, ငရဲပြည်, နတ်ပြည်, ဗြဟ္မာ့ပြည် စတာတွေကို မြင်နိုင်တဲ့ အသိထူးတွေကို ရခဲ့ပါတယ်၊ အဲဒီ အသိထူးတွေဟာ လောကီအသိထူးတွေပါပဲ၊ အဲဒီအသိတွေ ရထားတဲ့ ဘုရားလောင်းဟာ အရိယာ မဟုတ်သေးပါဘူး၊ ပုထုဇဉ်ပဲ ရှိပါသေးတယ်၊ ဘုရားလည်း မဟုတ်သေးပါဘူး၊ ရဟန္တာလည်း မဟုတ်သေးပါဘူး၊ အဲဒီကနောက် ဘုရားလောင်းဟာ ပဋိစ္စသမုပ္ပါဒ်ကို ဆင်ခြင်တော်မူပါတယ်၊ ဆင်ခြင်တော်မူပြီးနောက် ဥပါဒါနက္ခန္ဓာ ငါးပါး (တဏှာ, ဒိဋ္ဌိတို့နဲ့ ငါ, ငါ့ဥစ္စာလို့ စွဲနိုင်တဲ့ ခန္ဓာ ငါးပါး)ရဲ့ အဖြစ်အပျက်ကို ရှုတော်မူခဲ့ပါတယ်၊ အာနာပါနရော ဖောင်းတာ, ပိန်တာရော နှစ်မျိုးလုံးဟာ ဝါယောဓာတ်တွေချည်းပဲ၊ ဝါယောဓာတ်ဟာ ဥပါဒါနက္ခန္ဓာ ငါးပါးထဲမှာ ရုပ်ဥပါဒါနက္ခန္ဓာထဲ ပါတယ်၊ ဥပါဒါနက္ခန္ဓာ ငါးပါးရဲ့ အဖြစ်အပျက်ကို ရှုပြီး ဝိပဿနာဉာဏ် အဆင့်ဆင့် တက်ကာ မဂ်လေးတန်, ဖိုလ်လေးတန် ရပြီး ဘုရား ဖြစ်တော်မူခဲ့တယ်။"

ထိုသို့ ရှင်းပြလိုက်သောအခါ ထိုယောဂီသည် ကျေနပ်အားရသွားပါလေ၏၊ ထိုယောဂီကပင် မေးခွန်းတစ်ခု ထပ်မေးပြန်ပါလေ၏။

"အာနာပါန ရှုမှတ်တာဟာ သမထလား, ဝိပဿနာလား"-တဲ့။

"မဟာစည်ဆရာတော်ကြီးက ဒါနဲ့ ပတ်သက်ပြီး မိန့်ထားတာ ရှိတယ်။"

ယောဂီသည် ဤစကားကို ကြားရသည့်အခါ စိတ်အား တက်ကြွလာကာ သေချာစွာ ရေးမှတ်သားဖို့ အသင့်ပြင်နေပါ၏၊ ဤပြဿနာသည် မလေးရှားနှင့် စင်္ကာပူတရားနယ်ပယ်၌ အတော် ကျယ်ပြန့်နေပုံရပါ၏၊ စာရေးသူက ဤသို့ ဆက်ပြီး ပြောပြပါ၏။

"ဈာန်ရသူ ဖြစ်စေ, မရသူ ဖြစ်စေ. . ထွက်သက်, ဝင်သက် မှာ ပုံသဏ္ဌာန်နိမိတ်ကို မှန်းဆ၍ ရှုလျှင် သမထသာ ဖြစ်တယ်၊ ဝိပဿနာ မဖြစ်ဘူး၊ ထွက်သက်, ဝင်သက်ရဲ့ ထိခိုက်မှု စသည် ကိုသာ ပဓာနပြုပြီး ရှုလျှင် ဝိပဿနာသာ ဖြစ်တယ်၊ သမထ မဖြစ်ဘူး။"

ထွက်သက်, ဝင်သက်တို့ရဲ့ ထိခိုက်မှုရဲ့ အဖြစ်အပျက်၊ ထိ, သိမှုရဲ့ အဖြစ်အပျက်၊ ရှုမှတ်မှုရဲ့ အဖြစ်အပျက်ကို သိရင် ဝိပဿနာပဲ။"

"ဝါယောဓာတ်ရဲ့ လက္ခဏာ, ရသ, ပစ္စုပဋ္ဌာန်တို့ကို သိရင် လည်း ဝိပဿနာပါပဲ။

ဝါယောဓာတ်ရဲ့ လက္ခဏာက- ထောက်ကန်တောင့်တင်း မှုပဲ။

ဝါယောဓာတ်ရဲ့ ရသက ယိမ်းယိုင်လှုပ်ရှား ရွေ့သွားမှုပဲ။

ဝါယောဓာတ်ရဲ့ ပစ္စုပဋ္ဌာန်က သူ လိုရာသို့ တွန်းပို့မှုပဲ။"

"ကျေးဇူးတင်လှပါတယ်ဘုရား"-ဟု လျှောက်ထားကာ ထို ယောဂီသည် ပြန်သွားပါလေ၏။

ကျေးဇူးတော်ရှင် ဆရာတော်တို့၏ နည်းတို့ကို အသုံးပြုကာ မေးခွန်းရှင်တို့၏ ဆန္ဒကို စွမ်းနိုင်သမျှ ဖြည့်ပေးရပါသည်၊ ကျေးဇူး တော်ရှင် ဆရာတို့၏ နည်းတို့ကား ကျေးဇူးများလှပါပေစွ။

## တရားနှင့် နေသူ

"မေတ္တာလော့ခ်ျ"အမည်ရှိသည့် နေရာသို့ တရားဟောပေးဖို့ မစ္စတာလင်းက လျှောက်ထားပါ၏၊ "လင်း"သည် ဂျဟောမြို့သား ဖြစ်၏၊ 'ဂျဟော"သည် မြို့၏အမည် ဖြစ်သလို ပြည်နယ်၏ အမည်လည်း ဟုတ်ပါ၏၊ ဂျဟောမြို့သား "လင်း"သည် ဗုဒ္ဓ တရားတော်ကို အထူးပင် စိတ်ဝင်စားကာ သတိပဋ္ဌာန်တရားကို နေ့စဉ် မပြတ် ရှုမှတ်နေသူတစ်ဦး ဖြစ်၏၊ "လင်း"၏ ဇနီးသည် လည်း မြန်မာနိုင်ငံ ချမ်းမြေ့ရိပ်သာသို့ လာရောက်ကာ တရား အားထုတ်ထားသူ ဖြစ်သည့်အပြင် နေ့စဉ်လည်း တရားရှုမှတ်သူ တစ်ဦး ဖြစ်လေ၏၊ သူတို့ဇနီးမောင်နှံသည် မလေးရှားနိုင်ငံမှ တရုတ်လူမျိုး ဖြစ်ပါ၏၊ သဒ္ဓါကြွယ်သလို ပစ္စည်းလည်း ကြွယ်ဝ လေ၏။

ဘာတုပါဟတ်မြို့သို့ တရားဟောသွားရာတွင် မစ္စတာလင်း တို့ဇနီးမောင်နှံသည် သူတို့ကားဖြင့် လိုက်ပို့ပေးပါ၏၊ ထိုခရီးတွင် ကားပေါ်၌ "မေတ္တာလော့ခ်ျ"မှ တရားနာပရိသတ် အနေအထား ကို မေးသဖြင့် "လင်း"က ဤသို့ ရှင်းပြလျှောက်ထားပါ၏။

"တပည့်တော်တို့ မေတ္တာလော့ချ် တရားနာပရိသတ်က တော့ ဗုဒ္ဓသာသနာဆိုင်ရာ ဗဟုသုတကို လေ့လာဆည်းပူးကြလို့ ဗဟုသုတ ရှိကြပါတယ်၊ "ငါတို့ တတ်သိနေတာပဲ၊ တရား အား ထုတ်စရာ မလိုပါဘူး-လို့ ယူဆထားသူတွေက များနေကြပါတယ်၊ မဟာယာနဗုဒ္ဓဘာသာမှ လာကြသူတွေပိုပီ အရွတ်အဖတ်ကို လည်း အားသန်ကြပါတယ်၊ တရားဟောပေးတဲ့ ဆရာတော် အမျိုးမျိုးကို ပင့်ပြီး တရားတော့ နာကြပါတယ်။"-တဲ့။

မစ္စတာလင်း၏ ရှင်းပြလျှောက်ထားချက်ကို ကြားရသော အခါ မေတ္တာလော့ချ်တရားနာပရိသတ်နှင့် ဆီလျော်မည့်, သူတို့ အားလည်း အကျိုးများစေမည့် တရားကို ရွေးချယ်စဉ်းစားရပါ၏၊ ဘာတုပါဟတ်မြို့ တရားပွဲအပြီး နောက်ရက်တွင် "မေတ္တာ လော့ချ်"၌ ဟောရမည်ဖြစ်၍ ကြိုတင်၍ စဉ်းစားရခြင်း ဖြစ်ပါ၏။

အင်္ဂုတ္တရနိကာယ်, ပဥ္စကနိပါတ်လာ ဒုတိယ ဓမ္မဝိဟာရီသုတ် ကို အခြေခံကာ ဓမ္မပဒအဋ္ဌကထာမှ မိတ်ဆွေ ရဟန်း နှစ်ပါး အကြောင်းနှင့် ပေါဋ္ဌိလမထေရ်ကြီးအကြောင်းကို ဟောဖို့ ရွေး ချယ်စဉ်းစားမိပါ၏၊ ထိုရွေးချယ်စဉ်းစားထားသည့် တရားကို "မေတ္တာလော့ချ်"၌ ဟောခဲ့ပါ၏၊ စာရေးသူက မြန်မာလို ပြော သည်ကို ဦးခင်လှိုင်က အင်္ဂလိပ်လို ပြန်၏၊ မစ္စတာလင်းက တရုတ် လို ဘာသာပြန်၏။

ထိုတရားနာပရိသတ်တွင် လူကြီး, လူလတ်, လူငယ် အစုံပါကြ၏၊ လူငယ်တို့မှာ တက္ကသိုလ်ကျောင်းသူ, ကျောင်းသားတို့ဟု သိရပါ၏၊ တရားနာပရိသတ်မှာ ငါးဆယ်, ခြောက်ဆယ်လောက်ရှိအံ့ ထင်ပါ၏၊ တရားကို အားလုံးသော ပရိသတ်တို့ ငြိမ်သက်စူးစိုက်စွာ နာကြပါ၏၊ ထိုတရားကို "တရားနှင့်နေသူ"ဟု အမည်ပေးကာ ဟောခဲ့ပါ၏၊ "ဓမ္မဝိဟာရီ-တရားနှင့် နေသူ"ဟူသော သုတ္တန်၏ အမည် ဖြစ်ပါ၏။

"တရားနှင့် နေသူ, တရားနှင့် နေသူ"ဟူ၍ ပြောဆိုနေကြသဖြင့် မြတ်စွာဘုရားအား ရဟန်းတစ်ပါးက လျှောက်ထား မေးမြန်းသောကြောင့် မြတ်စွာဘုရားက မိန့်ကြားထားသည်မှာ ဤသို့ ဖြစ်ပါ၏။

"ရဟန်း. . . ငါဘုရား ဟောကြားထားတဲ့ တရားတွေကို သင်ယူသူ, သင်ယူပြီး သူတစ်ပါးတို့အား ဟောပြောသူ, ရွတ်အံသူ, အထပ်ထပ်ကြံစည်, သုံးသပ်, စဉ်းစားသူတွေဟာ တစ်ဆင့်တက်ပြီး ဝိပဿနာပညာ, မဂ်ပညာနဲ့ အနက်အဓိပ္ပာယ်ကို မသိရင် တရားနဲ့နေသူ မဟုတ်သေးဘူး၊ သင်ယူပြီး ဝိပဿနာပညာ, မဂ်ပညာနဲ့ အနက်အဓိပ္ပာယ်ကိုလည်း သိပါမှ တရားနဲ့နေသူမည်တယ်။"

"ရဟန်း. . . အကျိုးစီးပွားကို လိုလားပြီး သနားတော်မူတဲ့ ငါဘုရားဟာ သနားမှုကို အကြောင်းပြုပြီး သင်တို့အား ဟော

သင့်တာကို ဟောပြီးပြီ၊ ရဟန်း. . . ဒီနေရာကွေက သစ်ပင်ရဲ့ အောက်အရပ်တွေပဲ၊ ဒီနေရာတွေဟာ ဆိတ်ငြိမ်တဲ့ အရပ်တွေပဲ၊ ရှုမှတ်ကြ၊ မမေ့ကြနဲ့၊ နောင်ခါမှ နောင်တ မရစေနဲ့၊ ဒီစကားဟာ သင်တို့အတွက် ငါဘုရားရဲ့ အဆုံးအမပဲ"-တဲ့။

ဤကား ဓမ္မဝါဟာရီသုတ်၏ အဓိပ္ပာယ် ဖြစ်ပါ၏။

သာဝတ္ထိမြို့သား မိတ်ဆွေရဟန်းနှစ်ပါးနှင့် အရှင်ပေါဋ္ဌိလ အကြောင်းသည် ဤဓမ္မဝိဟာရီသုတ်၏ အဓိပ္ပာယ်ကို ပို၍ ပေါ် လွင်စေသော အကြောင်းအရာများ ဖြစ်သောကြောင့် ဤသို့ ထည့်သွင်းပြောကြားခဲ့ပါ၏။

"မြတ်စွာဘုရား လက်ထက်တော်ကာလတုန်းက သာဝတ္ထိ မြို့က မိတ်ဆွေနှစ်ယောက်ဟာ မြတ်စွာဘုရားရဲ့ တရားတော်ကို နာရတာနဲ့ သဒ္ဓါတရား ဖြစ်ပြီး သာသနာတော် ဝင်ရောက်ရဟန်း ပြုကြတယ်၊ ရဟန်းပြုပြီးတော့ ဆရာသမားများထံမှာ ငါးဝါ အတွင်း ဝိနည်းသိက္ခာပုဒ်များကို သင်ကြားလေ့လာကြတယ်၊ ငါး ဝါရတဲ့အခါ သာသနာတော်မှာ လုပ်ငန်းတာဝန် ဘယ်နှစ်ပါး ရှိ ပါသလဲ-လို့ မေးပြီးတော့ ဝိပဿနာလုပ်ငန်းနဲ့ ကျမ်းဂန်သင်ကြား ပို့ချတဲ့လုပ်ငန်းဆိုတဲ့ လုပ်ငန်းနှစ်ပါး ရှိတဲ့အကြောင်း မြတ်စွာ ဘုရားထံမှ ကြားရတဲ့အခါ တစ်ပါးက အရွယ်ကြီးတဲ့အတွက် ကျမ်းဂန်သင်ကြားပို့ချတဲ့ လုပ်ငန်းကိုတော့ အားမထုတ်နိုင်ဘူး၊ ဝိပဿနာလုပ်ငန်းကိုသာ အားထုတ်ပါတော့မယ်လို့ လျှောက်

တယ်၊ အရဟတ္တဖိုလ်ပေါက် ကမ္မဋ္ဌာန်းကို မြတ်စွာဘုရားထံမှ တောင်းယူပြီးတော့ တစ်ခုသော တောကျောင်းမှာ သွားရောက်ပြီး ဝိပဿနာအလုပ်ကို အားထုတ်လို့ ပဋိသမ္ဘိဒါလေးပါးနဲ့တကွ ရဟန္တာအဖြစ်သို့ ရောက်တော်မူတယ်၊ အခြားရဟန်းကတော့ စာပေကျမ်းဂန်ကို သင်ယူပြီး ရောက်ရာရာမှာ တရားလည်း ဟောတယ်၊ ရဟန်းငါးရာကို့အား စာပေကျမ်းဂန်ကိုလည်း ပို့ချနေတယ်။"

"အဲဒီအခါမှာ တရားအားထုတ်လိုတဲ့ ရဟန်းတော်တွေ တော်တော်များများဟာ မြတ်စွာဘုရားထံက ကမ္မဋ္ဌာန်း ယူခဲ့ပြီးတော့ အဲဒီတောကျောင်းမထေရ်ထံမှာ နေကာ ဩဝါဒလည်း ခံယူပြီး အားထုတ်ကြတယ်၊ အဲဒီလို အားထုတ်လို့ ရဟန္တာ ဖြစ်ပြီးတဲ့နောက် မြတ်စွာဘုရားထံ သွားရောက်ဖူးမြော်ရန် ဆရာမထေရ်ကို ပန်ကြားကြတယ်၊ အဲဒီအခါ တောကျောင်းမထေရ်ကြီးက 'အေး. . သွားကြတာပေါ့၊ မြတ်စွာဘုရားကို ငါ့ရဲ့ကိုယ်စားလည်း ရှိခိုးကြပါ၊ မဟာသာဝကတွေကိုလည်း ရှိခိုးကြပါ၊ နောက်ပြီးတော့ အဲဒီမှာ ငါ့မိတ်ဆွေစာချဆရာတော်လည်း ရှိတယ်၊ အဲဒီမထေရ်ကိုလည်း ငါက ရှိခိုးလိုက်တဲ့အကြောင်း လျှောက်ထားကြပါ-လို့ မှာလိုက်တယ်။"

"အဲဒီရဟန်းတွေဟာ မြတ်စွာဘုရားကို ဖူးမြော်ကန်တော့ပြီးတဲ့အခါ မဟာသာဝကမထေရ်မြတ်တွေကိုလည်း ဖူးမြော်

ကန်တော့ကြတယ်၊ အဲဒီကနောက် တောကျောင်းမထေရ်ရဲ့ မိတ်ဆွေ စာချဆရာတော်ကိုလည်း ဖူးမြော်ကန်တော့ပြီး မှာလိုက်တဲ့ စကားများကိုလည်း လျှောက်ထားကြတယ်၊ အဲဒီလို တောကျောင်းမထေရ်ထံမှ တပည့်ရဟန်းတွေ လာရောက်ပြီး မှာလိုက်တဲ့အတိုင်း လျှောက်ဖန်များလာတော့ စာချမထေရ်ရဲ့ စိတ်ထဲမှာ "ဒီကိုယ်တော်ကြီးဟာ ရဟန်းပြုပြီး ငါးဝါရကတည်းက တောကျောင်းမှာ သွားနေတယ်၊ စာလည်း မသင်ဖူးဘူး၊ တပည့်တွေကတော့ များလှပါကလား၊ ငါ့ဆီ လာတဲ့အခါကျမှ ပြဿနာ မေးရဦးမှာပဲ"-လို့ အကြံအစည် ဖြစ်လာသတဲ့၊ မယုံကြည်တဲ့ သဘောပါပဲ။

"နောက်တစ်ချိန်ကျတော့ တောရကျောင်းမထေရ်က မြတ်စွာဘုရားထံ ဖူးမြော်ကန်တော့ဖို့ လာတယ်၊ မိတ်ဆွေဖြစ်တဲ့ စာချမထေရ်ထံမှာပဲ သပိတ်, သင်္ကန်းများကို ထားခဲ့ပြီးတော့ မြတ်စွာဘုရားကို ဖူးမြော်ကန်တော့တယ်၊ မဟာသာဝက မထေရ်မြတ်တွေကိုလည်း ဖူးမြော်ကန်တော့ပြီး မိတ်ဆွေမထေရ်ထံသို့ ပြန်လာတယ်၊ အဲဒီအခါ အဲဒီမိတ်ဆွေစာချမထေရ်က တောရကျောင်းမထေရ်ကို ပြဿနာမေးဖို့ အသင့်ပြင်ထားတယ်၊ အဲဒါကို မြတ်စွာဘုရားက မြင်တော်မူတဲ့အပြင် မမေးသင့်တာတွေကို မေးပြီး မရှိမသေ ပြုရင် အပြစ် ဖြစ်မှာကိုလည်း မြင်တော်မူတဲ့အတွက် အပြစ် မဖြစ်စေရန် ရည်ရွယ်တော်မူပြီး အဲဒီစာချမထေရ် နေရာသို့ ကြွလာတော်မူပါတယ်။"

"ကြွလာတော်မူပြီးတော့ မေးခွန်းပြဿနာများကို မေးတော်မူပါတယ်၊ ရှေးဦးစွာ စာချမထေရ်ကို ပထမစျာန်အကြောင်း မေးတော်မူတယ်၊ စာချမထေရ်က မဖြေနိုင်ဘူး၊ အဲဒီကနောက် ကျန်တဲ့ စျာန်သမာပတ်များကိုလည်း မေးပြီးတော့ ရုပ်နာမ်နဲ့ စပ်တဲ့ ပြဿနာကိုလည်း မေးတော်မူတယ်၊ စာချမထေရ်က မဖြေနိုင်ဘူး၊ တောရမထေရ်က အကုန်လုံး ဖြေနိုင်တယ်၊ အဲဒီကနောက် သောတာပတ္တိမဂ်နဲ့ စပ်တဲ့ ပြဿနာကို မေးတော်မူတယ်၊ စာချမထေရ်က မဖြေနိုင်ဘူး၊ တောရမထေရ်က ဖြေတယ်၊ အဲဒီအခါ မြတ်စွာဘုရားက သာဓုခေါ်တော်မူပြီးတော့ ကျန်တဲ့ အထက်မဂ်သုံးပါးနဲ့ စပ်တဲ့ ပြဿနာကိုလည်း အစဉ်အတိုင်း မေးတော်မူတယ်၊ စာချမထေရ်က မဖြေနိုင်ဘူး၊ တောရမထေရ်က မေးတိုင်း မေးတိုင်း ဖြေကြားလျှောက်ထားတယ်၊ ဖြေတိုင်း ဖြေတိုင်း မြတ်စွာဘုရားက သာဓုခေါ်တော်မူတယ်။"

"အဲဒီအခါ စာချမထေရ်ရဲ့ တပည့်တွေက တီးတိုးတီးတိုး ကဲ့ရဲ့စကား ပြောကြားကြတယ်၊ 'ဘယ့်နှယ့်လဲ၊ မြတ်စွာဘုရားက ဘာမှ စာမတတ်တဲ့ တောရမထေရ် ဖြေကြားရာမှာ (၄)ကြိမ်တိုင်တိုင် သာဓုခေါ်တယ်၊ ငါတို့ဆရာ စာချမထေရ်ကိုတော့ ချီးမွမ်းရုံတောင်မှ မပြုဘူး'-လို့ ကဲ့ရဲ့စကား ပြောကြားကြတယ်၊ အဲဒီအခါ မြတ်စွာဘုရားက ဒီလို ဟောကြားတော်မူပါတယ်။"

"အခနဲ့ နွားကျောင်းတဲ့သူဟာ နွားတွေကို မပျောက်ရအောင် ထိန်းကျောင်းပြီး နွားရှင်ထံ အရေအတွက်နဲ့ ပြန်အပ်ရတယ်၊ နွားမများမှ ထွက်ပေါ်လာတဲ့ နွားနို့အရသာများကိုတော့ ပိုင်ရှင်တွေကသာ သုံးဆောင်ကြရတယ်၊ နွားကျောင်းသားမှာတော့ ထိန်းကျောင်းခလောက်သာ ရတယ်၊ အဲဒီလိုပဲ တရားတော်တွေကို တတ်သိတဲ့ဆရာက သင်ကြားပို့ချပေးတယ်၊ ဟောပြောတယ်၊ အဲဒီလို သင်ကြားပို့ချပေးတဲ့အတွက်, ဟောပြောတဲ့အတွက် တပည့်ရဟန်းများ, ဒကာ-ဒကာမများထံမှ ဝတ်ကြီးဝတ်ငယ် ပြုမှု, ဆွမ်းစသည် ပေးလှူမှု-ဆိုတဲ့ အခလောက်သာ ရတယ်၊ နွားကျောင်းခလောက် ရတာလိုပါပဲ၊ တရားတော်ရဲ့ အရသာ ဖြစ်တဲ့ ဈာန်, ဝိပဿနာ, မဂ်ဖိုလ်တွေကိုတော့ မကျင့်ရင် မရနိုင်ဘူး၊ အဲဒီစာတတ်ပုဂ္ဂိုလ်ထံမှ နာကြားပြီး ကျင့်ကြံအားထုတ်တဲ့ ပုဂ္ဂိုလ်တွေသာ ဈာန်, ဝိပဿနာ, မဂ်ဖိုလ်ဆိုတဲ့ တရားအရသာတွေကို ခံစားကြရတယ်၊ နွားရှင်တွေက နွားနို့အရသာကို ခံစားကြရသလိုပါပဲ"-တဲ့။

ဤမိတ်ဆွေရဟန်းနှစ်ပါးအကြောင်း ပြောပြပြီးသောအခါ အရှင်ပေါဋ္ဌိလမထေရ်အကြောင်းကို ဤသို့ ပြောပြခဲ့ပါ၏။

မြတ်စွာဘုရားလက်ထက်က အရှင်ပေါဋ္ဌိလဆိုတဲ့ မထေရ်ကြီးတစ်ပါး ရှိခဲ့တယ်၊ အရှင်ပေါဋ္ဌိလက ဝိပဿီအစရှိတဲ့ ရှေးဘုရား(၆)ဆူတို့ရဲ့ လက်ထက်ကလည်း ရဟန်းပြုပြီး ပိဋကတ်

သုံးပုံကို ဆောင်ကာ ကျမ်းဂန်ကို သင်ကြားပို့ချဖူးတယ်၊ ယခု ဘုရားရှင်လက်ထက်မှာလည်း ကျမ်းဂန်ကိုသာ ပို့ချနေတယ်၊ ဘာဝနာကိုတော့ အားမထုတ်ဘူး၊ ဒါကြောင့် သတိရစေရန် အရှင်ပေါဋ္ဌိလကို တွေ့မြင်တော်မူတိုင်း မြတ်စွာဘုရားက "တုစ္ဆ ပေါဋ္ဌိလ= အချည်းနှီး ပေါဋ္ဌိလ၊ အလကား ပေါဋ္ဌိလ"လို့ ခေါ် ဝေါ် ပြောဆိုတော်မူတယ်၊ အဲဒီအခါ အရှင်ပေါဋ္ဌိလက သံဝေဂရ တယ်၊ "ငါဟာ အဌကထာနဲ့တကွ ပိဋကသုံးပုံကို ဆောင်ပြီး ရဟန်းငါးရာတို့အား မပြတ် ပို့ချတယ်၊ သို့ဖြစ်ပါလျက် ငါ့ကို 'အလကား ပေါဋ္ဌိလ'လို့ မြတ်စွာဘုရားက မိန့်ဆိုသေးတယ်၊ ငါ့ မှာ ဈာန်, ဝိပဿနာ, မဂ်ဖိုလ်တရားထူးများ မရှိလို့ ဒီလိုဆိုတာ ဖြစ်မှာပဲ'လို့ သံဝေဂရပြီး တရားအားထုတ်ဖို့ ယူဇနာ(၁၂၀) ဝေး တဲ့ အရပ်ကို ထွက်သွားတယ်၊ ရဟန္တာ(၃၀)နေတဲ့ တောကျောင်း ကို ရောက်တဲ့အခါ အကြီးဆုံး မထေရ်ထံမှာ ကမ္မဋ္ဌာန်း တောင်း တယ်၊ အဲဒီအခါ ပရိယတ်မာန် ခုခံနေမည်ကို မြင်လို့ အကြီးဆုံး မထေရ်က ကိုယ်တိုင် ကမ္မဋ္ဌာန်း မပေးဘဲ ဒုတိယမထေရ်ထံ လွှဲ လိုက်တယ်၊ အဲဒီမထေရ်ကလည်း တတိယမထေရ်ထံ လွှဲလိုက် ပြန်တယ်၊ အဲဒီလိုနည်းနဲ့ အဆင့်ဆင့် လွှဲလိုက်ရာ နောက်ဆုံးမှာ (၇)နှစ်အရွယ် ရဟန္တာသာမဏေငယ်ထံ ရောက်သွားတယ်။

"အဲဒီအခါ အရှင်ပေါဋ္ဌိလမှာ ပရိယတ်မာန် လုံးဝ မရှိတော့ လို့ သာမဏေငယ်ထံ လက်အုပ်ချီပြီး ရှိသေစွာ ကမ္မဋ္ဌာန်း

တောင်းတယ်၊ ပိဋကတ်သုံးပုံဆောင် စာချဆရာတော်ကြီး ဖြစ်ပေမယ့် 'ငါက သိနားလည်တဲ့အတိုင်းပဲ အားထုတ်တော့မယ်၊ သူတစ်ပါးထံ အောက်မကျို့တော့ပါဘူး'-လို့ သဘောမထားဘဲ ဒီလောက်ထိ တရားကို ရိုသေတာဟာ ချီးမွမ်းဖွယ်ကောင်းတယ်၊ အလွန် ရိုးဖြောင့်ပြီး နှိမ့်ချတဲ့ဂုဏ်, မာန်ကင်းတဲ့ဂုဏ်နဲ့ ပြည့်စုံတော်မူတယ်၊ ကြည်ညိုဖွယ် ကောင်းတယ်။"

"အဲဒီအခါ သာမဏေငယ်က 'အို. . အရှင်ဘုရား. . . တပည့်တော်က ငယ်လည်း ငယ်ပါသေးတယ်၊ သုတလည်း နည်းပါသေးတယ်၊ အရှင်ဘုရားတို့ထံမှ သင်ယူဖို့သာ ရှိပါတယ်'လို့ ပြောပြီး ငြင်းပယ်ပေမယ့် အရှင်ပေါဋ္ဌိလက ထပ်မံပြီး တောင်းပန်ပြန်လို့ 'ဆုံးမတဲ့အတိုင်း လိုက်နာရင် ကမ္မဋ္ဌာန်းပေးပါမယ်'လို့ သာမဏေငယ်က ဆိုတယ်၊ 'လိုက်နာပါမယ်၊ မီးထဲကို ဆင်းရမယ်လို့ ဆိုရင်လည်း ဆင်းပါမယ်'-လို့ မထေရ်ကြီးက ဝန်ခံတယ်၊ သာမဏေငယ်က စုံစမ်းလိုလို့ 'ဒီလိုဆိုရင် ဟိုရေအိုင်ထဲ ဆင်းလိုက်ပါ'လို့ ပြောကာ အနီးရှိ ရေအိုင်ထဲ ဆင်းစေတယ်၊ မထေရ်ကြီးက အဖိုးတန်သင်္ကန်းတွေကို ဝတ်ရုံမြဲအတိုင်းပဲ တစ်ခွန်းတည်းသော စကားနဲ့ ဆင်းသွားတယ်၊ သင်္ကန်းစွန်းမှာ အနည်းငယ် ရေစိုတဲ့အခါ 'ပြန်ကြွခဲ့ပါ'-လို့ ဆိုတော့ တစ်ခွန်းတည်းသော စကားနဲ့ပဲ ပြန်တက်လာတယ်၊ အဲဒီအခါ သာမဏေငယ်က ဒီလို ကမ္မဋ္ဌာန်းပေးတယ်။"

"အရှင်ဘုရား. . . တောင်ပို့တစ်ခုမှာ အပေါက်(၆)ခု ရှိပါတယ်၊ အဲဒီတောင်ပို့မှာ ဝင်, ထွက်နေတဲ့ ဖွတ်ကို ဖမ်းလိုရင် အပေါက်(၅)ခုကို ပိတ်ရပါတယ်၊ ကျန်တဲ့ အပေါက်တစ်ခုမှာ စောင့်ပြီး ဖမ်းရပါတယ်၊ အဲဒီလိုပဲ ဒွါရ(၆)ပါးမှာ အာရုံ(၆)ပါး ထင်ရင် ဒွါရ(၅)ခုကို ပိတ်ပြီး မနောဒွါရ တစ်ခုတည်းမှာသာ အလုပ်ကို လုပ်ပါ"-လို့ ကမ္မဋ္ဌာန်း ပေးတယ်။"

"အဲဒီအခါ အရှင်ပေါဋ္ဌိလဟာ အဋ္ဌကထာနဲ့တကွ ပိဋကတ်သုံးပုံဆောင် ပုဂ္ဂိုလ်ပီပီ ဒီလောက်ကမ္မဋ္ဌာန်းနည်းကို ကြားရတဲ့အခါ မှောင်ထဲမှာ မီးထွန်းလိုက်သလို ထင်ထင်ရှားရှား နားလည်သွားတယ်၊ အဲဒီနည်းအတိုင်း အားထုတ်နေတဲ့အခါ မြတ်စွာဘုရားက ယူဇနာ(၁၂၀)ဝေးတဲ့ အရပ်က ရောင်ခြည်တော် လွှတ်ပြီး ကိုယ်တော်ကို ထင်ရှားပြကာ "ဘာဝနာ အားထုတ်မှ ဉာဏ်ပညာ ဖြစ်တယ်၊ မထုတ်ရင် မဖြစ်ဘူး၊ ဉာဏ်ပညာဖြစ်အောင် ဘာဝနာ အားထုတ်ပါ"-လို့ ဟောကြားပြီး အားပေးတယ်၊ အရှင်ပေါဋ္ဌိလဟာ ရဟန္တာ ဖြစ်သွားပါတယ်။"

"မိမိတို့တစ်တွေဟာ န္တွားကျောင်းသားနဲ့ တူသူ, အလကားလူလို့ အခေါ်မခံရလေအောင် ဘာဝနာအလုပ်ကို အားထုတ်ကြရပါမယ်၊ ဒါမှသာ တရားနဲ့ နေသူလည်း မည်နိုင်ပါတယ်။"

ဤတရားကို နာပြီး သန္တိသုခါရာမတရားစခန်းသို့ လာရောက်ကာ တရားအားထုတ်သူတို့ ရှိလာသဖြင့် ဟောရကျိုး နပ်ပေပြီ-ဟု တွေးကာ တရားရှုမှတ်နေသည့် မေတ္တာလော့ချ် တရားနာ ပရိသတ် ယောဂီတို့ကို ကြည့်ပြီး ကြည်နူးနေမိပါ၏၊ 'ဂျဟောမြို့' မှ ဤသို့ မလာစဖူး အလာထူးကာ တရားအားထုတ်ကြသည်ကို ကြည့်ကာ တရားစခန်း ဝေယျာဝစ္စ ဆောင်ရွက်သူတို့က အံ့သြပြီး အားရဝမ်းသာနေကြလေ၏။

သာဗဏေကျော်

# စင်ကာပူ မလေးရှား တရားပန်းပွင့်များ

သာမဏေကျော်



- သာမဏေကျော်သည် ဓမ္မစာပန်းခင်းမှာ အရောင်အသွေးစုံပြီး ရနံ့သင်းသည့် ဓမ္မပန်းတွေ မပြတ်မလပ် ဖူးပွင့်စေခဲ့ပါသည်။
- ယခုလည်း သာမဏေကျော်၏ ဓမ္မပန်းတစ်ပွင့် ငွားငွားစွင့်စွင့် ဖူးပွင့်လာပြန်ပါပြီ။
- ဤစာအုပ်တွင် သာမဏေကျော် အရှင် စင်ကာပူနှင့် မလေးရှ… နိုင်ငံများသို့ ဓမ္မဒူတခရီးကြွရောက်စဉ်က ကြုံတွေ့ခဲ့ရသည့် အတွေ့အကြုံများကို အရှိုးခံအတိုင်း ရှင်းရှင်းလင်းလင်း ရေး… တင်ပြထားပါသည်။

ဉာဏ်ဦးမောင်